# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၁၁]


**ဖတ်မှတ်လေ့လာခြင်းအကျိုး**

* ဖတ်မှတ်လေ့လာခြင်းတွင် ကောင်းစွာအားထုတ်သောသူသည် ဗဟုသုတအကြားအမြင် ပြည့်စုံတိုးတက်နိုင်၏။
* ဗဟုသုတအကြားအမြင်ဖြင့် အကြောင်းအကျိုးကို သိ၏။
* သိအပ်သော အနက်အဓိပ္ပာယ်သည် ချမ်းသာကို ဆောင်၏။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

"မြန်မာ-အမေရိကန် ဆက်ဆံရေးတိုးမြှင့်နိုင်ရန် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေး"

စာမျက်နှာ-၃





ညောင်တုန်းမြို့နယ် မဲဇလီရွာမကျေးရွာအနီး တည်ဆောက်လျက်ရှိသော မဲဇလီ (၂)ရေထိန်းတံခါး တည်ဆောက်နေမှုကို တွေ့ရစဉ်။ (ဧရာဝတီတိုင်းဒေသကြီးတွင် တာတမံများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် နယ်သာလန်နည်းပညာသုံး တာတမံများ၏ မြေသားအရည်အသွေးစစ်ဆေးနိုင်သည့်ကိရိယာ (Prikstok) ၁၅၀ ကို နယ်သာလန်နိုင်ငံမှ ဇန်နဝါရီ ၁၈ ရက်က ပေးအပ်လှူဒါန်းပြီး သရုပ်ပြမှုများ ပြုလုပ်ခဲ့ကြသည်။) ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ၂၀၁၂ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် ကန်ဒေါ်လာ သန်း ၅၀၀ ကျော်ထောက်ပံ့ခဲ့ဟု အန်တိုနီဘလင်ကန် ဆို

သတင်း-သုတ

နေပြည်တော် ဇန်နဝါရီ ၁၈

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အန်တိုနီဘလင်ကန်သည် ဇန်နဝါရီ ၁၈ ရက်တွင် နေပြည်တော်သို့ ရောက်ရှိစဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့နှင့်တွေ့ဆုံကာ ရွေးကောက်ပွဲအလွန်ကာလ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေ၊ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်သော ပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖

**နိုင်ငံတကာ**

### အရှေ့အလယ်ပိုင်းဒေသတွင် တည်ငြိမ်မှုရရှိစေရေး တရုတ်မျှော်လင့်

စာမျက်နှာ ❖ ၄

**ပြည်တွင်း**

### ရေကန်အတွင်းကျနေသည့် တောဆင်ရိုင်းငယ်များအား ဝိုင်းဝန်းကယ်တင်

စာမျက်နှာ ❖ ၁၃

**ပြည်တွင်း**

### စက်သုံးဆီဈေးနှုန်းများ ယနေ့မှစတင်၍ လျှော့ချမည်

စာမျက်နှာ ❖ ၁၄




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကလေးတွေ စာဖတ်အောင်ဘယ်လိုလုပ်မလဲ

"အလိမ္မာ စာမှာရှိ" ဆိုသည့် စကားအတိုင်း လိမ္မာယဉ်ကျေးပြီး လူတော်လူကောင်းများဖြစ်လာရန် ကလေးအရွယ်ကစ၍ စာဖတ်အားကောင်းဖို့ လိုအပ်ပါသည်။ ကလေးဘဝတွင် စာဖတ်အားကောင်းသူများသည် မိဘများဆိုဆုံးမရလွယ်ကူပြီး လူလားမြောက်၍ အရွယ်ရောက်လာသည့်အခါတွင်လည်း စာပေဗဟုသုတအကြားအမြင်များတိုးပွားလာသည့်အလျောက် လူတော်လူကောင်းများဖြစ်တတ်ကြပါသည်။

သို့သော် ယနေ့ခေတ်ကလေးအများစုမှာ စာဖတ်အားအလွန်ပင် အားနည်းသွားပြီဖြစ်ကြောင်း စာပေပညာရှင်များနှင့် စာအုပ်ထုတ်ဝေသူများက ဝေဖန်သုံးသပ်ပြောကြားလျက်ရှိပါသည်။ မှန်ပါသည်။ ကလေးအများစုမှာ စာမဖတ်ကြတော့ပါ။ မိုဘိုင်းဖုန်း၊ ဂိမ်း၊ ဗီဒီယိုစသော အီလက်ထရောနစ်ပစ္စည်းများနှင့် အချိန်ကုန်လျက်ရှိပါသည်။ ကျောင်းသား ကျောင်းသူအများစုမှာ ကျောင်းစာ၊ အိမ်စာများနှင့် ပိတ်မိနေပြီး ရသည့်အချိန်တွင်လည်း စာဖတ်ခြင်းမရှိတော့ဘဲ အီလက်ထရောနစ်ပစ္စည်းများနှင့်သာ အချိန်ကုန်ဆုံးလျက်ရှိပါသည်။ ကလေးများ စာဖတ်အားနည်းလာခြင်းသည် ဆုတ်ယုတ်မှုတစ်ရပ်ဖြစ်ပါသည်။ နောင်သောအခါ ပညာတတ်ပေါများသော်လည်း အသိဉာဏ်နှင့် ဆင်ခြင်တုံတရားရှိသူများ လျော့ပါးသွားနိုင်ပါသည်။ သို့အတွက် ငယ်စဉ်တောင်ကျေးကလေးဘဝမှ အစပြုကာ ကလေးများစာဖတ်အောင် အလေ့အကျင့်များ ပြုစုပျိုးထောင်ပေးရန် လိုအပ်လာပြီ ဖြစ်ပါသည်။

ကလေးများအား စာဖတ်အောင်ဆွဲဆောင်သွားရန် လိုအပ်ပါသည်။ ကလေးစာပေဝါသနာထုံမှုကို အစပြုပေးဖို့ လိုပါသည်။ ကလေးအများစုမှာ ကာတွန်း၊ ဟာသ၊ ပုံပြင်၊ ကဗျာတို့ကို စိတ်ဝင်စားစွာ ဖတ်လေ့ရှိပါသည်။ ဤသည်ကို ကလေးစာပေဟုလည်း ခေါ်ဆိုကြပါသည်။ ကလေးများစာဖတ်အောင် ကလေးစာပေနှင့်သာ အစပျိုးရမည်ဖြစ်ပါသည်။ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ဝတ္ထုရှည်၊ ဆောင်းပါးတို့ဖြင့် စာဖတ်ခြင်း အလေ့အထကို ပြုစုပျိုးထောင်သွားရန် မလွယ်ကူလှပါ။

ကလေးစာပေ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ကလေးစာဖတ်နှုန်းမြင့်မားရေးသည် ဆက်စပ်လျက်ရှိပါသည်။ ကလေးများ စာဖတ်ရေးမှာ မိဘနှင့် ဆရာတို့သည် အဓိကတာဝန်ရှိသူများဖြစ်ပါသည်။ စာပေဒါနပြုလိုသူများက ကျောင်းစာသင်ခန်းများတွင် ကလေးစာပေများ များများလှူဒါန်းပေးဖို့လိုပါသည်။ ကလေးတစ်ဦးတစ်ပတ် စာစောင်တစ်စောင် အနည်းဆုံးဖတ်ရှုနိုင်အောင် စီစဉ်ပေးနိုင်လျှင် ပိုကောင်းပါသည်။ ကျောင်းစာကြည့်တိုက်များအတွင်းထားရှိခြင်းထက် စာစောင်များအပိုင်ပေးနိုင်လျှင် စာဖတ်ဖြစ်ဖို့ပိုများပါသည်။ သို့ဖြစ်၍ မိဘ၊ ဆရာနှင့် စေတနာရှင်ပြည်သူများ၊ စာပေပညာရှင်များပူးပေါင်းကာ ကလေးများစာဖတ်ရှုနိုင်မြှင့်တင်ရေးအစီအမံများ ချမှတ်လျက် စာဖတ်ခြင်းမျိုးစေ့ချ ရေလောင်းပေါင်းသင် မြေတောင်မြှောက်ပေးရန် လိုအပ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ |
| | | Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

# လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၈

**၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### နယ်သာလန်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ နယ်သာလန်နိုင်ငံဘုရင် ဝီလီယံအလက်ဇန္ဒြားအာရ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် မြန်မာနိုင်ငံပြည်သူများထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကျန်းမာချမ်းသာပါစေကြောင်း ဖော်ပြထားပါသည်။

### စပိန်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ စပိန်နိုင်ငံ ဘုရင်မင်းမြတ် ဖီလစ်ပီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် စပိန်နိုင်ငံအစိုးရနှင့် စပိန်ပြည်သူ ပြည်သားများမှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ စပိန်ပြည်သူ ပြည်သားများ၏ မိတ်ဆွေဖြစ်သော မြန်မာပြည်သူပြည်သားများ အေးချမ်းသာယာ၍ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုမွန်ကောင်းများ ထပ်လောင်းပို့သအပ်ပါကြောင်း ဖော်ပြထားပါသည်။

### ဆားဘီးယားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဆားဘီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ တိုနီစလပ်နီကိုလစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် ဆားဘီးယားနိုင်ငံ၏ နယ်မြေတည်တံ့ခိုင်မာရေးနှင့် အချုပ်အခြာအာဏာတည်မြဲရေးကို ကာကွယ်ရန် ကြိုးပမ်းမှုများအပေါ် မြန်မာနိုင်ငံသည် ဆားဘီးယားနိုင်ငံဘက်မှ ခိုင်မာစွာရပ်တည်ပေးခဲ့သည့်အတွက် ဆားဘီးယားပြည်သူများမှ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြထားပါသည်။

### ရုရှားဖက်ဒရေးရှင်းနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် နှစ်နိုင်ငံအကြား အပြုသဘောဆောင်သည့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ဆက်လက်ဖွံ့ဖြိုးမှုသည် နှစ်နိုင်ငံပြည်သူများ၏ အဓိကအကျိုးစီးပွားများကို တိုးတက်စေမည်ဖြစ်သည့်အပြင် အာရှ-ပစိဖိတ်ဒေသတွင် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆက်လက်ခိုင်မာစေရန်လည်း အထောက်အကူပြုမည်ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

### ဘရူနိုင်းဒါရုဆလမ်နိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် မစ္စတာ ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယားက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါ သဝဏ်လွှာတွင် လွန်ခဲ့သောနှစ်များအတွင်း နှစ်နိုင်ငံမိတ်ဖက်များအဖြစ်သာမက အာဆီယံအဖွဲ့အတွင်း အတူတကွဆောင်ရွက်ခြင်းမှတစ်ဆင့် ချစ်ကြည်သောဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ခိုင်မြဲလာအောင် ကြိုးပမ်းခဲ့သည့် အဆွေတော်၏ အားထုတ်မှုအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း ဖော်ပြထားပါသည်။

### ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် မစ္စတာ နိုရိုဒွန်သီဟာ မိုနီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် ယမန်နှစ်အတွင်းက ကျွန်ုပ်တို့ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးမှာ ခိုင်မာတိုးတက်လာသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်မိပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမှာလည်း ရှေ့လာမည့်နှစ်များတွင် ပိုမိုကျယ်ပြန့်လာလိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း ဖော်ပြထားပါသည်။

# လယ်ယာမြေများအတွန့်ရှည်ရေး ဝိုင်းဝန်းထိန်းသိမ်းပေးရန်လို


ထင်သာမြင်သာ ပြုပြင်စရာ

ပဲခူးတိုင်းဒေသကြီး ပိန်းဇလုပ်မြို့ မြို့မ(၁)ရပ်ကွက် ကျွန်းကုန်းရွာကွင်း၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးတစ်လျှောက် ကျွန်းကုန်းလမ်းဆုံနှင့် ပိန်းဇလုပ်တာဆုံကြား ကားလမ်းနံဘေးဝဲယာရှိ လယ်ယာမြေများကို တောင်သူအချို့ထံမှ မြေယာလုပ်ငန်းရှင်များကဝယ်ယူကာ လယ်ယာစိုက်ပျိုးရေးမလုပ်ဘဲ အကွက်ရိုက်ပြီး ပြန်လည်ရောင်းချခြင်းတို့ကြောင့် စပါးခင်းများ လျော့နည်းသွားနိုင်ကြောင်း ဒေသခံပြည်သူများ ပြောဆိုနေကြသည်။ "ပြည်သူလူထုအကျိုးအတွက် လယ်ယာမြေ ဥပဒေအခန်း(၄)၊ ပုဒ်မ-၁၂၊ ပုဒ်မခွဲ(ဆ)မှာ "လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်း သုံးစွဲခြင်းမပြုရ" လို့ ဥပဒေက ပြဋ္ဌာန်းထားတာကို လိုက်နာမှုမရှိတဲ့အတွက် တစ်နေ့တခြား စိုက်ပျိုးမြေဧကတွေ လျော့နည်းလာနိုင်တယ်။ လယ်ယာမြေတွေအပေါ် သက်ဆိုင်ရာတာဝန်ရှိသူတွေက ပြန်လည်စိစစ်သင့်သလို တောင်သူများအနေနဲ့လည်း ဝိုင်းဝန်းထိန်းသိမ်းဖို့ လိုအပ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၈-၁-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၇၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၀၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၅၀ / ၆၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၅၀ / ၆၀၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၂၀ / ၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၇၀ / ၇၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀ / ၈၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၇၀ / ၇၀၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ-စုစည်းသည်။

၁၁-၁-၂၀၁၆ မှ ၁၅-၁-၂၀၁၆ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၄၉၀ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၃၇၃ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ သိုလှောင်စရိတ်၊ သယ်ပို့ စရိတ်နှင့် ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# မြန်မာ-အမေရိကန် ဆက်ဆံရေး တိုးမြှင့်နိုင်ရန် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် ရွေးကောက်ပွဲလွန်ကာလ တည်ငြိမ်အေးချမ်းရေးနှင့် အစိုးရအဖွဲ့ လုပ်ငန်းတာဝန်များ စနစ်တကျလွှဲပြောင်းပေးရေး ဆောင်ရွက်နေမှုများ၊ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးမှုတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လက်ထက်တွင် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှု၊ ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်မှုနှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်မှုများအပေါ် အမေရိကန်ပြည်ထောင်စုက အသိအမှတ်ပြု ချီးကျူးကြောင်း ပြောကြားခဲ့ပြီး အနာဂတ်ကာလတွင်လည်း မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာ အန်တိုနီ ဘလင်ကန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

## ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ကော်မတီအတွင်းရေးမှူး ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ပြည်ပအထောက်အပံ့များနှင့် ပတ်သက်၍ တရုတ်နိုင်ငံက လှူန်းဒါန်းမည့် မော်ကျူလာဟောက်စများကို ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့၌ တည်ဆောက်ရေးသင်တန်းပေးမည့်အခြေအနေများ၊ ပို့ဆောင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး UNDP မှ Information Management Officer and Data Analysis ကျွမ်းကျင်သူ Mr. Sean Ng က Recover Plan နှင့် ပတ်သက်သည့်အချက်အလက်များ စုဆောင်းမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အမျိုးသားအဆင့်နှင့် ဒေသအဆင့်အလိုက် ဘတ်ဂျက်ရေးဆွဲခြင်း၊ လျာထားခြင်း၊ ဒေသအလိုက်ညီမျှမှုရရှိရေး၊ ပျက်စီးဆုံးရှုံးမှုများ၊ သဘာဝဘေးကြုံတွေ့သူများ ကိုယ်တိုင် ပြန်လည်ထူထောင်နိုင်မှု အခြေအနေများ၊ ဆက်သွယ်ရေး အခြေအနေတို့ကို သုံးသပ်ဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်သူများထဲမှ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာဇော်ဦးကလည်း ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး စီမံထားရှိမှု အခြေအနေနှင့် လက်စွဲစာအုပ်ကို ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ထွက်ရှိနိုင်အောင် ဆောင်ရွက်ထားပြီး အစိုးရသစ်သို့ လွှဲပြောင်းနိုင်မှု အခြေအနေများကို လည်းကောင်း၊ ဌာနအလိုက် ပူးပေါင်းဆောင်ရွက်မည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက လည်းကောင်း ကဏ္ဍအလိုက် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



## ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇၊ ၈၊ ၉၊ ၁၀ နှင့် ၁၁ တို့ကို ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သည့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇ ( ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ)၊ ဥပဒေအမှတ် ၈ (အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ)၊ ဥပဒေအမှတ် ၉ (တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ)၊ ဥပဒေအမှတ် ၁၀ (ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ)နှင့် ဥပဒေအမှတ် ၁၁ (အထူးကုန်စည်ခွန်ဥပဒေ)တို့ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါဥပဒေများကို ဇန်နဝါရီ ၂၀ ရက်မှစတင်၍ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဆက်လက်အအေးပိုနေမည်။ **(မိုး/ဇလ)**

❒ *ကျောဖုံးမှ*

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးနှင့် မြန်မာ့မီးရထားမှ ဝန်ထမ်းများက တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ပြေးဆွဲပေးသွားမည့် ရန်ကုန်-မန္တလေးလမ်း (အမှတ် ၅ အဆန်)သည် ရန်ကုန်ဘူတာကြီးမှ ညနေ ၃ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာများ၌ ကြားဘူတာခရီးစဉ်များအဖြစ် ရပ်တန့်ပေးသွားမည်ဖြစ်ကာ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၅ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်ရထားတွင်ရိုးရိုးတန်း ကိုးတွဲ၊ အထက်တန်း သုံးတွဲ၊ ဘရိတ်တွဲ တစ်တွဲပါဝင်ကာ ခရီးသည် ၇၂၉ ဦးလိုက်ပါစီးနင်းနိုင်မည်ဖြစ်ပြီး ရထားစီးခရီးသည်များအတွက် လက်မှတ်နှုန်းထားကို ရိုးရိုးတန်းထိုင်ခုံအတွက် ငွေကျပ် ၄၆၅၀၊ အထက်တန်းထိုင်ခုံအတွက် ငွေကျပ် ၉၃၀၀ သတ်မှတ်ထားကာ ယခုပြေးဆွဲသော ရထားတွဲဆိုင်းအတွင်း အထက်တန်းထိုင်ခုံ၌ ခရီးသည် ၆၀၊ ရိုးရိုးတန်းထိုင်ခုံ၌ ခရီးသည် ၂၉၅ ဦး လိုက်ပါစီးနင်းခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ လက်ထောက်အထွေထွေမန်နေဂျာ(ပို့ဆောင်ရေး) ဦးကျော်စိုးလင်းက "ဒီနေ့ ပြေးဆွဲတဲ့ရထားမှာ ခေတ်မီလေအိတ်စနစ် ပါဝင်ပါတယ်။ ရထားတွဲတစ်တွဲကို အမေရိကန်ဒေါ်လာ လေးသိန်းကျပါတယ်။ တွဲတိုင်းမှာလည်း ကြော်ငြာကပ်ထားပါတယ်။ ဒါမှ ရထားစီးခရီးသည်တွေ တန်ဖိုးသိပြီး စည်းကမ်းတကျအသုံးပြုကြမှာပါ။ အဓိကကတော့ လေအိတ်ပါဝင်တဲ့တွဲဆိုင်းဖြစ်တဲ့အတွက် ခရီးသည်တွေ သက်သောင့်သက်သာ စီးနင်းနိုင်ကြမှာပါ။ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာ့မီးရထားက သယ်ယူပို့ဆောင်ရေးကဏ္ဍကို အဆင့်မြှင့်တင်လိုက်တဲ့သဘောပါ။ လက်မှတ်ခနှုန်းထားကလည်း အရင်ဈေးနှုန်းပါပဲ၊ ရန်ကုန်ဘက်ရော မန္တလေးဘက်ရော နှစ်ဖက်စလုံးကို တွဲဆိုင်းအသစ်တွေနဲ့ အစားထိုးပြေးဆွဲပေးလိုက်တာပါ။ ယခင်မူလပြေးဆွဲခဲ့တဲ့ရထားတွဲတွေကိုတော့ မြစ်ကြီးနားလမ်းပိုင်းနဲ့ မော်လမြိုင်လမ်းပိုင်းတို့ဖြစ်တဲ့ လိုအပ်တဲ့နေရာတွေမှာ အစားထိုး ပြေးဆွဲပေးသွားပါမယ်" ဟု ရှင်းပြသည်။

ရထားစီးခရီးသည် တစ်ဦးဖြစ်သော မန္တလေးမြို့မှ ကိုသန်းထွန်းက "သစ်လုပ်ငန်းမှာ အလုပ်လုပ်ပါတယ်။ ရန်ကုန်ကို မနေ့က လာတာပါ။ ဒီနေ့ ချက်ချင်းပြန်တယ်ဆိုတာကလည်း ဆင်တွေအတွက် ကာကွယ်ဆေးလာထုတ်တာပါ။ အခုလို ရထားတွဲဆိုင်းအသစ် ပြေးဆွဲလိုက်တာ အပြင်အဆင် ကောင်းပါတယ်။ အရသာကတော့ စီးမှပဲ သိရမှာပါ။ လက်မှတ်ခနှုန်းထားကို အရင်ဈေးနှုန်းအတိုင်း ယူပေးတယ်ဆိုတော့ မြန်မာ့မီးရထားကို အလွန်ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပထမအသုတ်အနေဖြင့် ရထားတွဲ ၁၈ တွဲ၊ ယခုနှစ်ဇန်နဝါရီ လဆန်းပိုင်းက ဒုတိယအသုတ်အနေဖြင့် ရထားတွဲ ၁၀ တွဲ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း၊ ယင်းရထားတွဲများကို ရန်ကုန်-မန္တလေးလမ်း (အမှတ်-၅ အဆန်)နှင့် မန္တလေး-ရန်ကုန်(အမှတ်-၆အစုန်) အမြန်ရထားတွဲဆိုင်းများ၌ အစားထိုးပြေးဆွဲပေးလိုက်ခြင်း ဖြစ်ကြောင်းနှင့် လက်ရှိ ရန်ကုန်-မန္တလေးလမ်းပိုင်းကို နေ့စဉ် နံနက် ၁၁ နာရီ(အမှတ်-၉ အဆန်)၊ ညနေ ၃ နာရီ(အမှတ်-၅အဆန်)နှင့် ညနေ ၅ နာရီ (အမှတ်-၃အဆန်)တို့ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

# အီရန်မှ ထွက်ခွာလာသော ကန်အကျဉ်းသားသုံးဦး ဂျာမနီသို့ရောက်ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက တီဟီရန်အနေဖြင့် နျူကလီးယားဗုံးလုပ်ရန်ကြိုးစားမှုကို လက်လျှော့ရမည်ဟု ပြောကြားခဲ့ပြီးနောက် သဘောတူညီချက်အရ အီရန်ကို နိုင်ငံတကာပိတ်ဆို့မှု အများစုရုပ်သိမ်းခဲ့ပြီးနောက် ဇန်နဝါရီ ၁၇ ရက်တွင် အကျဉ်းသားလဲလှယ်ရေးအစီအစဉ်အရ တီဟီရန်အကျဉ်းစခန်း တစ်ခုမှ ထွက်ခွာလာသော အီရန်နွယ်ဖွား အမေရိကန်သုံးဦး ဂျာမနီသို့ ရောက်ရှိလာသည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကုလသမဂ္ဂပိတ်ပင်မှုကို ချိုးဖောက်ကာ တိုက်ချင်းပစ် ဒုံးပျံစမ်းသပ်ခဲ့သဖြင့် အီရန်နိုင်ငံအား အမေရိကန်က ကုမ္ပဏီ ၁၁ ခုနှင့် လူပုဂ္ဂိုလ်များအား အရေးယူပိတ်ဆို့မှုများ ထပ်မံ ပြုလုပ်ခဲ့သည်။

အမေရိကန်နိုင်ငံ အကျဉ်းသား ငါးဦးကို လွှတ်ပေးရန်အတိုက်အခံဆွေးနွေးမှုများပြုလုပ်နေစဉ် အိုဘားမားအစိုးရအနေဖြင့် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေခဲ့သည်။ အမေရိကန်အကျဉ်းသားများ အီရန်မှထွက်လာပြီးနောက် အမေရိကန်သမ္မတ အိုဘားမားက အီရန်တို့ နျူကလီးယားဗုံးပြုလုပ်တော့မည်မဟုတ်ကြောင်း၊ ကမ္ဘာကြီး ပိုမိုလုံခြုံမှုရှိလာမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဝါရှင်တန်ပို့စ် တီဟီရန်သတင်းဗျူရိုအကြီးအကဲ ဂျေဆင်ရီဇိုင်ယန်၊ အိုင်ဒါဟိုမှ ဘာသာရေးဆရာ ဆေအိအဘေဒီနီ၊ မီချီဂန်ပြည်နယ် ဖလင့်မြို့သား အမေရိကန်မရိန်းတပ်ဖွဲ့ဝင်ဟောင်း အမီယာဟတ်မာတီတို့အပါအဝင် အချို့မိသားစုဝင်များ လိုက်ပါလျက် ဆွစ်လေယာဉ်တစ်စင်းသည် တီဟီရန်မှ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာသို့ ထွက်ခွာလာခဲ့ကြောင်း၊ ယင်းမှဆက်လက်၍ ဂျာမနီရှိ အမေရိကန်စစ်အခြေစိုက်စခန်းသို့ထွက်ခွာခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးရုံးမှ ကြေညာချက်တွင် ဖော်ပြသည်။ **(ရိုက်တာ)**




**အကျဉ်းသားဖလှယ်ရေးအစီအစဉ်အရ တီဟီရန်မှထွက်ခွာလာသော အီရန်နွယ်ဖွား အမေရိကန်သုံးဦးကို သယ်ဆောင်လာသည့် လေယာဉ်အား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာလေဆိပ်၌ ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။**

# အရှေ့အလယ်ပိုင်းဒေသတွင် တည်ငြိမ်မှုရရှိစေရေး တရုတ်မျှော်လင့်

**ပေကျင်း ဇန်နဝါရီ ၁၈**

တရုတ်သမ္မတရှီကျင့်ဖျင်သည် အရှေ့အလယ်ပိုင်းဒေသတွင် တည်ငြိမ်မှု ပြန်လည်ထူထောင်ရာတွင် ကူညီမှုပြုရန် ရည်ရွယ်၍ ယခုသီတင်းပတ်အတွင်း ဆော်ဒီအာရေဗျနှင့် အီရန်သို့ သွားရောက်ရန် စီစဉ်ခဲ့ကြောင်း တရုတ်အကြီးတန်းသံတမန်အဖွဲ့ဝင် တစ်ဦးက တနင်္လာနေ့တွင် ပြောသည်။

ဇန်နဝါရီ ၂ ရက်က ထင်ရှားသည့် ရှီးယိုက်ဗလီဆရာ နီမာအယ်နီမာ သတ်ဖြတ်ခံရပြီးနောက် ဆွန်နီမူဆလင်များကြီးစိုးသည့် ဆော်ဒီအာရေဗျနှင့် ရှီးယိုက်မူဆလင် အများစုနေထိုင်သည့် အီရန်နိုင်ငံတို့အကြား တင်းမာမှုများမြင့်တက်ခဲ့သည်။

သမ္မတ ရှီကျင့်ဖျင်သည် အရှေ့အလယ်ပိုင်းသို့ သွားရောက်စဉ်အတွင်း တရုတ်နိုင်ငံ၏ အမြင်နှင့်အဆိုပြုချက်များကို ဖော်ပြသွားမည်ဖြစ်သည်။



**ဇန်နဝါရီ ၁၆ ရက်က ကျင်းပသည့် အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံရေး ဘဏ်ဖွင့်ပွဲအခမ်းအနားတွင် တရုတ်သမ္မတရှီကျင့်ဖျင်အား တွေ့ရစဉ်။**

၄င်းသည် အင်္ဂါနေ့တွင် ၄င်း၏ခရီးစဉ်ကို စတင်မည်ဖြစ်ပြီး ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် အီရန်နိုင်ငံတို့သို့ သွားရောက်မည်ဖြစ်သည်။

ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် အီရန်နိုင်ငံတို့သည် တရုတ်နိုင်ငံ၏ ဒေသတွင်း အကောင်းဆုံးမိတ်ဖက်နိုင်ငံများဖြစ်ကြပြီး တရုတ်နိုင်ငံအနေဖြင့် ဤသုံးနိုင်ငံလုံးသည် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ရရှိအောင် ကြိုးပမ်းရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရန်မျှော်လင့်ထားသည်။

အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းမှုမရှိပါက ကမ္ဘာကြီး ငြိမ်းချမ်းမှုမရှိမည်ကို စိုးရိမ်ကြောင်း တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

နိုဝင်ဘာလအတွင်းက အရှေ့အလယ်ပိုင်းဒေသတွင် ဖမ်းဆီးထားသော တရုတ်လူမျိုးဓားစာခံများကို သတ်ဖြတ်ခဲ့ကြောင်း အိုင်အက်(စ်)တို့က ပြောသည်။

တရုတ်နှင့်အရှေ့အလယ်ပိုင်းရှိ နိုင်ငံများသည် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကို ခံနေရပြီး အကြမ်းဖက်မှုကို တိုက်ဖျက်ရာတွင် အတူတကွ ဆောင်ရွက်ရန် အရေးကြီးကြောင်း တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။ **(ရိုက်တာ/ဆင်ဟွာ)**

# အိုင်အက်စ်အဖွဲ့ဝင် ဆီးရီးယားနိုင်ငံသား ၁၀ ဦးကို အစ္စတန်ဘူလ်ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ဖမ်းဆီး

**အန်ကာရာ ဇန်နဝါရီ ၁၈**

တူရကီအစိုးရ ရှေ့နေများက အိုင်အက်စ်စစ်သွေးကြွအုပ်စု အဖွဲ့ဝင် ဆီးရီးယားနိုင်ငံသား ၁၀ ဦးကို လွန်ခဲ့သောအပတ်က အစ္စတန်ဘူလ် ဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့် ဆက်နွယ်သည်ဟု ယူဆပြီး ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းဖမ်းဆီးထိန်းသိမ်းထားသော ၁၀ ဦးမှာ ဆီးရီးယားနိုင်ငံမှ အိုင်အက်စ်စစ်သွေးကြွတစ်ဦးဖြစ်သူ နဘီဖာဒီနှင့်ပတ်သက်ပြီး မသင်္ကာဖွယ် မေးခွန်းထုတ်ခံရသော အိုင်အက်စ်စစ်သွေးကြွ အုပ်စုအဖွဲ့ဝင် ၁၆ ဦးတွင် ပါဝင်သူများဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော အင်္ဂါနေ့က ဖြစ်ပွားခဲ့သည့် အစ္စတန်ဘူလ်၏ အထင်ကရနေရာတစ်ခုဖြစ်သော ဘာသာရေးအဆောက်အအုံ အသေခံဗုံးခွဲ တိုက်ခိုက်မှုတွင် သံသယရှိသူမှာ ဖာဒီဖြစ်ကြောင်းသိရပြီး ယင်းအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဂျာမန်ခရီးသွား ၁၀ ဦး သေဆုံးခဲ့သည်။

ဖမ်းဆီးထိန်းသိမ်းထားသူများမှာ ဆီးရီးယားနိုင်ငံသားများဖြစ်ကြောင်း ဒေသတွင်း မီဒီယာများက ပြောသည်။ ဖာဒီနှင့် အခြားဆီးရီးယား လေးဦးမှာ မြို့တော်အန်ကာရာနှင့် တူရကီမြို့ ဆနီလူဖာအရှေ့တောင်ဘက်မှတစ်ဆင့် အစ္စတန်ဘူလ်သို့ ဝင်ရောက်ခဲ့ကြောင်း သိရပြီး သံသယရှိသူအားလုံးအနက် ငါးဦးမှာ ဒုက္ခသည်များအဖြစ် မှတ်ပုံတင်ထားသူများဖြစ်သည်။

တူရကီအစိုးရ ရှေ့နေများသည် အစ္စတန်ဘူလ် ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး သံသယရှိသူ ဖာဒီနှင့် ဆက်နွယ်သော ဆီးရီးယားနိုင်ငံသားများကို သတိထားစောင့်ကြည့်မှုများ ပြုလုပ်နေကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်တွင် လျှော်လှုပ် တစ်ဦးသေ၊ ၂၂ဦး ဒဏ်ရာရ

**ဂျကာတာ ဇန်နဝါရီ ၁၈**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက် မလူကူပြည်နယ် ဘူလူဒေသတွင် ဇန်နဝါရီ ၁၇ ရက်က အတန်အသင့်ပြင်းအားရှိ ငလျင်တစ်ခုလှုပ်ခတ်သွားရာ လူတစ်ဦးသေဆုံးပြီး ၂၂ ဦး ဒဏ်ရာရရှိခဲ့ကာ အိမ်ခြေ ၂၀၀ ကျော် ပျက်စီးသွားကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁၈ ရက်က ပြောကြားခဲ့သည်။

ဘူလူဒေသတွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ဒဏ်ရာရရှိသူများအနက် သုံးဦးမှာ အခြေအနေဆိုးရွားကြောင်းသိရပြီး ကျန်သူများမှာ ဒဏ်ရာမပြင်းထန်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အေဂျင်စီမှ ဆူတိုပို ပါဝူနူဂရိုဟိုက ဆင်ဟွာသတင်းဌာနသို့ ပြောခဲ့သည်။

အိမ်ခြေစုစုပေါင်း ၂၃၉ လုံး ငလျင်ဒဏ်ခံခဲ့ရကြောင်းသိရပြီး ၆၈ လုံးမှာ ဆိုးရွားစွာ ပျက်စီးထိခိုက်မှုများရှိကြောင်း၊ ထို့ပြင် ဘာသာရေးအဆောက်အအုံတစ်လုံးလည်း ငလျင်ကြောင့် ပျက်စီးသွားကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ပြင်းအား ၅ ဒသမ ၄ ရက်ချ်စတာစကေးအဆင့်ရှိ ငလျင်သည် မလူကူပြည်နယ်တွင် ဇန်နဝါရီ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၂၂ မိနစ်က ဘူရူဆီလတန် အရှေ့တောင်ဘက် ၆၆ ကီလိုမီတာအကွာ မြေအောက် အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍လှုပ်ခတ်သွားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဘဂ္ဂဒက်တွင် အမေရိကန်သုံးဦး ပြန်ပေးဆွဲခံရ

**ဘဂ္ဂဒက် ဇန်နဝါရီ ၁၈**

ဘဂ္ဂဒက်မြို့တွင် အမေရိကန်နိုင်ငံသား သုံးဦး ပြန်ပေးဆွဲခံရကြောင်း အီရတ်သတင်းဌာနတစ်ခုက တနင်္ဂနွေနေ့က ဖော်ပြခဲ့သည်။

အဖမ်းခံရသူ အမေရိကန်သုံးဦးမှာ စစ်ရေးလေ့ကျင့်မှုများကို သင်ကြားပေးသော သင်တန်းဆရာများဖြစ်ပြီး စကားပြန်၏ အိမ်တွင် စကားပြန်နှင့်အတူ စစ်ယူနီဖောင်းများ ဝတ်ဆင်ထားသည့် သေနတ်သမားအုပ်စုက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

ပြန်ပေးဆွဲခံရသည့် လူသုံးဦးနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မသိရသေးသော်လည်း အမေရိကန်ပြည်ထောင်စုက ၄င်းတို့သုံးဦး လွတ်မြောက်ရေးအတွက် အီရတ်အာဏာပိုင်များနှင့်အတူ ကြိုးစားလျက်ရှိကြောင်း ပြောသည်။ **(ဆင်ဟွာ)**

# ယီမင်တောင်ပိုင်းဆိပ်ကမ်းမြို့တွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် လေးဦးသေဆုံး



**ယီမင်နိုင်ငံတောင်ပိုင်း အေဒင်မြို့ရှိ လုံခြုံရေးညွှန်မှူးနေအိမ်အပြင်ဘက် အသေခံကားဗုံးခွဲတိုက်ခိုက်မှုပြုရာ ကားတစ်စီး မီးလောင်နေသည်ကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။**

**ဒူဘိုင်း ဇန်နဝါရီ ၁၈**

ယီမင်နိုင်ငံတောင်ပိုင်းဆိပ်ကမ်း အေဒင်မြို့တွင် တနင်္ဂနွေနေ့က လုံခြုံရေးညွှန်ကြားရေးမှူး နေအိမ်အပြင်ဘက်၌ အသေခံ ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားခဲ့ရာ လေးဦးပွဲချင်းပြီးသေဆုံး၍ အချို့ဒဏ်ရာရရှိသွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးအဖွဲ့က ပြောသည်။

အဆိုပါမြို့၌ လုံခြုံရေးတပ်များကို ပစ်မှတ်ထား၍ အရှိန်မြှင့်တိုက်ခိုက်လျက်ရှိရာ ဇန်နဝါရီ ၄ ရက်က ယာဉ်တန်းကို ကားဗုံးခွဲတိုက်ခိုက်မှုအတွင်း အသက်မသေဘဲ ကျန်ရစ်နေသည့် ဗိုလ်မှူးချုပ် ရှာလာအလီရှာယက်၏ သက်တော်စောင့်လေးဦး သေဆုံးသွားခဲ့သည်။

သမ္မတမန်ဆာဟာဒီ၏ အစိုးရအနေဖြင့် ဆော်ဒီဦးဆောင်သော စစ်မဟာမိတ် ထောက်ခံသော တိုက်ခိုက်ရေးသမားများအား ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ယီမင်နိုင်ငံတွင် လွန်ခဲ့သော ကိုးလကြာစစ်ပွဲအတွင်း မြေပြင်နှင့် ဝေဟင် တိုက်ခိုက်မှုများကြောင့် လူပေါင်း ၆၀၀၀ ခန့် သေဆုံးခဲ့ရသည်။ **(ရိုက်တာ)**

# ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်ထောင်စုလွှတ်တော်ပူးပေါင်း ကော်မတီများမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်တိုနီ ဘလင်ကန်အား လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံစဉ် ပြည်သူကရွေးချယ်သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာရှိစေရန် လက်ရှိအစိုးရ၏ ငါးနှစ်သက်တမ်း ကာလတွင် တပ်မတော်က အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှု၊ လာမည့်အစိုးရသစ်နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ တပ်မတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၊ ထာဝရငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တပ်မတော်၏ မူဝါဒအဖြစ် သတ်မှတ်၍ အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ပူးတွဲတာဝန် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယ ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(မြဝတီ)**

# အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ရာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်ကို လက်ဆင့်ကမ်းပေးအပ်ရမည့်တာဝန်သည် အရေးကြီး





**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှု အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများရှိ အမြဲတမ်းအတွင်းဝန်များနှင့်တွေ့ဆုံပြီး ဌာနဆိုင်ရာလုပ်ငန်းများ စနစ်တကျလွှဲပြောင်းနိုင်ရေးအတွက် မှာကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ ပြည်ထောင်စုဝန်ကြီးဌာနများ၏ အတွင်းဝန်များသည် အစိုးရ၏ယန္တရားကို အရှိန်အဟုန်မပျက်စေရန် ဆက်လက်မောင်းနှင် သယ်ဆောင်သွားရမည့်သူများဖြစ်ကြောင်း၊ မကြာမီတွင် ကျင်းပမည့် ဒုတိယအကြိမ်လွှတ်တော် အစည်းအဝေးမှတစ်ဆင့် အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီးသုံးရပ်ကို လက်ဆင့်ကမ်းပေးအပ်ရမည် ဖြစ်ကြောင်း၊ ယင်းတာဝန်မှာအလွန် အရေးကြီးပါကြောင်း၊ လက်ရှိအစိုးရအနေဖြင့် အစိုးရသစ်ထံ အာဏာလွှဲပြောင်းပေးအပ်သည့် လုပ်ငန်းစဉ်တွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန်အတွက် အတွင်းဝန်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါပါကြောင်း။

အစိုးရ၏အုပ်ချုပ်ရေးယန္တရား အရှိန်အဟုန်မပျက် ဆက်လက်လည်ပတ်နိုင်ရန်အတွက် ခေါင်းတွဲ အဟောင်းနှင့်အသစ်ချိတ်ဆက်ရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ထိုသို့မဟုတ်ပါက တိုင်းပြည်အတွက် လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေး ကြန့်ကြာမှုများဖြစ်လာနိုင်ကြောင်း၊ အစိုးရသစ် ပေါ်ပေါက်လာချိန်တွင် အမှားအယွင်း မရှိစေရန်အတွက် လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေ၊ လက်ရှိဥပဒေများအတိုင်း မှန်မှန်ကန်ကန်၊ တိတိကျကျ လွှဲပြောင်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းလွှဲပြောင်းနိုင်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့်အလုပ်သမားရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး တွမ်မယ် လင်နောစကီး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်နှင့်အတူ ယနေ့ညနေ ၄ နာရီခွဲက နေပြည်တော်ရှိ Kempinski ဟိုတယ်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယနေ့နံနက်ပိုင်းက နိုင်ငံတော်သမ္မတ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခဲ့စဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကာလနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်းနှင့် အမေရိကန်အစိုးရအနေဖြင့် မည်သို့ကူညီသွားမည်ဆိုသည်ကို ထုတ်ဖော် ပြောကြားခဲ့ကြောင်း။

အစိုးရသစ်ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်သူများအပါအဝင် မြန်မာပြည်သူများ အတူတကွ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ သို့သော် ရှေ့တွင် စိန်ခေါ်မှုများစွာရှိနေပါကြောင်း၊ အမျိုးသားပြန်လည် သင့်မြတ်ရေးဆက်လက်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ အကျဉ်းသားများကိုလည်း လွှတ်ပေးရန်လိုအပ်ပြီး လူ့အခွင့်အရေးကိုလည်း အပြည့်အဝ ကာကွယ်ပေးရန်လိုအပ်ကြောင်း။

ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတော်၏ အင်စတီကျူးရှင်းများကို ပြောင်းလဲပေးရန်လိုကြောင်း၊ ဒီမိုကရေစီတွင် လူတိုင်းသာတူညီမျှအခွင့်အရေး ရရှိရန်လိုကြောင်း၊ ဒီမိုကရေစီအောင်မြင်ရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးတို့အတွက် အရပ်ဘက်လူ့အဖွဲ့အစည်း ပါဝင်ပတ်သက်မှုလည်း လိုအပ်ကြောင်း။



**သတင်းစာရှင်းလင်းပွဲ၌ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အန်တိုနီ ဘလင်ကန် ပြောကြားစဉ်။** ဓာတ်ပုံ-ကျော်ထိုက်စိုး

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာမည့် စီးပွားရေးစိန်ခေါ်မှုများ၊ ဒီမိုကရေစီနိုင်ငံတွင် ပြည်သူများ၏ အသက်ရှင်ရပ်တည်ရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် တန်းတူရည်တူ အခွင့်အရေးရရှိရေး၊ ရခိုင်ပြည်နယ်ရှိ ပြည်သူများ ငြိမ်းချမ်းတည်ငြိမ်စွာပြန်လည်နေထိုင်ရေး၊ ဒီမိုကရေစီကျင့်စဉ်နှင့် ဒီမိုကရေစီဆိုင်ရာ အဖွဲ့အစည်းများ ပေါ်ပေါက်လာရေး ဆွေးနွေးခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် အမေရိကန်ပြည်ထောင်စုအနေဖြင့် ဆက်လက်ကူညီပေးသွားမည်ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းမှုတွင် စိန်ခေါ်မှုများစွာ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းမှုမှာ သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ဆက်လက်ထိန်းထားရမည်ဖြစ်ကြောင်း။

၂၀၁၂ ခုနှစ်ကတည်းက အမေရိကန်ပြည်ထောင်စုသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရေးအပါအဝင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ (CSOs) တွင် အမျိုးသမီးများပါဝင်မှုအခန်းကဏ္ဍ မြှင့်တင်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် ထောက်ပံ့ပေးခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မီဒီယာများမေးမြန်းချက်ကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

# မန်းရွှေစက်တော်ဘုရားပွဲ တည်းကျောင်းနှင့် စျေးဆိုင်ခန်း လုပ်ကိုင်ခွင့်လျှောက်လွှာများခေါ်ယူ ဘုရားဖူးပြည်သူများ၏ ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်ရန် မျှော်လင့်ထား

သတင်းဆောင်းပါး - ဇေယျာတု(မကွေး)

မြန်မာနိုင်ငံအတွင်း ရက်ရှည်အကြာဆုံးပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် မန်းရွှေစက်တော် ဘုရားပွဲကို တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကာ လက်ရှိအချိန်တွင် တည်းခိုဆောင်များ၊ တည်းကျောင်းများနှင့် စျေးဆိုင်ခန်းများအတွက် လုပ်ကိုင်ခွင့်လျှောက်လွှာများ လက်ခံနေပြီဖြစ်ကြောင်း၊ ယခုနှစ်တွင် နှစ်စဉ်နှစ်တိုင်း ဘုရားဖူးပြည်သူများ ကြုံတွေ့နေရသော အစားအသောက်နှင့် တည်းခိုစရိတ်ကြီးမားမှု ဝန်ထုပ်ဝန်ပိုးများကို လျှော့ချနိုင်လိမ့်မည်ဟု ဒေသခံအများစုက မျှော်လင့်နေကြောင်း သိရသည်။

တည်းကျောင်းလျှောက်လွှာများကို ဇန်နဝါရီ ၈ ရက်မှ ၁၈ ရက်အတွင်းနှင့် စျေးဆိုင်ခန်း လျှောက်လွှာများကို ဇန်နဝါရီ ၁၄ ရက်မှ ၃၀ ရက်အတွင်း မှတ်တမ်းတင် လက်ခံဆောင်ရွက်နေပြီး ယနေ့အထိ တည်းကျောင်းလျှောက်လွှာ ၃၀၀ ကျော် လာရောက်လျှောက်ထားမှုရှိကြောင်း သိရသည်။ နှစ်စဉ်အမည်ပေါက် စျေးဆိုင်ခန်းသမားများမှာလည်း လျှောက်လွှာတင်၊ ငွေသွင်းမှုများဆောင်ရွက်နေကြပြီဖြစ်ကာ ၎င်းတို့၏ အစီအစဉ်ဖြင့် စျေးဆိုင်ခန်းများ ဆောက်လုပ်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ရွှေစက်တော်ဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်တစ်ဦးထံမှ သိရသည်။

နွေဦးပွဲတော်ဟု တင်စားကြသည့် မန်းရွှေစက်တော်ဘုရားပွဲတွင် နှစ်စဉ်တည်းကျောင်းခ စျေးကြီးမှုနှင့် အစားအသောက်များ စျေးမြင့်မားမှုများကို ကြုံတွေ့ရကြောင်း၊ ယမန်နှစ်မှစ၍ ဘူဖေးစားသောက်ဆိုင်များရှိလာကာ မှန်ကန်သော သတ်မှတ်စျေးနှုန်းများ ဖြစ်လာခဲ့ကြောင်း သိရသည်။

တည်းကျောင်းခနှုန်းထားများမှာမူ ယမန်နှစ်က သာမန်ပွဲတော်ရက်များမှအပ အစိုးရရုံးပိတ်ရက်များ၊ မြန်မာနှစ်သစ်ကူးကာလများတွင် အမြင့်ဆုံးနှုန်းထားတစ်ခုသို့ ရောက်ရှိကာ ဘုရားဖူးများအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ်ရှိနေခဲ့သည်ဟု ဒေသခံများက ပြောသည်။ ယခုနှစ်ပွဲတော်သည် ဝါနှစ်ခါထပ်၍ ယမန်နှစ်များကကဲ့သို့ သုံးလခန့် ကျင်းပနိုင်မည်မဟုတ်ဘဲ ရက် ၂၀ ကျော်သာ ကျင်းပနိုင်မည်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် တွက်ခြေကိုက်စေရန် တည်းကျောင်းငှားရမ်းခများကို ပိုယူလာနိုင်ကြောင်း ဒေသခံအချို့က ယူဆနေကြသည်။

ပုဂ္ဂလိကတည်းခိုဆောင်(တည်းကျောင်း) လုပ်ကိုင်ခွင့်လျှောက်ထားပြီး လုပ်ကိုင်ခွင့်ရရှိသူများအတွက် လိုက်နာရမည့် စည်းကမ်း(၁၈)ချက်ကို လျှောက်လွှာများစတင်လျှောက်ထားစဉ်ကပင် လျှောက်ထားသူက ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သော်လည်း စည်းကမ်းများအပေါ် လိုက်နာမှုအားနည်းကြကြောင်းလည်း ဒေသခံများက ပြောသည်။

"စည်းကမ်းတွေထဲမှာ တည်းကျောင်းရတဲ့သူ(အဖွဲ့အစည်း၊ ဌာနဆိုင်ရာ၊ ပုဂ္ဂလိက)အနေနဲ့ တစ်ဆင့်လွှဲပြောင်း ရောင်းချလို့မရဘူး။ တည်းကျောင်းခနှုန်းထားတွေကိုလည်း ဘုရားဖူးပြည်သူတွေမြင်အောင် ကပ်ထားရမယ်။ သတ်မှတ်ပြေစာနဲ့ ကောက်ရမယ်လို့ပါတယ်။ ဒါပေမယ့် လိုက်နာမှုမရှိကြဘူး။ တစ်ဆင့်ပြန်ရောင်းတဲ့သူတွေ များတယ်။ လျှောက်လွှာစခေါ်ကတည်းက နှစ်စဉ်ရနေကျ အဖွဲ့အစည်းတွေဆီကို အမြတ်ပေးဝယ်ယူဖို့ ကမ်းလှမ်းတာတွေရှိနေပြီလို့လည်း ကြားရတယ်။ ဂေါပကသွင်းစျေးက မများပေမယ့် တစ်ဆင့်ကနေတစ်ဆင့် လက်ဆင့်ကမ်းရောင်းကြတော့ တကယ်လုပ်မယ့်သူလက်ထဲလည်း ရောက်ရော တည်းကျောင်းတန်ဖိုးက အတော်များနေပြီ။ သူတို့ ပေးလိုက်ရတဲ့ အရင်းရဖို့၊ အမြတ်ကျန်ဖို့ ဘုရားဖူးတွေက ဒဏ်သင့်တော့တာပဲ။ လုပ်ကိုင်ခွင့်က တကယ်လုပ်ချင်တဲ့သူ လက်ထဲတကယ်ရောက်မယ်။ တစ်ဆင့်ပြန်ရောင်းချတာလည်း မရှိဘူးဆိုရင် အခန်းခတွေလည်း တစ်သိန်းကျော်စရာ အကြောင်းမရှိဘူး။ ဆယ်ပေဝန်းကျင်လောက်ရှိတဲ့ အခန်းငှားခက အများဆုံး နှစ်သောင်းလောက်ဆို တော်ရောပေါ့။ လူစည်တဲ့ရက်တွေမှာ သတ်မှတ်စျေးနဲ့ ဧည့်ရာလူစနစ်ငှားရမှာကို စျေးပိုပေးပြီး အခန်းလုကြတဲ့ ဘုရားဖူးတွေဘက်ကလည်း အကျင့်ပျက်အောင် မလုပ်ဖို့တော့ လိုပါတယ်။ ဝမ်းရေးထက်ပိုပြီး ဘုရားပွဲတော်ကိုအမှီပြုပြီး အမြတ်ထုတ်နေသူတွေကို တာဝန်ရှိသူတွေက ဝိုင်းဝန်းတားဆီးပေးစေချင်ပါတယ်"ဟု မင်းဘူးမြို့ ဒေသခံတစ်ဦးက သူ၏ယူဆချက်ကို ပြောသည်။



ဘုရားပွဲကာလအတွက် ကြိုတင်ဆောက်လုပ်နေပြီဖြစ်သော တည်းခိုဆောင်နှင့် စျေးဆိုင်ခန်းများ။

ရွှေစက်တော်ဘုရားဂေါပကမှ စီမံအထွေထွေတာဝန်ခံ ဦးစိုးတင့်က "ဒီနှစ်ဘုရားပွဲတော်မှာ တည်းခိုဆောင်လုပ်ငန်း လုပ်ကိုင်ခွင့်ချထားရေးကိစ္စ၊ လုပ်ငန်းတင်ဒါကိစ္စနဲ့ စည်းကမ်းလိုက်နာမှုအပိုင်းတွေမှာ ပြုပြင်ပြောင်းလဲဖို့ ကြပ်မတ်ဖို့ အစီအစဉ်တွေရှိပါတယ်။ အသေးစိတ် ဆွေးနွေးမှု မပြုရသေးတဲ့အတွက် ဘယ်လိုကိစ္စတွေမှာ ဘယ်လောက်အထိ ပြုပြင်ပြောင်းလဲမယ်ဆိုတာကိုတော့ ပြောလို့မရသေးပါဘူး"ဟု ပြောသည်။

မျက်မှောက်ကာလတွင် အဖွဲ့အစည်းအသီးသီး၌ ပြည်သူ့ဆန္ဒ၊ အများဆန္ဒကို အခြေခံသော လုပ်ဆောင်ချက်များ ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာမှုနှင့်အတူ မန်းရွှေစက်တော် ဘုရားပွဲတွင်လည်း တည်းကျောင်းခများကို စည်းကမ်းတကျရှိစေရန် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းမှ ဘုရားဖူးခရီးသည်ပြည်သူများ၏ ကောင်းမွန်သော ကုသိုလ်တရားများကို ကူညီဖြည့်ဆည်းပြီး မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးနိုင်ရန် ဒေသခံအများစုက မျှော်လင့်နေကြကြောင်း သိရသည်။ ။

## နိုဘယ်-မြန်မာစာပေပွဲတော် ရသစုံစာပေများရောင်းအားကောင်း

**ရန်ကုန် ဇန်နဝါရီ ၁၈**

ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကျင်းပသည့် နိုဘယ်-မြန်မာစာပေပွဲတော် (၂၀၁၆) တတိယနေ့တွင် စာပေဝါသနာရှင် အများအပြားတက်ရောက်ကြပြီး ရသစုံစာပေများလည်း ရောင်းအားကောင်းခဲ့ကြောင်း အဆိုပါပွဲတော်ရှိ စာအုပ်အရောင်းဆိုင်များမှ သိရသည်။

"ကလေးစာပေဖွံ့ဖြိုးရေးအတွက် ပြုလုပ်တာဆိုတော့ ဒီပွဲတော်အထိမ်းအမှတ်အနေနဲ့ တံဆိပ်ရိုက်နှိပ်ပြီး အခမဲ့ပေးတာ အမျိုးအစားတစ်ရာကျော်လောက်ရှိတယ်။ ကလေးတွေ အများကြီးလာတော့ အဓိကရောင်းတာ၊ ဝယ်တာကလေးစာအုပ်တွေ ဆိုပေမယ့် ရသစုံစာအုပ်မျိုးစုံရောင်းရပါတယ်။ စာအုပ်အဟောင်းရောင်းတဲ့နေရာလည်းရှိတော့ စာပေဝါသနာရှင်တွေအကြိုက်တွေ့ကြပါတယ်" ဟု စာပေပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာဖေမြင့်က ပြောသည်။

အဆိုပါစာပေပွဲတော်ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ MYANMAR EVENT PARK ၌ ဇန်နဝါရီ ၁၆ ရက်မှ စတင်၍ သုံးရက်ကြာကျင်းပလျက်ရှိရာ ဇန်နဝါရီ ၁၈ ရက် ပွဲတော်နောက်ဆုံးနေ့တွင် "Battle For Fairytales " မြန်မာနှင့် နော်ဒစ်နိုင်ငံများမှ အိပ်ရာဝင်ပုံပြင်များနှင့် ဒဏ္ဍာရီပုံပြင်များ၏ တူညီချက်၊ ခြားနားချက်များကိုတင်ပြခြင်း၊ ကလေးစာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် ကလေးကဗျာမှ စာရိတ္တပညာ(မြန်မာစာတမ်းဖတ်ကြားခြင်း)၊ ကာတွန်းဆရာများနှင့် သရုပ်ဖော်ပန်းချီဆရာများ၊ စာရေးဆရာများ အတူတကွ ပူးတွဲ၍ ကလေးပုံနှင့် လူငယ်ရုပ်ပုံကြမ်း(စကက်ချ်)များရေးဆွဲထုတ်လုပ်ခြင်း၊ နိုင်ငံတကာ ကလေးစာအုပ်များကို အင်္ဂလိပ်-မြန်မာဘာသာဖြင့် ပြန်ဆိုရွတ်ပြခြင်း၊ ကလေးများအတွက် ရသစာပေဖွံ့ဖြိုးမှု(စာပေဆွေးနွေးဝိုင်း)များအပြင် ရင်သွေးငယ်တို့၏ ကဗျာရွတ်စွမ်းရည်ပြပွဲနှင့် ပုံပြောစွမ်းရည်ပြပွဲ အစီအစဉ်တို့ပါဝင်ခဲ့သဖြင့် ကလေးငယ်များနှင့် စာပေဝါသနာရှင် အများအပြားလာရောက်အားပေးခဲ့ကြသည်။

"တစ်နေရာတည်းမှာ စာအုပ်မျိုးစုံရနိုင်တဲ့အပြင် ရှားပါးစာအုပ်တွေကိုလည်း စျေးနှုန်းသက်သာစွာနဲ့ ရတဲ့အတွက် ဒီလိုပွဲမျိုးလုပ်ပေးတာ အလွန်အကျိုးရှိပါတယ်။ နာမည်သာကြားဖူးပြီး မမြင်ဘူးတဲ့ ရှားပါးစာအုပ်တွေတောင် တွေ့ခဲ့ရတယ်။ စာပေနဲ့ပတ်သက်ရင် အများကြီးဗဟုသုတဖြစ်စေတဲ့အတွက် မကြာခဏ လုပ်သင့်တဲ့ပွဲပါ" ဟု မရမ်းကုန်းမြို့နယ်မှ စာပေဝါသနာရှင် ကိုညီညီဝင်းက ပြောသည်။



နိုဘယ်-မြန်မာစာပေပွဲတော် (၂၀၁၆)တွင် ကလေးငယ်များ ကာတွန်းရုပ်ပုံများကို ပျော်ရွှင်စွာ ဆေးရောင်ခြယ်မှုန်းနေကြသည်ကို တွေ့ရစဉ်။

နိုဘယ်-မြန်မာစာပေပွဲတော်(၂၀၁၆)တွင် စာအုပ်စာပေ အရောင်းဆိုင်တစ်ရာကျော်က ရသစုံစာအုပ်များကို စျေးနှုန်းချိုသာစွာဖြင့်ရောင်းချလျက်ရှိရာ ပွဲတော်ကာလအတွင်း တစ်ရက်လျှင်ကလေးငယ်များနှင့် စာပေဝါသနာရှင် တစ်သောင်းခန့်လာရောက်ကြပြီး ရသစုံစာအုပ်များလည်း ရောင်းအားကောင်းခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**

## ချို့တဲ့ဝေဒနာရှင်များ ကူညီစောင့်ရှောက်ရေးအဖွဲ့မှ ငွေလှူ

**အရာတော် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်၌ ကိုယ်အင်္ဂါချို့ယွင်းနေသော အနာကြီးရောဂါလူနာများအတွက် ဇန်နဝါရီ ၁၇ရက်က ချို့တဲ့ဝေဒနာရှင်များ ကူညီစောင့်ရှောက်ရေးအဖွဲ့ (Save the Needy Group)မှ အလှူငွေပေးအပ်လှူဒါန်းပွဲကို မြို့နယ် ပြည်သူ့ဆေးရုံဆာဆာကာဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ ချို့တဲ့ဝေဒနာရှင်များ ကူညီစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလင်းက အနာကြီးရောဂါလူနာများအတွက် အလှူငွေ ပေးအပ်လှူဒါန်းရခြင်း အကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဉာဏ်ထွန်းက ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်အနာကြီးရောဂါ တိုက်ဖျက်ရေးတာဝန်ခံ ဦးမျိုးဝေက အရာတော်မြို့နယ်အတွင်း အနာကြီးရောဂါလူနာသစ်များ ရှာဖွေဖော်ထုတ်၍ ဆေးဝါးကုသရေး လုပ်ငန်းများနှင့် လူနာဟောင်းများအား စောင့်ရှောက်နေမှုများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

အဆိုပါအဖွဲ့သည် ကိုယ်အင်္ဂါချို့ယွင်းနေသော အနာကြီးရောဂါလူနာ ၅၂ ဦးကို တစ်ဦးချင်းစီ အလှူငွေပေးအပ်ခဲ့ရာ စုစုပေါင်းငွေကျပ် သိန်း ၂၀ ကျော် လှူဒါန်းခဲ့ကြောင်းနှင့် ယခုလှူဒါန်းမှုမှာ တတိယအကြိမ် ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

## နောင်ချိုမြို့နယ်၌ ညအချိန်အအေးပို၍ ရေများခဲ

**နောင်ချို ဇန်နဝါရီ ၁၈**

နောင်ချိုမြို့နယ်၌ ညအချိန်အအေးပိုကာ ရေများခဲနေသည်။ နောင်ချိုမြို့ပေါ်ထက် နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအုပ်စုက ပို၍အေးကြောင်း သိရသည်။ ညအချိန်က ခဲနေသော ဆီးနှင်းများရေခဲကာ နေရောင်ခြည်ထွက်ပေါ်လာမှ အိမ်ခေါင်မိုးပေါ် ရေများပျော်ကျလာသည်။ နံနက်ပိုင်း နောင်ချို-ဂုတ်တွင်းကားလမ်းတွင် ဆီးနှင်းများကျရောက်မှုကြောင့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ မီးထွန်းကာ မောင်းနှင်ကြရကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူ

နေပြည်တော် ဇန်နဝါရီ ၁၈

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင်ကျင်းပရာ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။** (အောက်ပုံ)



အစည်းအဝေး၌ **၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏အမျိုးသားစီမံကိန်းဥပဒေကြမ်း**၏ မူနှင့် အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များအပေါ် ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံတော်သည် အခြေခံဥပဒေအရ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေခြင်း၊ ဈေးကွက်စီးပွားရေးနှင့်အညီ ကုန်သွယ်ရေးမူဝါဒများ၊ ဥပဒေ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများ ရေးဆွဲကျင့်သုံးဆောင်ရွက်လျက်ရှိခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ ကုန်သွယ်မှုဆိုင်ရာမူဝါဒပေါ်လစီများကို ပြန်လည်သုံးသပ်နေခြင်းနှင့် မကြာမီဒေသအတွင်း လိုက်ပါဆောင်ရွက်ရမည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အရ ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းခြင်းကို ကန့်သတ်တားဆီးရန် ခက်ခဲကြောင်း၊ နိုင်ငံတော်တည်ဆောက်ဆဲကာလဖြစ်၍ မြန်မာ့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးမျှော်မှန်းချက်၏ အစီရင်ခံစာအရ ၂၀၂၂ ခုနှစ်အထိ သွင်းကုန်ပိုမိုမည်ဟု ဖော်ပြသုံးသပ်ထားပါကြောင်း။

ကုန်သွယ်မှုပမာဏ မြင့်မားစေရေးအတွက် အမျိုးသားပို့ကုန်တိုးတက်ရေးမဟာဗျူဟာ ချမှတ်လုပ်ဆောင်နေခြင်း၊ ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြေလျှော့ခြင်း၊ ကုန်သွယ်မှုလွယ်ကူလျင်မြန်ချောမွေ့စေရေးတို့ကိုဆောင်ရွက်နေခြင်း၊ နိုင်ငံတကာနှင့် ချိတ်ဆက်၍ ဈေးကွက်ရှာဖွေပေးခြင်း၊ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု ထုတ်ကုန်များသာမက ပြည်ပမှတင်သွင်း၍ ပြည်ပသို့ ပြန်လည်တင်ပို့သည့်စနစ်၊ Transit Trade စနစ်တို့နှင့်ပါ ကုန်သွယ်မှုတိုးမြှင့်ရေးတို့ကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**ကျန်းမာရေးဝန်ကြီးဌာန** ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံကြီး သုံးရုံ၊ ခုတင် (၅၀)ဆံ့ တိုင်းရင်းဆေးရုံ ကိုးရုံ၊ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ လေးရုံ၊ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ လေးရုံ၊ ခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန ၂၁၀ ခု တို့ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာစီမံခန့်ခွဲရေး၊ ကုသရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ သင်ကြားရေး၊ သုတေသန စသည့် နယ်ပယ်အသီးသီးတွင် အရည်အချင်းပြည့်မီပြီး စိတ်ဓာတ်ကောင်းမွန်သော ပုဂ္ဂိုလ်များ လုံလောက်သောအရေအတွက်ရှိရန်၊ အဆောက်အအုံစက်ပစ္စည်း၊ ပရိဘောဂ အစရှိသည့် အခြေခံအဆောက်အအုံများ ပြည့်စုံရန်၊ လက်ရှိအနေအထားများကို မှန်မှန်ကန်ကန်သုံးသပ်ရှုမြင်ပြီး ပိုမိုတိုးတက်အောင် ဖော်ဆောင်နိုင်မည့်နည်းလမ်းများပေါ်ထွက်လာရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် လက်ရှိသင်ကြားနည်းစနစ်များ၊ လက်ရှိဆေးရုံများတွင် သုံးစွဲနေသောဆေးနှင့် ဆေးပစ္စည်းများ၊ ကုထုံးများကို ပြန်လည်သုံးသပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းစနစ်များကို ပြန်လည်သုံးသပ်ခြင်းနှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေခြင်း၊ တိုင်းရင်းဆေးရုံ၊ ဆေးခန်းများတွင် သမားစဉ်ကုထုံးနည်းစနစ်နှင့် အစွမ်းထက်ဆေးဝါးများ ဖော်ထုတ်၍ လက်တွေ့အကောင်အထည်ဖော်သုံးစွဲနိုင်အောင် ဆောင်ရွက်ခြင်းတို့ကို ဖော်ဆောင်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**သတ္တုတွင်းဝန်ကြီးဌာန** ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်က ထုတ်လုပ်မှုစရိတ် ကျခံဆောင်ရွက်ခြင်းမရှိဘဲ ပုဂ္ဂလိကနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ပုဂ္ဂလိကထုတ်လုပ်မှုမှ ရရှိသည့် သတ္တုအပေါ် ငွေ သို့မဟုတ် ပစ္စည်းကို အချိုးဖြင့် ရယူဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ကုန်ကျစရိတ်အနေနှင့် စီမံခန့်ခွဲမှုစရိတ်သာရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ စရိတ်စိုက်ထုတ်မှုသက်သာခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် ဝင်ငွေပိုမိုရရှိခြင်း စသည့်အားသာချက်များ ရရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၃၁၇ ဒသမ ၁၀၈ ဘီလီယံ၊ ၂၀၁၅- ၂၀၁၆ ပြုပြင်ပြီး ခန့်မှန်းခြေအရ ငွေကျပ် ၂၅၅ ဒသမ ၄၂၅ ဘီလီယံနှင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် လျာထားချက်မှာ ငွေကျပ် ၂၆၀ ဒသမ ၂၂၉ ဘီလီယံ ဖြစ်ပါကြောင်း၊ ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေအရ အမြတ်ရရှိမှုသည် ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်ထက် ငွေကျပ် ၆၁ ဒသမ ၈၈၃ ဘီလီယံ လျော့နည်းသွားပါကြောင်း၊ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့သတ္တုဈေးနှုန်း ကျဆင်းမှုကြောင့်

*စာမျက်နှာ ၁၀ ကော်လံ ၃*

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းသွားမည်



ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြေကြားစဉ်။



ရေဖြူ မဲဆန္ဒနယ်မှ ဦးဝင်းဦး မေးမြန်းစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ မေးခွန်းခြောက်ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတင်ပြအတည်ပြုချက်ရယူခြင်း၊ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့အသိပေးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက ယာဉ်ကြောမပိတ်ဆို့ရေးနှင့် ယာဉ်ရပ်နားရန်နေရာများ အမြန်ဆုံးစီစဉ်ပေးရန်အတွက် အစီအစဉ်များ ရေးဆွဲဆောင်ရွက်ပေးပါရန်၊ ၁၈ နှစ်ပြည့် ပြီးသောသူများတစ်ဦးချင်း ကားတစ်စီးတင်သွင်းခွင့်လျှောက်ထားနိုင်သည်ကို အမြန်ဆုံးရပ်တန့်ရန်နှင့် ကားသစ်များသာ တင်သွင်းရောင်းချသည့် Showroom ကြီးများမှ ဝယ်ယူသူများမှာ ကားပါကင်ရှိကြောင်း ထောက်ခံစာအဆင့်ဆင့် **“ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းမှတစ်ဆင့် ပြည်ထောင်စုအဆင့်ထိ”** ရယူနေရခြင်းကြောင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်စေခြင်းနှင့် နိုင်ငံတွင်းလမ်းစည်းကမ်းနှင့် ကိုက်ညီသော ဘယ်မောင်းကားများသာ ပြောင်းလဲသုံးစွဲမှုကို အမြန်ပြောင်းလဲ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးအတွက် လမ်းဆုံနေရာများတွင် ခုံးကျော်တံတားများ တည်ဆောက်ပေးခြင်း၊ အသစ်ထပ်မံဆောက်လုပ်မည့် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကားရပ်နားရန် နေရာပါရှိသော အဆောက်အအုံများကိုသာ ဆောက်လုပ်စေခြင်း၊ မော်တော်ယာဉ်များ ညအိပ်ရပ်နားထားရှိနိုင်ရန်အတွက် ကားပါကင်သီးသန့်အဆောက်အအုံများ ဆောက်လုပ်ပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်ကြောကျပ်တည်းမှုမဖြစ်ပေါ်စေရန် ဟိုတယ်များနှင့် အထပ်မြင့်အဆောက်အအုံများဆောက်လုပ်ခြင်းကို ကားပါကင်ပါရှိခြင်း ရှိ၊ မရှိ စိစစ်ပြီးမှသာ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့ ပါဝင်သော မော်တော်ယာဉ်တင်သွင်းခြင်း

*စာမျက်နှာ ၁၀ ကော်လံ ၃*

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ချင်းပြည်နယ် ဖလမ်းမိုက္ကရိုဝေ့ဗ်စခန်းတွင် ဂျီအက်စ်အမ် စနစ်ဖွင့်လှစ်ထား

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ကြယ်ပွင့်ပြ မေးခွန်းနှစ်ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော်သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပါအဝင် လွှတ်တော်ကော်မတီများ၏ အစီရင်ခံစာငါးခုကို ဖတ်ကြားအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးနု၏ **ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပုလဲ (၃)ရပ်ကွက်ရှိ ဖွံ့ဖြိုးရေးမြေကွက်ကြီးများအား ဒေသခံပြည်သူတို့၏ တင်ပြတောင်းခံချက်နှင့်အညီ အတည်ပြုချမှတ်ပေးနိုင်ပါရန် တင်ပြချက်များအပေါ် ဆောင်ရွက်မှုအခြေအနေကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြေစီမံခန့်ခွဲမှုများကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ၁၉၉၂ ခုနှစ်တွင် မြို့ကွက်ဖော်ထုတ်ချထားပေးပြီး ဖြစ်သည့် ပါမစ်စာရင်း၊ မြို့ကွက်မြေပုံစာရင်း၊ မြို့မြေစာရင်းတို့ကို လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှလွှဲပြောင်းပေးပြီးသော စာရင်းများအရ ပြည်သူများလျှောက်ထားလာသည့် မြေစီမံခန့်ခွဲမှုကိစ္စများကို ဆောင်ရွက်နေပါကြောင်း။

မြို့ကွက်ချမြေပုံ ဖော်ဆောင်ရာတွင် ရန်ကုန်မြို့ပြစီမံကိန်းနှင့် ခြုံငုံပြီး မြို့နယ်တစ်ခုချင်းအလိုက် ဈေး၊ ဆေးရုံ၊ ကျောင်း၊ မီးသတ်၊ အားကစားကွင်း စသည်တို့ကို လိုအပ်သလို ရေးဆွဲ၍ လျာထားမှုများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်ဦးတစ်ယောက်၏ တင်ပြတောင်းဆိုမှုကိုခွင့်ပြုပါက အလားတူ တောင်းဆိုမှုများရှိလာနိုင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုများ ဆုံးရှုံးမည်ဖြစ်ပါကြောင်း၊ မြို့ပြရပ်ကွက်တစ်ခုလုံး၏ လိုအပ်သော စီမံခန့်ခွဲမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် ပိုမိုကောင်းမွန်သောအစီအစဉ်၊ စီမံကိန်းတစ်စုံတစ်ရာရှိမည်ဆိုပါက သက်ဆိုင်ရာ စီမံကိန်းဆောက်ရွက်မည့်ဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးသောင်းတင် ဖြေကြားစဉ်။



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျွန်ခဲန်းမေးမြန်းစဉ်။

*စာမျက်နှာ ၁၀ ကော်လံ ၁*

# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁/၂၀၁၆ )**
**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကစိစစ်ပြီးဖြစ်၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၁၇၉၄၃ | ဗိုလ်ချုပ် | တောက်ထွန်း |
| (၂) | ကြည်း ၁၉၆၄၂ | ဗိုလ်ချုပ် | သန်းထွတ်သိန်း |
| (၃) | ကြည်း ၁၈၀၈၆ | ဗိုလ်မှူးချုပ် | တင်စိုး |
| (၄) | ကြည်း ၁၈၈၅၆ | ဗိုလ်မှူးချုပ် | တင်စန်းနိုင် |
| (၅) | ကြည်း ၁၉၅၈၆ | ဗိုလ်မှူးချုပ် | မောင်မောင် |
| (၆) | ကြည်း ၁၅၁၃၇ | ဗိုလ်မှူးချုပ် | စိုးမြင့် |
| (၇) | ကြည်း ၁၇၄၈၀ | ဗိုလ်မှူးချုပ် | ဝင်းဆွေ |
| (၈) | လေ ၁၇၈၁ | ဗိုလ်မှူးချုပ် | သန်းလွင် |
| (၉) | ကြည်း ၁၇၃၁၉ | ဗိုလ်မှူးကြီး | အောင်သီဟ |
| (၁၀) | ကြည်း ၁၈၀၂၉ | ဗိုလ်မှူးကြီး | အောင်မြင့် |
| (၁၁) | ကြည်း ၁၈၇၀၁ | ဗိုလ်မှူးကြီး | မြင့်ဟန် |
| (၁၂) | ကြည်း ၁၉၃၀၇ | ဗိုလ်မှူးကြီး | ခင်မောင်ထွန်း |
| (၁၃) | ကြည်း ၂၀၁၀၃ | ဗိုလ်မှူးကြီး | ထွန်းသန်းအုန်း |
| (၁၄) | ကြည်း ၂၁၈၈၁ | ဗိုလ်မှူးကြီး | ထွန်းမြတ်ရွှေ |
| (၁၅) | ကြည်း ၂၃၁၅၈ | ဗိုလ်မှူးကြီး | မင်းသန်း |
| (၁၆) | ကြည်း ၂၆၂၃၉ | ဒုတိယဗိုလ်မှူးကြီး | မြဦး |
| (၁၇) | လေ ၂၁၂၇ | ဒုတိယဗိုလ်မှူးကြီး | မောင်မောင်ဦး |
| (၁၈) | ကြည်း ၁၉၅၃၆ | ဒုတိယဗိုလ်မှူးကြီး | စိုးမြင့်အောင် |
| (၁၉) | ကြည်း ၂၀၁၉၃ | ဒုတိယဗိုလ်မှူးကြီး | ညီညီလွင် |
| (၂၀) | ကြည်း ၂၁၈၈၀ | ဒုတိယဗိုလ်မှူးကြီး | သိမ်းထွဋ် |
| (၂၁) | ကြည်း ၂၂၄၆၂ | ဒုတိယဗိုလ်မှူးကြီး | ထွန်းလင်းဦး |
| (၂၂) | ကြည်း ၂၂၆၃၅ | ဒုတိယဗိုလ်မှူးကြီး | ခင်မောင်ဆွေ |
| (၂၃) | ကြည်း ၂၂၆၄၈ | ဒုတိယဗိုလ်မှူးကြီး | မိုးကျော် |
| (၂၄) | ကြည်း ၂၃၉၈၀ | ဒုတိယဗိုလ်မှူးကြီး | ကျော်လင်းဦး |
| (၂၅) | ကြည်း ၂၄၂၃၀ | ဒုတိယဗိုလ်မှူးကြီး | လှုနိုင် |
| (၂၆) | ကြည်း ၂၄၃၂၀ | ဒုတိယဗိုလ်မှူးကြီး | ခင်မောင်ကြည် |
| (၂၇) | ကြည်း ၂၄၈၅၇ | ဒုတိယဗိုလ်မှူးကြီး | ထိန်ဦး |
| (၂၈) | ကြည်း ၂၄၉၀၂ | ဒုတိယဗိုလ်မှူးကြီး | မိုးကျော်ဦး |
| (၂၉) | ကြည်း ၂၄၉၂၀ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဇေယျ |
| (၃၀) | ကြည်း ၂၅၀၆၄ | ဒုတိယဗိုလ်မှူးကြီး | ကျော်မိုးအောင် |
| (၃၁) | ကြည်း ၂၅၁၆၀ | ဒုတိယဗိုလ်မှူးကြီး | နိုင်ဇော်မင်း |
| (၃၂) | ကြည်း ၂၅၂၅၇ | ဒုတိယဗိုလ်မှူးကြီး | မျိုးထက်ဝင်း |
| (၃၃) | ကြည်း ၂၅၅၀၄ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်စိုးစိုးမြင့် |
| (၃၄) | ကြည်း ၂၅၈၀၄ | ဒုတိယဗိုလ်မှူးကြီး | မျိုးခိုင် |
| (၃၅) | ကြည်း ၂၆၀၇၀ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်စန်းသီတာခင် |
| (၃၆) | ကြည်း ၂၆၂၇၇ | ဒုတိယဗိုလ်မှူးကြီး | မောင်ဘို |
| (၃၇) | ကြည်း ၂၆၇၂၃ | ဒုတိယဗိုလ်မှူးကြီး | မောင်မောင်အေး |
| (၃၈) | ကြည်း ၂၆၈၁၁ | ဒုတိယဗိုလ်မှူးကြီး | ဇော်မျိုးထက် |
| (၃၉) | ကြည်း ၂၆၈၃၉ | ဒုတိယဗိုလ်မှူးကြီး | ကျော်သီဟ |
| (၄၀) | ကြည်း ၂၇၀၅၉ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဇင်ဝင်း |
| (၄၁) | ကြည်း ၂၇၁၀၅ | ဒုတိယဗိုလ်မှူးကြီး | သိန်းထွန်းတင် |
| (၄၂) | ကြည်း ၂၇၄၃၉ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင် |
| (၄၃) | ကြည်း ၂၇၄၈၅ | ဒုတိယဗိုလ်မှူးကြီး | မြင့်ဇော် |
| (၄၄) | ကြည်း ၂၇၉၇၂ | ဒုတိယဗိုလ်မှူးကြီး | မြတ်မင်းမိုး |
| (၄၅) | ကြည်း ၂၇၉၇၈ | ဒုတိယဗိုလ်မှူးကြီး | သန်းလှိုင်ဝင်း |
| (၄၆) | ကြည်း ၂၈၁၆၁ | ဒုတိယဗိုလ်မှူးကြီး | ဇော်ထွန်းဦး |
| (၄၇) | ကြည်း ၂၈၂၆၃ | ဒုတိယဗိုလ်မှူးကြီး | တိုးလွင် |
| (၄၈) | ကြည်း ၂၈၂၇၃ | ဒုတိယဗိုလ်မှူးကြီး | ဝင်းကို |
| (၄၉) | ကြည်း ၂၈၃၁၉ | ဒုတိယဗိုလ်မှူးကြီး | ဇော်နိုင်ဦး |
| (၅၀) | ကြည်း ၂၈၃၈၈ | ဒုတိယဗိုလ်မှူးကြီး | အောင်ကျော်မိုး |
| (၅၁) | ကြည်း ၂၉၁၄၉ | ဒုတိယဗိုလ်မှူးကြီး | ရန်နိုင်ကျော် |
| (၅၂) | ကြည်း ၂၉၄၇၇ | ဒုတိယဗိုလ်မှူးကြီး | မင်းသော်အေး |
| (၅၃) | ကြည်း ၂၉၅၃၀ | ဒုတိယဗိုလ်မှူးကြီး | မျိုးခိုင်အောင် |
| (၅၄) | ရေ ၃၆၃၀ | ဒုတိယဗိုလ်မှူးကြီး | ကျော်ထွန်း |
| (၅၅) | ကြည်း ၂၉၀၄၀ | ဗိုလ်မှူး | စိုင်းအိုက်လှ |
| (၅၆) | ကြည်း ၃၀၇၇၁ | ဗိုလ်မှူး | ရဲထွန်းနိုင် |
| (၅၇) | ကြည်း ၃၁၂၂၅ | ဗိုလ်မှူး | အောင်ဇင်မင်း |
| (၅၈) | ကြည်း ၂၄၀၇၉ | ဗိုလ်မှူး | နေဝင်း |
| (၅၉) | ကြည်း ၂၄၁၀၇ | ဗိုလ်မှူး | သူရိန်ဇော် |
| (၆၀) | ကြည်း ၂၄၂၁၈ | ဗိုလ်မှူး | စိန်ထွန်း |
| (၆၁) | ကြည်း ၂၅၂၅၁ | ဗိုလ်မှူး | သိန်းထွန်း |
| (၆၂) | ကြည်း ၂၅၂၉၅ | ဗိုလ်မှူး | ဇော်ဇော်မိုး |
| (၆၃) | ကြည်း ၂၆၂၅၇ | ဗိုလ်မှူး | ဇော်ဝင်းနိုင် |
| (၆၄) | ကြည်း ၂၇၂၄၆ | ဗိုလ်မှူး | ဇင်လင်း |
| (၆၅) | ကြည်း ၂၇၄၀၂ | ဗိုလ်မှူး | မြင့်မောင် |
| (၆၆) | ကြည်း ၂၉၀၉၅ | ဗိုလ်မှူး | မြတ်ကို |
| (၆၇) | ကြည်း ၂၉၁၈၂ | ဗိုလ်မှူး | ရဲနိုင်လွင် |
| (၆၈) | ကြည်း ၂၉၃၃၈ | ဗိုလ်မှူး | ရဲစိုး |
| (၆၉) | ကြည်း ၂၉၇၀၉ | ဗိုလ်မှူး | ထင်အောင်ကျော် |
| (၇၀) | ကြည်း ၂၉၇၇၂ | ဗိုလ်မှူး | တင်အောင်ဝင်း |
| (၇၁) | ကြည်း ၂၉၇၇၇ | ဗိုလ်မှူး | စိုးသူ |
| (၇၂) | ကြည်း ၃၀၁၀၅ | ဗိုလ်မှူး | ဇင်မျိုးလတ် |
| (၇၃) | ကြည်း ၃၀၄၈၉ | ဗိုလ်မှူး | ကျော်ဇင်မိုး |
| (၇၄) | ကြည်း ၃၀၅၃၉ | ဗိုလ်မှူး | မြတ်သိန်း |
| (၇၅) | ကြည်း ၃၁၃၇၆ | ဗိုလ်မှူး | ထိန်လင်း |
| (၇၆) | ကြည်း ၃၁၉၁၉ | ဗိုလ်မှူး | ကျော်ဇင်လတ် |
| (၇၇) | ကြည်း ၃၂၄၁၃ | ဗိုလ်မှူး | ကျော်ကျော်ထက် |
| (၇၈) | ကြည်း ၃၃၁၇၀ | ဗိုလ်မှူး | သက်မိုးအောင် |
| (၇၉) | ကြည်း ၃၃၂၆၀ | ဗိုလ်မှူး | ဟန်စိုးထွဋ် |
| (၈၀) | ကြည်း ၃၃၅၃၉ | ဗိုလ်မှူး | နှင်းစိုး |
| (၈၁) | ကြည်း ၃၄၅၈၉ | ဗိုလ်မှူး | ရဲဝံ့ထက် |
| (၈၂) | ကြည်း ၃၄၇၅၂ | ဗိုလ်မှူး | စောကျော်အောင် |
| (၈၃) | ကြည်း ၃၄၈၉၂ | ဗိုလ်မှူး | မိုးမြင့်အောင် |
| (၈၄) | ကြည်း ၃၄၈၉၄ | ဗိုလ်မှူး | ထင်လင်းဦး |
| (၈၅) | ကြည်း ၃၅၀၇၉ | ဗိုလ်မှူး | မင်းမင်း |
| (၈၆) | ကြည်း ၃၅၃၈၃ | ဗိုလ်မှူး | သောင်းထိုက်စိုး |
| (၈၇) | ကြည်း ၃၅၉၄၅ | ဗိုလ်မှူး | နိုင်လင်း |
| (၈၈) | ကြည်း ၃၇၄၆၃ | ဗိုလ်မှူး | လွင်မောင်စိုး |
| (၈၉) | ကြည်း ၃၇၈၈၅ | ဗိုလ်မှူး | မြတ်သူရ |
| (၉၀) | ကြည်း ၃၇၉၆၄ | ဗိုလ်မှူး | ကျော်ကျော် |
| (၉၁) | ကြည်း ၃၈၂၁၉ | ဗိုလ်မှူး | မင်းဇာနည်ထွေး |
| (၉၂) | ရေ ၃၆၄၆ | ဗိုလ်မှူး | စိုးနိုင် |
| (၉၃) | ရေ ၃၆၈၁ | ဗိုလ်မှူး | မျိုးကိုကို |
| (၉၄) | ရေ ၃၆၈၉ | ဗိုလ်မှူး | အောင်ကျော်နှင်း |
| (၉၅) | ရေ ၃၇၉၇ | ဗိုလ်မှူး | တင့်လွင်စိုး |
| (၉၆) | ရေ ၄၀၃၈ | ဗိုလ်မှူး | အေးမင်းစိုး |
| (၉၇) | ရေ ၄၁၀၈ | ဗိုလ်မှူး | သီဟဇော် |
| (၉၈) | ရေ ၄၁၁၁ | ဗိုလ်မှူး | ကျော်သူရ |
| (၉၉) | လေ ၂၄၆၄ | ဗိုလ်မှူး | ရဲမြင့်လွင် |
| (၁၀၀) | လေ ၂၅၅၂ | ဗိုလ်မှူး | နေလင်းအောင် |
| (၁၀၁) | လေ ၂၅၉၉ | ဗိုလ်မှူး | စိုးမင်းအေး |
| (၁၀၂) | လေ ၂၆၀၉ | ဗိုလ်မှူး | ကျော်လင်း |
| (၁၀၃) | လေ ၂၆၄၈ | ဗိုလ်မှူး | အောင်သွင်စိုး |
| (၁၀၄) | လေ ၂၇၃၇ | ဗိုလ်မှူး | ဟိန်းမင်းထက် |
| (၁၀၅) | လေ ၂၇၄၁ | ဗိုလ်မှူး | မိုးဦးကျော် |
| (၁၀၆) | လေ ၂၈၇၉ | ဗိုလ်မှူး | ရဲသီဟထွန်း |
| (၁၀၇) | လေ ၂၈၉၆ | ဗိုလ်မှူး | မျိုးမင်းမောင် |
| (၁၀၈) | ကြည်း ၂၉၇၁၃ | ဗိုလ်မှူး/ဗိုလ်ကြီး | ကျော်မင်းဟန် |
| (၁၀၉) | ကြည်း ၂၉၇၉၁ | ဗိုလ်မှူး/ဗိုလ်ကြီး | တင်လင်း |
| (၁၁၀) | ကြည်း ၃၉၇၄၀ | ဗိုလ်မှူး/ဗိုလ်ကြီး | ထွန်းထွန်းအောင် |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂ /၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေအခန်း (၈) ပါပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကစိစစ်ပြီးဖြစ်၍ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ် ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁) | ကြည်း ၁၆၇၃၅ | ဗိုလ်ချုပ် | သန်းစိုး |
| (၂) | ကြည်း ၁၅၁၀၁ | ဗိုလ်မှူးချုပ် | ကိုကိုဝင်း |
| (၃) | ကြည်း ၁၇၉၇၄ | ဗိုလ်မှူးချုပ် | အောင်စန်းချစ် |
| (၄) | ကြည်း ၁၈၀၃၅ | ဗိုလ်မှူးချုပ် | ကျော်ကျော်စိုး |
| (၅) | ကြည်း ၁၉၅၂၅ | ဗိုလ်မှူးချုပ် | ခင်မောင်အေး |
| (၆) | ကြည်း ၂၀၃၃၁ | ဗိုလ်မှူးချုပ် | သက်ထွန်းအောင် |
| (၇) | ကြည်း ၁၈၀၂၀ | ဗိုလ်မှူးကြီး | အောင်ခင်ဇော် |
| (၈) | ကြည်း ၁၉၇၂၇ | ဗိုလ်မှူးကြီး | လှဝင်းအောင် |
| (၉) | ကြည်း ၁၉၇၅၃ | ဗိုလ်မှူးကြီး | သန်းထိုက် |
| (၁၀) | ကြည်း ၂၀၅၈၆ | ဗိုလ်မှူးကြီး | မြင့်ဆွေ |
| (၁၁) | ကြည်း ၂၁၅၀၃ | ဒုတိယဗိုလ်မှူးကြီး | ဇော်မိုး |
| (၁၂) | ကြည်း ၂၂၇၈၄ | ဒုတိယဗိုလ်မှူးကြီး | ထွန်းမြင့် |
| (၁၃) | ကြည်း ၂၄၉၂၇ | ဒုတိယဗိုလ်မှူးကြီး | ရဲနိုင်ဦး |
| (၁၄) | ကြည်း ၂၆၁၄၈ | ဒုတိယဗိုလ်မှူးကြီး | ကျော်စံဦး |
| (၁၅) | ကြည်း ၂၆၇၇၁ | ဒုတိယဗိုလ်မှူးကြီး | စိုးရွှေ |
| (၁၆) | ကြည်း ၂၈၂၇၄ | ဒုတိယဗိုလ်မှူးကြီး | သိန်းလွင် |
| (၁၇) | ကြည်း ၂၉၃၇၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမြင့်ထွန်း |
| (၁၈) | ကြည်း ၂၉၄၈၆ | ဒုတိယဗိုလ်မှူးကြီး | ဇာနည်အောင် |
| (၁၉) | ကြည်း ၂၉၆၁၅ | ဒုတိယဗိုလ်မှူးကြီး | အောင်ကျော်ဇော |
| (၂၀) | ကြည်း ၂၉၆၄၃ | ဒုတိယဗိုလ်မှူးကြီး | တင်လင်းဦး |
| (၂၁) | ကြည်း ၂၃၀၄၈ | ဗိုလ်မှူး | ဇဝန |
| (၂၂) | ကြည်း ၂၆၂၀၉ | ဗိုလ်မှူး | အောင်နိုင်ဦး |
| (၂၃) | ကြည်း ၂၇၃၅၆ | ဗိုလ်မှူး | ဝင်းသိန်း |
| (၂၄) | ကြည်း ၂၈၆၉၃ | ဗိုလ်မှူး | တင်အောင်မိုး |
| (၂၅) | ကြည်း ၂၉၂၀၉ | ဗိုလ်မှူး | ကျော်နိုင်ဌေး |
| (၂၆) | ကြည်း ၃၀၅၆၆ | ဗိုလ်မှူး | နေမျိုးကျော် |
| (၂၇) | ကြည်း ၃၀၅၇၇ | ဗိုလ်မှူး | တင်မောင်ဝင်း |
| (၂၈) | ကြည်း ၃၁၂၇၄ | ဗိုလ်မှူး | မောင်မောင်ငြိမ်း |
| (၂၉) | ကြည်း ၃၁၃၁၄ | ဗိုလ်မှူး | မျိုးထွန်းအောင် |
| (၃၀) | ကြည်း ၃၁၄၀၁ | ဗိုလ်မှူး | သန်းထွန်းမြင့် |
| (၃၁) | ကြည်း ၃၁၉၃၃ | ဗိုလ်မှူး | နေအောင်ဦး |
| (၃၂) | ကြည်း ၃၂၄၇၅ | ဗိုလ်မှူး | ဇော်လင်းအောင် |
| (၃၃) | ကြည်း ၃၃၁၅၂ | ဗိုလ်မှူး | သိန်းဘိုဘိုထွေး |
| (၃၄) | ကြည်း ၃၃၄၄၅ | ဗိုလ်မှူး | ဝင်းနိုင် |
| (၃၅) | ကြည်း ၃၃၅၀၉ | ဗိုလ်မှူး | ရဲဝင့်စိုး |
| (၃၆) | ကြည်း ၃၃၅၁၀ | ဗိုလ်မှူး | ရဲမင်းထွေး |
| (၃၇) | ကြည်း ၃၃၅၁၈ | ဗိုလ်မှူး | မျိုးမောင်သိန်း |
| (၃၈) | ကြည်း ၃၃၅၆၅ | ဗိုလ်မှူး | မျိုးမင်းသန့် |
| (၃၉) | ကြည်း ၃၄၀၄၂ | ဗိုလ်မှူး | အောင်ကိုမင်း |
| (၄၀) | ကြည်း ၃၄၇၁၁ | ဗိုလ်မှူး | တင့်လွင်အေး |
| (၄၁) | ကြည်း ၃၄၈၇၇ | ဗိုလ်မှူး | ဇော်ထွန်း |
| (၄၂) | ကြည်း ၃၅၁၈၈ | ဗိုလ်မှူး | နိုင်ဝင်းလတ် |
| (၄၃) | ကြည်း ၃၅၃၅၄ | ဗိုလ်မှူး | သိန်းလွင်ဌေး |
| (၄၄) | ကြည်း ၃၅၃၅၇ | ဗိုလ်မှူး | သက်ဝင်း |
| (၄၅) | ကြည်း ၃၅၄၅၃ | ဗိုလ်မှူး | ကိုကိုနိုင် |
| (၄၆) | ကြည်း ၃၅၆၀၀ | ဗိုလ်မှူး | သန်းဇော်ထွန်း |
| (၄၇) | ကြည်း ၃၆၂၅၃ | ဗိုလ်မှူး | ဖြိုးဝေတင့် |
| (၄၈) | ကြည်း ၃၈၃၉၂ | ဗိုလ်မှူး | ဟိန်းမင်းစိုး |
| (၄၉) | ကြည်း ၃၈၄၈၀ | ဗိုလ်မှူး | ဝင်းနိုင်ဦး |
| (၅၀) | ကြည်း ၃၈၅၉၆ | ဗိုလ်မှူး | မင်းခန့် |
| (၅၁) | ကြည်း ၃၉၆၉၄ | ဗိုလ်မှူး | ထက်ကိုကိုအောင် |
| (၅၂) | ကြည်း ၄၆၉၇၇ | ဗိုလ်ကြီး | ကျော်မြတ်စိုး |
| (၅၃) | ရေ ၄၁၄၆ | ဗိုလ်မှူး | အောင်ဖြိုးကျော် |
| (၅၄) | ရေ ၄၁၅၄ | ဗိုလ်မှူး | ကိုကို |
| (၅၅) | လေ ၁၇၉၁ | ဗိုလ်မှူးချုပ် | ကျော်ဆွေဦး |
| (၅၆) | လေ ၃၀၀၅ | ဗိုလ်မှူး | မိုးဟန် |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃ /၂၀၁၆ )**
**၁၃၇၇ ခုနှစ် ၊ ပြာသိုလဆန်း ၉ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)**
**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်**
**ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်း ကြေညာခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေအခန်း(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၁ အရ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၀၀၈၁ | ဗိုလ်မှူးကြီး | သူရမျိုးတင် |
| ( ၂ ) | ကြည်း ၂၄၃၂၉ | ဗိုလ်မှူး | အောင်ဆန်းဝင်း |
| ( ၃ ) | ကြည်း ၂၇၉၄၄ | ဗိုလ်မှူး | တေဇာလင်း |
| ( ၄ ) | ကြည်း ၂၈၃၉၈ | ဗိုလ်မှူး | စိုးနိုင် |
| ( ၅ ) | ကြည်း ၃၁၂၉၇ | ဗိုလ်မှူး | သောင်းအေး |
| ( ၆ ) | ကြည်း ၃၂၃၆၄ | ဗိုလ်မှူး | မျိုးသူအောင် |
| ( ၇ ) | ကြည်း ၃၄၉၅၆ | ဗိုလ်မှူး | ဇော်လင်းအောင် |
| ( ၈ ) | ကြည်း ၃၅၄၆၈ | ဗိုလ်မှူး | လှိုင်ဖြိုးဝေ |
| ( ၉ ) | ကြည်း ၃၆၉၁၄ | ဗိုလ်မှူး | ဝင်းမျိုးအောင် |
| (၁၀) | ကြည်း ၃၈၁၇၀ | ဗိုလ်မှူး | ဆန်းကျော်သူ |
| (၁၁) | ကြည်း ၂၈၄၇၇ | ဗိုလ်မှူး/ဗိုလ်ကြီး | သက်ထွန်းဦး |
| (၁၂) | ကြည်း ၄၃၂၀၃ | ဗိုလ်ကြီး | ဖြိုးဝေမြင့် |
| (၁၃) | ကြည်း ၄၇၇၄၂ | ဗိုလ်ကြီး | ကောင်းမြတ်သူ |

**ကယားပြည်နယ်လွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၂၅၈၂ | ဗိုလ်မှူးကြီး | ဇော်မျိုးတင် |
| ( ၂ ) | ကြည်း ၂၂၆၀၃ | ဗိုလ်မှူး | နေထွန်း |
| ( ၃ ) | ကြည်း ၂၆၇၂၄ | ဗိုလ်မှူး | မင်းသူ |
| ( ၄ ) | ကြည်း ၃၅၈၁၂ | ဗိုလ်မှူး | အောင်ခိုင်စိုး |
| ( ၅ ) | ကြည်း ၃၀၆၄၀ | ဗိုလ်ကြီး | မျိုးမြင့် |

**ကရင်ပြည်နယ်လွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၁၈၆၃၇ | ဗိုလ်မှူးကြီး | အောင်လွင် |
| ( ၂ ) | ကြည်း ၂၈၂၈၈ | ဒုတိယဗိုလ်မှူးကြီး | မင်းရဲထွေး |
| ( ၃ ) | ကြည်း ၃၂၃၇၇ | ဗိုလ်မှူး | ထင်လင်းကျော် |
| ( ၄ ) | ကြည်း ၃၂၄၁၄ | ဗိုလ်မှူး | ဟိန်းမောင်မြင့် |
| ( ၅ ) | ကြည်း ၃၆၂၁၇ | ဗိုလ်မှူး | တေဇာအောင် |
| ( ၆ ) | ကြည်း ၃၀၇၄၅ | ဗိုလ်ကြီး | ဦးကျော်အေး |

**ချင်းပြည်နယ်လွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၁၁၂၃ | ဗိုလ်မှူးကြီး | ကျော်ကျော် |
| ( ၂ ) | ကြည်း ၃၄၇၂၄ | ဗိုလ်မှူး | တင်အောင်မိုး |
| ( ၃ ) | ကြည်း ၃၅၄၁၉ | ဗိုလ်မှူး | အာကာကျော်မိုး |
| ( ၄ ) | ကြည်း ၄၂၅၇၇ | ဗိုလ်ကြီး | ညဏ်ထွဋ်ဆွေ |
| ( ၅ ) | ကြည်း ၄၃၃၆၇ | ဗိုလ်ကြီး | ဖြိုးဖြိုး |
| ( ၆ ) | ကြည်း ၅၂၅၅၈ | ဗိုလ်ကြီး | ပြည့်ဟိန်း |

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၁၆၆၆၇ | ဗိုလ်မှူးကြီး | ကျော်သန့်နိုင် |
| ( ၂ ) | ကြည်း ၂၁၀၅၇ | ဗိုလ်မှူး | ဖုန်းမြင့်နိုင် |
| ( ၃ ) | ကြည်း ၃၀၄၁၉ | ဗိုလ်မှူး | သက်နိုင်ဦး |
| ( ၄ ) | ကြည်း ၃၀၅၈၇ | ဗိုလ်မှူး | သန်းထိုက်အောင် |
| ( ၅ ) | ကြည်း ၃၁၃၆၆ | ဗိုလ်မှူး | သိန်းထူး |
| ( ၆ ) | ကြည်း ၃၃၄၀၄ | ဗိုလ်မှူး | အောင်သူရ |
| ( ၇ ) | ကြည်း ၃၄၇၆၅ | ဗိုလ်မှူး | သက်စိုးအောင် |
| ( ၈ ) | ကြည်း ၃၅၇၈၂ | ဗိုလ်မှူး | ကျော်သူရဝင်း |
| ( ၉ ) | ကြည်း ၃၇၂၀၇ | ဗိုလ်မှူး | နိုင်ဇင်သက် |
| (၁၀) | ကြည်း ၃၇၈၁၀ | ဗိုလ်မှူး | ကျော်သက်နိုင် |
| (၁၁) | ကြည်း ၂၇၆၀၁ | ဗိုလ်မှူး/ဗိုလ်ကြီး | သက်နိုင်အေး |
| (၁၂) | ကြည်း ၂၈၄၇၀ | ဗိုလ်မှူး/ဗိုလ်ကြီး | သက်နိုင်ဦး |
| (၁၃) | ကြည်း ၃၉၀၀၀ | ဗိုလ်မှူး/ဗိုလ်ကြီး | ညဏ်မင်းမောင် |
| (၁၄) | ကြည်း ၂၈၅၆၆ | ဗိုလ်ကြီး | ကျော်မင်း |
| (၁၅) | ကြည်း ၃၁၂၆၁ | ဗိုလ်ကြီး | ဘရီ |
| (၁၆) | ကြည်း ၃၂၆၇၀ | ဗိုလ်ကြီး | နိုင်ဝင်း |
| (၁၇) | ကြည်း ၃၂၇၁၇ | ဗိုလ်ကြီး | မောင်မောင်မြင့် |
| (၁၈) | ကြည်း ၃၅၀၇၅ | ဗိုလ်ကြီး | ကျော်ဝင်းလှိုင် |
| (၁၉) | ကြည်း ၃၆၀၀၁ | ဗိုလ်ကြီး | ဝင်းမင်းအောင် |
| (၂၀) | ကြည်း ၃၆၀၁၀ | ဗိုလ်ကြီး | ခန့်ဟိန်း |
| (၂၁) | ကြည်း ၃၆၃၁၂ | ဗိုလ်ကြီး | လွှမ်းမိုးအောင် |
| (၂၂) | ကြည်း ၄၂၆၄၀ | ဗိုလ်ကြီး | အောင်ထွန်း |
| (၂၃) | ကြည်း ၄၅၃၀၃ | ဗိုလ်ကြီး | လင်းအောင်သက် |
| (၂၄) | ကြည်း ၄၈၂၄၆ | ဗိုလ်ကြီး | ပြည့်ဖြိုးကျော် |
| (၂၅) | ကြည်း ၄၈၇၆၆ | ဗိုလ်ကြီး | ရာဇာထက် |

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၁၈၉၃၇ | ဗိုလ်မှူးကြီး | ဇော်လွင် |
| ( ၂ ) | ကြည်း ၂၆၁၁၃ | ဗိုလ်မှူး | ထွန်းထွန်းဦး |
| ( ၃ ) | ကြည်း ၂၇၅၁၉ | ဗိုလ်မှူး | ဆွေလွင်အောင် |
| ( ၄ ) | ကြည်း ၃၀၆၆၈ | ဗိုလ်မှူး | လှထွန်း |
| ( ၅ ) | ကြည်း ၃၅၁၄၃ | ဗိုလ်မှူး | ငွေစိုး |
| ( ၆ ) | ကြည်း ၃၆၂၄၁ | ဗိုလ်မှူး | ကျော်ရဲမြင့် |
| ( ၇ ) | ကြည်း ၄၃၂၅၉ | ဗိုလ်ကြီး | သက်နိုင်စိုး |

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၁၆၄၃၈ | ဗိုလ်မှူးကြီး | ခင်မောင်ဌေး |
| ( ၂ ) | ကြည်း ၂၉၆၈၂ | ဗိုလ်မှူး | မြတ်လှိုင် |
| ( ၃ ) | ကြည်း ၂၉၆၉၉ | ဗိုလ်မှူး | တင်မျိုးနောင် |
| ( ၄ ) | ကြည်း ၂၃၉၅၈ | ဗိုလ်မှူး | ကိုကိုလတ် |
| ( ၅ ) | ကြည်း ၂၃၉၇၄ | ဗိုလ်မှူး | သိန်းလွင်ဦး |
| ( ၆ ) | ကြည်း ၂၄၁၈၇ | ဗိုလ်မှူး | အောင်ကျော်မိုး |
| ( ၇ ) | ကြည်း ၂၆၁၆၆ | ဗိုလ်မှူး | ဇော်လွင် |
| ( ၈ ) | ကြည်း ၂၈၃၆၁ | ဗိုလ်မှူး | သိန်းခိုင်မြင့် |
| ( ၉ ) | ကြည်း ၂၉၁၄၈ | ဗိုလ်မှူး | ဖြိုးမင်းသန့် |
| (၁၀) | ကြည်း ၃၀၀၈၃ | ဗိုလ်မှူး | ရဲမောင် |
| (၁၁) | ကြည်း ၃၃၅၃၁ | ဗိုလ်မှူး | နိုင်ဝင်းဌေး |
| (၁၂) | ကြည်း ၃၄၉၀၇ | ဗိုလ်မှူး | ဖြိုးဟိန်းကျော် |
| (၁၃) | ကြည်း ၃၅၆၀၆ | ဗိုလ်မှူး | ဇေယျာဦး |
| (၁၄) | ကြည်း ၃၆၀၂၃ | ဗိုလ်မှူး | ကျော်ဝင်းထွန်း |
| (၁၅) | ကြည်း ၃၇၁၆၄ | ဗိုလ်မှူး | ပြည့်ဖြိုးဇော် |
| (၁၆) | လေ ၃၀၈၈ | ဗိုလ်မှူး/ဗိုလ်ကြီး | ရန်နိုင်စန်း |
| (၁၇) | ကြည်း ၃၃၇၇၂ | ဗိုလ်ကြီး | ကျော်မင်း |
| (၁၈) | ကြည်း ၃၅၁၃၂ | ဗိုလ်ကြီး | ခင်မောင်ဝင်း |
| (၁၉) | ကြည်း ၄၇၆၄၇ | ဗိုလ်ကြီး | နိုင်အောင်ခင် |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၀၅၉၅ | ဗိုလ်မှူးကြီး | နိုင်ဦး |
| ( ၂ ) | ကြည်း ၂၅၂၉၇ | ဗိုလ်မှူး | ကျော်စိုးလင်း |
| ( ၃ ) | ကြည်း ၂၇၁၈၅ | ဗိုလ်မှူး | မြင့်သီဟ |
| ( ၄ ) | ကြည်း ၂၉၅၆၄ | ဗိုလ်မှူး | ရဲမြင့် |
| ( ၅ ) | ကြည်း ၃၃၆၉၄ | ဗိုလ်မှူး | သစ်လွင် |
| ( ၆ ) | ကြည်း ၃၆၀၄၈ | ဗိုလ်မှူး | သန်းစိုးဦး |
| ( ၇ ) | ကြည်း ၃၆၁၀၆ | ဗိုလ်မှူး | မျိုးမင်းမင်း |
| ( ၈ ) | ကြည်း ၃၆၃၅၃ | ဗိုလ်မှူး | ကိုကို |
| ( ၉ ) | ကြည်း ၃၆၅၀၂ | ဗိုလ်မှူး | ဇော်ဦးလတ် |
| (၁၀) | ကြည်း ၃၆၅၄၄ | ဗိုလ်မှူး | မြတ်သူ |
| (၁၁) | ကြည်း ၂၉၉၈၉ | ဗိုလ်ကြီး | တင်ဌေး |
| (၁၂) | ကြည်း ၄၅၀၂၀ | ဗိုလ်ကြီး | ဖြူဝင်း |
| (၁၃) | ကြည်း ၄၆၈၀၄ | ဗိုလ်ကြီး | စိုးသူ |
| (၁၄) | ကြည်း ၄၇၁၇၉ | ဗိုလ်ကြီး | ဝေဖြိုးအောင် |
| (၁၅) | ကြည်း ၄၇၂၈၇ | ဗိုလ်ကြီး | ပိုင်မျိုးထက် |
| (၁၆) | ကြည်း ၄၇၄၅၆ | ဗိုလ်ကြီး | ကျော်ကိုဦး |
| (၁၇) | လေ ၃၄၀၉ | ဗိုလ်ကြီး | ဟန်ဝင်းအောင် |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၁၆၅၈ | ဗိုလ်မှူးကြီး | မျိုးမင်းအောင် |
| ( ၂ ) | ကြည်း ၂၆၀၉၇ | ဒုတိယဗိုလ်မှူးကြီး | ကျော်နိုင်စိုး |
| ( ၃ ) | ကြည်း ၂၉၅၉၅ | ဒုတိယဗိုလ်မှူးကြီး | ကျော်နိုင် |
| ( ၄ ) | ကြည်း ၂၉၅၁၈ | ဗိုလ်မှူး | ကျော်ကျော်အောင် |
| ( ၅ ) | ကြည်း ၃၁၁၆၆ | ဗိုလ်မှူး | အောင်စည်မျိုး |
| ( ၆ ) | ကြည်း ၂၁၈၆၉ | ဗိုလ်မှူး | ခင်မောင်မြင့် |
| ( ၇ ) | ကြည်း ၂၃၂၇၀ | ဗိုလ်မှူး | ဇော်မြင့် |
| ( ၈ ) | ကြည်း ၂၃၂၇၇ | ဗိုလ်မှူး | သိန်းဟန် |
| ( ၉ ) | ကြည်း ၂၄၂၃၁ | ဗိုလ်မှူး | ကျော်သူလွင် |
| (၁၀) | ကြည်း ၂၄၈၈၂ | ဗိုလ်မှူး | တင်လှိုင် |
| (၁၁) | ကြည်း ၂၅၀၉၇ | ဗိုလ်မှူး | အောင်သီဟ |
| (၁၂) | ကြည်း ၂၈၃၂၅ | ဗိုလ်မှူး | သိန်းဌေးမောင် |
| (၁၃) | ကြည်း ၃၀၅၁၉ | ဗိုလ်မှူး | ဟန်ဝင်းဇော် |
| (၁၄) | ကြည်း ၃၄၃၃၄ | ဗိုလ်မှူး | ဇော်ဇော်ရည်မွန် |
| (၁၅) | ကြည်း ၃၅၆၃၁ | ဗိုလ်မှူး | ညဏ်ဖြိုးခိုင် |
| (၁၆) | ကြည်း ၂၅၂၀၅ | ဗိုလ်မှူး/ဗိုလ်ကြီး | အောင်မင်းထွေး |
| (၁၇) | ကြည်း ၂၉၅၀၆ | ဗိုလ်မှူး/ဗိုလ်ကြီး | စိုးထွေးအောင် |
| (၁၈) | ကြည်း ၃၉၀၅၁ | ဗိုလ်မှူး/ဗိုလ်ကြီး | ကျော်ဇင်လတ် |
| (၁၉) | ကြည်း ၃၃၇၀၁ | ဗိုလ်ကြီး | ကျော်စွာဝင်း |

**မွန်ပြည်နယ်လွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၁၉၃၁၉ | ဗိုလ်မှူးကြီး | ဝင်းနိုင်ဦး |
| ( ၂ ) | ကြည်း ၂၀၅၇၃ | ဗိုလ်မှူး | စိုးမြင့်ဦး |
| ( ၃ ) | ကြည်း ၂၄၀၅၀ | ဗိုလ်မှူး | လှမိုးသိန်း |
| ( ၄ ) | ကြည်း ၂၈၀၃၄ | ဗိုလ်မှူး | ဇော်လင်းအောင် |
| ( ၅ ) | ရေ ၃၇၀၀ | ဗိုလ်မှူး | သိန်းဇော် |
| ( ၆ ) | ရေ ၃၈၄၅ | ဗိုလ်မှူး | အောင်မြတ်မိုး |
| ( ၇ ) | ကြည်း ၂၇၅၅၀ | ဗိုလ်မှူး/ဗိုလ်ကြီး | ကျော်စွာဦး |
| ( ၈ ) | ကြည်း ၅၁၃၂၂ | ဗိုလ်ကြီး | ဝဏ္ဏနိုင် |

**ရခိုင်ပြည်နယ်လွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၁၇၅၁၇ | ဗိုလ်မှူးကြီး | ထိန်လင်း |
| ( ၂ ) | ကြည်း ၂၄၃၂၇ | ဒုတိယဗိုလ်မှူးကြီး | ချိုဦး |
| ( ၃ ) | ကြည်း ၂၈၀၆၄ | ဒုတိယဗိုလ်မှူးကြီး | နိုင်ဝင်းအေး |
| ( ၄ ) | ကြည်း ၃၀၈၆၀ | ဗိုလ်မှူး | မင်းဦး |
| ( ၅ ) | ကြည်း ၂၂၀၀၅ | ဗိုလ်မှူး | သိန်းထွန်း |
| ( ၆ ) | ကြည်း ၂၈၃၇၅ | ဗိုလ်မှူး | အောင်ဇင်သန်း |
| ( ၇ ) | ကြည်း ၃၂၅၇၁ | ဗိုလ်မှူး | မြင့်နိုင် |
| ( ၈ ) | ကြည်း ၃၅၃၆၄ | ဗိုလ်မှူး | ဟိန်းဇေမြင့် |
| ( ၉ ) | ရေ ၃၉၀၀ | ဗိုလ်မှူး | စိုးပိုင် |
| (၁၀) | ရေ ၄၀၆၂ | ဗိုလ်မှူး | ကောင်းမြတ်စိုး |
| (၁၁) | ကြည်း ၄၂၅၉၅ | ဗိုလ်ကြီး | သက်နိုင်မြင့် |
| (၁၂) | ကြည်း ၄၈၃၅၂ | ဗိုလ်ကြီး | ကျော်သူ |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | လေ ၁၇၉၃ | ဗိုလ်မှူးချုပ် | သိန်းနိုင် |
| ( ၂ ) | ကြည်း ၂၀၆၈၂ | ဗိုလ်မှူးကြီး | တင်အောင်ထွန်း |
| ( ၃ ) | ကြည်း ၃၀၀၆၄ | ဒုတိယဗိုလ်မှူးကြီး | ဇော်မျိုးထွန်း |
| ( ၄ ) | ကြည်း ၃၀၅၆၃ | ဒုတိယဗိုလ်မှူးကြီး | အေးရွှေ |
| ( ၅ ) | ရေ ၃၉၃၇ | ဒုတိယဗိုလ်မှူးကြီး | ကိုကိုမောင် |
| ( ၆ ) | ရေ ၄၀၁၂ | ဗိုလ်မှူး | သန်းနိုင် |
| ( ၇ ) | ကြည်း ၂၀၃၀၄ | ဗိုလ်မှူး | တင်ထွန်း |
| ( ၈ ) | ကြည်း ၂၄၀၃၅ | ဗိုလ်မှူး | ဝင်းနိုင်အောင် |
| ( ၉ ) | ကြည်း ၂၄၃၃၆ | ဗိုလ်မှူး | ဇော်လွင်ထွန်း |
| (၁၀) | ကြည်း ၂၅၂၄၅ | ဗိုလ်မှူး | ကျော်ဇင်ဦး |
| (၁၁) | ကြည်း ၂၇၄၀၃ | ဗိုလ်မှူး | မျိုးခိုင် |
| (၁၂) | ကြည်း ၂၇၇၆၈ | ဗိုလ်မှူး | အောင်သန်းဝင်း |
| (၁၃) | ကြည်း ၃၀၂၄၇ | ဗိုလ်မှူး | မင်းမင်းထွန်း |
| (၁၄) | ကြည်း ၃၀၅၇၅ | ဗိုလ်မှူး | သန့်ဇင်လှိုင် |
| (၁၅) | ကြည်း ၃၃၆၂၆ | ဗိုလ်မှူး | မင်းအောင်ဇော် |
| (၁၆) | ကြည်း ၃၄၆၅၁ | ဗိုလ်မှူး | နေလင်းအောင် |
| (၁၇) | ကြည်း ၃၅၉၀၆ | ဗိုလ်မှူး | ကောင်းသန့်ကျော် |
| (၁၈) | ကြည်း ၃၆၂၅၈ | ဗိုလ်မှူး | စံသာနေအောင် |
| (၁၉) | ကြည်း ၃၈၀၈၃ | ဗိုလ်မှူး | သူရိန် |
| (၂၀) | ရေ ၃၆၄၁ | ဗိုလ်မှူး | အောင်ကျော်လွင် |
| (၂၁) | ရေ ၃၉၇၈ | ဗိုလ်မှူး | ကျော်ကို |
| (၂၂) | လေ ၂၅၅၄ | ဗိုလ်မှူး | ဖုန်းဇော်အောင် |
| (၂၃) | လေ ၂၈၂၂ | ဗိုလ်မှူး | အောင်ကိုမြင့် |
| (၂၄) | လေ ၂၈၅၄ | ဗိုလ်မှူး | မျိုးမင်းထွန်း |
| (၂၅) | အင်န်- ၅၆၄ | ဗိုလ်မှူး | ဒေါ်နှင်းယုကျော် |
| (၂၆) | ကြည်း ၃၉၀၂၈ | ဗိုလ်မှူး/ဗိုလ်ကြီး | ငြိမ်းချမ်းအောင် |
| (၂၇) | ကြည်း ၃၉၀၆၇ | ဗိုလ်မှူး/ဗိုလ်ကြီး | ဟိန်းဇော် |
| (၂၈) | ကြည်း ၂၇၇၆၉ | ဗိုလ်ကြီး | ခင်မောင်ဝင်း |
| (၂၉) | ကြည်း ၃၀၆၈၂ | ဗိုလ်ကြီး | ထင်အောင်ကျော် |
| (၃၀) | ကြည်း ၃၂၄၆၉ | ဗိုလ်ကြီး | သန်းမြင့် |
| (၃၁) | ကြည်း ၄၂၉၆၃ | ဗိုလ်ကြီး | ခိုင်ဟိန်း |

**ရှမ်းပြည်နယ်လွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၁၉၇၂၉ | ဗိုလ်မှူးကြီး | စိုးမိုးအောင် |
| ( ၂ ) | ကြည်း ၂၉၆၉၀ | ဒုတိယဗိုလ်မှူးကြီး | သန်းလွင် |
| ( ၃ ) | ကြည်း ၃၀၅၄၅ | ဗိုလ်မှူး | ညီညီတင် |
| ( ၄ ) | ကြည်း ၂၁၃၈၄ | ဗိုလ်မှူး | စိုးသူရ |
| ( ၅ ) | ကြည်း ၂၄၁၆၆ | ဗိုလ်မှူး | သန်းထွန်းဦး |
| ( ၆ ) | ကြည်း ၂၄၉၅၆ | ဗိုလ်မှူး | ဇော်ထွန်း |
| ( ၇ ) | ကြည်း ၂၅၁၇၄ | ဗိုလ်မှူး | စောစိန်ကျော် |
| ( ၈ ) | ကြည်း ၂၅၃၀၃ | ဗိုလ်မှူး | ဝင်းဟန် |
| ( ၉ ) | ကြည်း ၂၆၁၉၀ | ဗိုလ်မှူး | အောင်မျိုးကြည် |
| (၁၀) | ကြည်း ၂၇၄၃၀ | ဗိုလ်မှူး | သိန်းဇော်ဦး |
| (၁၁) | ကြည်း ၂၇၄၈၈ | ဗိုလ်မှူး | ဇော်မိုးလွင် |
| (၁၂) | ကြည်း ၂၈၂၄၂ | ဗိုလ်မှူး | နေမျိုးဦး |
| (၁၃) | ကြည်း ၂၈၄၇၄ | ဗိုလ်မှူး | အောင်သူခိုင် |
| (၁၄) | ကြည်း ၃၀၀၈၉ | ဗိုလ်မှူး | ဇော်လင်းထွေး |
| (၁၅) | ကြည်း ၃၀၅၈၉ | ဗိုလ်မှူး | စိုးသူထွန်း |
| (၁၆) | ကြည်း ၃၁၂၅၈ | ဗိုလ်မှူး | အောင်နိုင်ထွန်း |
| (၁၇) | ကြည်း ၃၃၀၈၀ | ဗိုလ်မှူး | ကျော်ဇေယျ |
| (၁၈) | ကြည်း ၃၃၅၂၂ | ဗိုလ်မှူး | အောင်ဇော်မျိုး |
| (၁၉) | ကြည်း ၃၅၆၅၂ | ဗိုလ်မှူး | ကျော်ကျော်ဝေ |
| (၂၀) | ကြည်း ၃၅၉၃၆ | ဗိုလ်မှူး | ရီမွန် |
| (၂၁) | ကြည်း ၃၆၁၃၃ | ဗိုလ်မှူး | ဖြိုးဝေဇော် |
| (၂၂) | ကြည်း ၃၆၂၀၁ | ဗိုလ်မှူး | မျိုးမင်းသူ |
| (၂၃) | ကြည်း ၃၆၃၂၀ | ဗိုလ်မှူး | ရဲမြတ်ထွန်း |
| (၂၄) | ကြည်း ၂၉၇၅၂ | ဗိုလ်မှူး/ဗိုလ်ကြီး | ညီညီမင်း |
| (၂၅) | ကြည်း ၃၁၆၅၆ | ဗိုလ်ကြီး | မြင့်ထွန်းနိုင် |
| (၂၆) | ကြည်း ၃၃၇၃၁ | ဗိုလ်ကြီး | တေဇာအောင် |
| (၂၇) | ကြည်း ၃၃၈၀၄ | ဗိုလ်ကြီး | ပေါ်လာ |
| (၂၈) | ကြည်း ၃၄၉၀၈ | ဗိုလ်ကြီး | စိုးခိုင် |
| (၂၉) | ကြည်း ၃၅၁၉၇ | ဗိုလ်ကြီး | ဆန်းလင်း |
| (၃၀) | ကြည်း ၃၅၆၉၉ | ဗိုလ်ကြီး | အောင်ကျော်မြင့်ဝင်း |
| (၃၁) | ကြည်း ၄၃၂၁၀ | ဗိုလ်ကြီး | ကျော်ခန့် |
| (၃၂) | ကြည်း ၄၆၃၁၇ | ဗိုလ်ကြီး | မျိုးကိုကိုဝင်း |
| (၃၃) | ကြည်း ၅၁၄၇၇ | ဗိုလ်ကြီး | မြတ်မင်းအောင် |
| (၃၄) | ကြည်း ၆၀၂၃၃ | ဗိုလ်ကြီး | ကျော်ဇင်အောင် |

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၅၁၃၀ | ဗိုလ်မှူးကြီး | ကျော်စွာလှိုင် |
| ( ၂ ) | ကြည်း ၂၈၅၂၁ | ဗိုလ်မှူး | မော်သူရိန် |
| ( ၃ ) | ကြည်း ၃၆၄၄၃ | ဗိုလ်မှူး | မျိုးသန့် |

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

စာမျက်နှာ ၉ မှ

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၄ ) | ရေ ၄၁၅၉ | ဗိုလ်မှူး | အောင်ပြည့်စုံ |
| ( ၅ ) | ရေ ၄၂၄၇ | ဗိုလ်မှူး | ဖြိုးသူထွန်း |
| ( ၆ ) | လေ ၂၈၈၀ | ဗိုလ်မှူး | ဝဏ္ဏစိုး |
| ( ၇ ) | လေ ၃၀၇၄ | ဗိုလ်မှူး | အောင်ကျော်မိုး |
| ( ၈ ) | ကြည်း ၂၉၇၇၀ | ဗိုလ်ကြီး | အောင်ကြည်စိုး |
| ( ၉ ) | ကြည်း ၃၁၂၈၃ | ဗိုလ်ကြီး | လင်းသက်အောင် |
| (၁၀) | ကြည်း ၃၂၅၇၂ | ဗိုလ်ကြီး | ငြိမ်းချမ်းဝင်း |
| (၁၁) | ကြည်း ၃၃၉၀၀ | ဗိုလ်ကြီး | တင်ဝင်းနိုင် |
| (၁၂) | ကြည်း ၃၄၉၆၀ | ဗိုလ်ကြီး | ကျော်ထွန်း |
| (၁၃) | ကြည်း ၃၅၀၀၀ | ဗိုလ်ကြီး | နောင်ကိုလတ် |
| (၁၄) | ကြည်း ၄၅၃၂၃ | ဗိုလ်ကြီး | ဟန်ဇော်ထွန်း |
| (၁၅) | ကြည်း ၄၈၂၀၀ | ဗိုလ်ကြီး | သိန်းတန် |
| (၁၆) | ကြည်း ၄၈၃၇၃ | ဗိုလ်ကြီး | ဇင်လင်း |
| (၁၇) | ကြည်း ၅၃၆၈၀ | ဗိုလ်ကြီး | ဇာနည်အောင် |
| (၁၈) | ကြည်း ၅၃၈၆၅ | ဗိုလ်ကြီး | ညဏ်ထွန်း |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## အမျိုးသားလွှတ်တော်မှ

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တယ်လီဖုန်းတာဝါတိုင်စိုက်ထူပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ချင်းပြည်နယ် ဖလမ်းမိုက္ကရိုစခန်းတွင် ဂျီအက်စ်အမ်စနစ်ကို ဖွင့်လှစ်ထားရှိပါကြောင်း၊ ဖလမ်းမြို့နယ်အတွင်း အသဲကွဲတောင်စခန်း၊ ရိဒ်-ဖလမ်းစခန်း၊ ဖလမ်းအော်တိုစခန်းနှင့် ဗားလုံမိုက္ကရိုဝေ့ဗ်စခန်းတို့တွင် မိုဘိုင်းရေဒီယို GSM/UMTS စခန်းလေးခုကို ၂၀၁၆ ခုနှစ် ဇွန်လကုန်တွင် ဖွင့်လှစ်နိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM Co.,Ltd တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအစီအစဉ် အဆင့်(၃)တွင် လျာထားပြီးဖြစ်ပါကြောင်း၊ မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလိုင်စင် ရယူထားသည့် ပြည်ပအော်ပရေတာများ ဖြစ်သည့် တယ်လီနော မြန်မာနှင့် အော်ရီဒူး မြန်မာတို့မှ ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တာဝါတိုင်စိုက်ထူပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ**တို့၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများကို လွှတ်တော်က အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများအနက် **သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ**၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေက လည်းကောင်း၊ **ဥပဒေကြမ်းကော်မတီ**၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီနှင့် ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုးတို့က လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းရာ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင် အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မန္တလေး-မြစ်ကြီးနား အမှတ်(၄၁) အဆန်ရထား DF 1308 စက်ခေါင်း မိုးညှင်းမြို့နယ် မော်ဟန်ဘူတာနှင့် ကာဒူဘူတာအကြား မီးလောင်မှုဖြစ်ပွား

**မိုးညှင်း ဇန်နဝါရီ ၁၈**

မန္တလေး-မြစ်ကြီးနား အမှတ်(၄၁) အဆန်ရထား စက်ခေါင်းအမှတ် DF 1308 သည် မော်ဟန်ဘူတာနှင့် ကာဒူဘူတာကြား၌ ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ က အင်ဂျင်ခန်းမှ ရုတ်တရက်မီးလောင်မှု ဖြစ်ခဲ့ကြောင်း သိရသည်။

စက်ခေါင်းမှူး ဦးနေဝင်းလှိုင် မောင်းနှင်လာသော ယင်းရထားမှာ မီးလောင်စဉ် စက်ခေါင်းမှ မီးသတ်ဆေးဘူးများ၊ အမှတ်(၅၆) အမြန်ရထားမှ မီးသတ်ဘူးများဖြင့် အချိန်မီငြိမ်းသတ်ကာကွယ်နိုင်ပြီး မီးလောင်ရာသို့ လုံခြုံရေးရှေ့ပြေးရထားနှင့် မိုးညှင်းမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ မီးသတ်ဘူးများဖြင့် အပူရှိန်အားလျှော့နည်းစေရန် ဝိုင်းဝန်းဆောင်ရွက်နိုင်ခဲ့ရာ ဆီလှောင်ကန်သို့ ကူးစက်ခြင်းမရှိဘဲ မီးလောင်မှုကို တားဆီးနိုင်ခဲ့ကြောင်း သိရသည်။ **(ဝ၆၃)**

## ပြည်ထောင်စုလွှတ်တော်မှ

ဝင်ငွေလျှော့နည်းသဖြင့် ဌာနသို့ အချိုးပေးသွင်းမှု လျှော့နည်းခြင်း၊ ထုတ်လုပ်မှုစရိတ် မကာမိသဖြင့် ရောင်းချမှုရပ်ဆိုင်းထားရခြင်း၊ အချို့လုပ်ငန်းရှင်များအနေဖြင့် လုပ်ကွက်များ ရပ်ဆိုင်းထားရခြင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းအနေဖြင့် ယခင်က လုပ်ငန်းရှင်ထံမှအချိုးကို ၄၀ ရာခိုင်နှုန်း ရယူခဲ့ရာမှ ၂၅ ရာခိုင်နှုန်းသို့ ဖြေလျှော့ပေးခြင်း၊ ကျောက်မျက်ရတနာပြပွဲများတွင် ဝန်ဆောင်မှုအဖြစ် ပုဂ္ဂလိက ကျောက်မျက် လုပ်ငန်းရှင်များ၏ ရောင်းရငွေအပေါ် ၃ ရာခိုင်နှုန်း ကောက်ခံခြင်းကို ဖြေလျှော့ပေးခဲ့ခြင်း စသည့် အချက်များကြောင့် ဝန်ကြီးဌာန၏ ဝင်ငွေလျော့ကျသွားပြီး လစာ နှင့် ပင်စင်စရိတ်များတိုးမြှင့်ပေးခြင်းတို့ကြောင့် အသုံးစရိတ်တက်လာခြင်း စသည့်အချက်များကြောင့် အမြတ် ငွေလျော့ကျခဲ့ပါကြောင်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ငွေကို ငွေကျပ် ၂၆၀ ဒသမ ၂၂၉ ဘီလီယံလျာထားပြီး ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်ထက် ငွေကျပ် ၄ ဒသမ ၈၀၄ ဘီလီယံ ပိုမိုလျာထားခြင်းဖြစ်ပါကြောင်း၊ အနီးဆုံး နှစ်ဖြစ်သည့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်ကို အခြေခံလျာထားရခြင်းဖြစ်သည့်အတွက် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်၏အမြတ်ငွေကို ပြည့်မီခြင်းမရှိသော်လည်း ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်ထက် ကျော်လွန် လျာထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ဇန်နဝါရီ ၁၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်မှ

နှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါကော်မတီအနေဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ပိုမိုပြည့်စုံစွာ စီစဉ်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ မော်တော်ယာဉ်နှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၊ ပညာရှင်ပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကားပါကင်ခွင့်ပြုမိန့် လျှောက်ထားခြင်းအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အခကြေးငွေကောက်ခံခြင်း၊ လျှောက်လွှာပုံစံရောင်းချခြင်းများလုံးဝမရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကားပါကင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းဆိုင်ရာ ခရိုင်၊ မြို့နယ်စိစစ်ရေးအဖွဲ့များသို့ တင်းကျပ်စွာ ထိန်းကွပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကားပါကင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ အခကြေးငွေတောင်းခံမှုများ ရှိပါကလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တိုင်ကြားပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် မော်တော်ယာဉ် ဝယ်ယူအသုံးပြုသူ တစ်ဦးအနေဖြင့် မိမိပိုင်ဆိုင်သည့် ဧရိယာအတွင်း မော်တော်ယာဉ်ထားရှိရန်နေရာရှိမှသာ ဝယ်ယူသင့်သဖြင့် ကားပါကင်ခွင့်ပြုမိန့်အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး မော်တော်ယာဉ် တင်သွင်းခွင့်ပြုရာတွင် ရောက်ရှိခုနှစ်နှင့် တစ်နှစ်နိမ့်မော်ဒယ်ကားသစ်တင်သွင်းခြင်းအတွက် ဘယ်မောင်းသာ ခွင့်ပြုလျက်ရှိပါကြောင်း၊ ထို့ပြင် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅ အရ မော်တော်ယာဉ်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အဆိုပါဥပဒေတွင် **ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ရည်ရွယ်၍ လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များသာ အသုံးပြုရန်**ဟု ဖော်ပြထားသည့်အတွက် သက်ဆိုင်ရာရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ နည်းဥပဒေရေးဆွဲထုတ်ပြန်ရာတွင် ကျယ်ပြန့်စွာ ပါဝင်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်က ကိုးကန့်ဒေသ လူ့အရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှုမှ ကာကွယ်ရန်နှင့် ပညာပေးပြန်လည်ပြုစုပျိုးထောင်ပေးနိုင်ရန် အတွက် ဆေးကုသစခန်းနှင့် ပြန်လည်ထူထောင်ရေးစခန်း(ခွဲ) ဖွင့်လှစ်ပေးမည့်အစီအစဉ်ကို သိရှိလိုသည့် မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မူးယစ်ဆေးဝါးသုံးစွဲသူများအား ဆေးဝါးကုသပေးခြင်းကို လောက်ကိုင်ခရိုင်ဆေးရုံကြီးတွင် ဖွင့်လှစ်ထားရှိသည့် မူးယစ်ဆေးစွဲရောဂါကုဌာနငယ်တွင် ကုသပေးနိုင်မည်ဖြစ်ပြီး လိုအပ်သော ကုသမှုပြီးစီးပါက ပြန်လည်ထူထောင်ရေးကိစ္စရပ်များအတွက် လားရှိုး ပြန်လည်ထူထောင်ရေး စခန်းတွင် ရက်သတ္တ ၁၀ ပတ်ကြာ သင်တန်း ဖွင့်လှစ် လေ့ကျင့်ပေးနိုင်သည့်အပြင် သင်တန်းဆင်းပြီးသည့် သင်တန်းသားများအား စောင့်ကြပ်ကြပ်မတ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်မည့် ရပ်ရွာအခြေပြု စေတနာ့ဝန်ထမ်း မူးယစ် ကြီးကြပ်ရေးမှူးသင်တန်းကို စိတ်ပါဝင်စားသူ ဒေသခံများအား လောက်ကိုင်မြို့တွင် လူမှုဝန်ထမ်း၊ ဦးစီးဌာနမှ တစ်လကြာ ပို့ချလေ့ကျင့်ပေးနိုင်ပြီဖြစ်သည့်အတွက် ရန်လုံကျိုင်း ပြုပြင်ထိန်းသိမ်းရေးစခန်းဟောင်းအား ဆေးကုသရေးစခန်းနှင့် ပြန်လည်ထူထောင်ရေး စခန်းခွဲ (လားရှိုး)အဖြစ် ဖွင့်လှစ်ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ်တင်သွင်းသည့်အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင်က လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော **"ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် လွှတ်တော်နှစ်ရပ်လုံးက သဘောတူညီခြင်းဖြစ်၍ ပြည်ထောင်စု လွှတ်တော် နာယကထံပေးပို့ပြီးဖြစ်ကြောင်းကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

**(သတင်းစဉ်)**

# စာတိုက်များမှတစ်ဆင့် အငြိမ်းစားဝန်ထမ်းများ မြေကွက်လျှောက်ထားမှုများပြားလာ

**ရန်ကုန် ဇန်နဝါရီ ၁၈**



လူမှုကွန်ရက် စာမျက်နှာပေါ်၌ အငြိမ်းစားဝန်ထမ်းများ မြေကွက်လျှောက်ထားနိုင်ကြောင်း သတင်းထွက်ပေါ်ခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအတွင်း အငြိမ်းစားဝန်ထမ်းများအနေဖြင့် ဗဟိုစာတိုက်ကြီးအပါအဝင် မြို့နယ်များရှိ စာတိုက်များမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရလိပ်မူ၍ မြေကွက်နှင့်တိုက်ခန်း လျှောက်ထားမှုများ များပြားလာကြောင်း စာတိုက်ရုံးများမှတစ်ဆင့် သိရသည်။

"တကယ်ပေးမယ်၊ မပေးမယ် တော့မသိပါဘူး။ တရားဝင်ကြေညာချက်ထုတ်ပြန်သွားတာလည်း မရှိပါဘူး။ လူအများလျှောက်နေတာကြားလို့လာပြီး လျှောက်လွှာတင်ကြည့်တာပါ။ တကယ်ပေးမယ်ဆိုရင်တော့ ကောင်းတာပေါ့" ဟု သာကေတမြို့နယ်စာတိုက်သို့ လာရောက် လျှောက်ထားသော အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သည့် ဒေါ်ဖြူဖြူက ပြောသည်။

"ကျွန်တော်တို့ကတော့ ဒါ လျှောက်ဖို့ သတင်းကြားတာ နှစ်ရက်လောက်တော့ရှိပြီ။ ပင်စင်စာအုပ်၊ အိမ်ထောင်စုစာရင်း၊ လျှောက်လွှာတို့ကိုမိတ္တူတွဲပြီး စာတိုက်ကနေတစ်ဆင့် တိုင်းဒေသကြီးအစိုးရလိပ်မူပြီး လျှောက်ထားတာပါ။ တိုက်ခန်း သို့မဟုတ် မြေကွက်ပေါ့" ဟု လာရောက် လျှောက်ထားသူ ဦးဝင်းမြင့်က ပြောသည်။

သို့ရာတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရတာဝန်ရှိသူများက တရားဝင်မြေကွက်လျှောက်လွှာများ ခေါ်ယူခဲ့ခြင်းမရှိကြောင်း ပုဂ္ဂလိကသတင်းမီဒီယာတချို့၌ ဖော်ပြထားသည်။

လွန်ခဲ့သည့် သောကြာနေ့က လူမှုကွန်ရက်တွင် အငြိမ်းစားဝန်ထမ်းများ မြေကွက်လျှောက်ထားနိုင်ကြောင်း လျှောက်လွှာနှင့်အတူ ဖော်ပြလျက် ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ကြောင်း သတင်းများ ပျံ့နှံ့ခဲ့သည်။

ယင်းသတင်းအပေါ် အခြေခံလျက် တိုင်းဒေသကြီး ရပ်ကွက်များအတွင်း အငြိမ်းစားဝန်ထမ်းများ တစ်ဆင့်စကားတစ်ဆင့် ပြောကြားမှုများကြောင့် စာတိုက်များ၌ မြေကွက်နှင့် တိုက်ခန်း လျှောက်ထားမှုများ ပိုမိုများပြားလျက်ရှိသည်။

ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်စာတိုက်၌ အငြိမ်းစားဝန်ထမ်းများမြေကွက်နှင့် တိုက်ခန်းလျှောက်ထားမှု ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

အနီးအနားတွင် လျှောက်လွှာစာအိတ်နှင့် လျှောက်လွှာပုံစံများ ရောင်းချသူများနှင့် မိတ္တူကူးသူများ အလုပ်ဖြစ်လျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး၊**
**ဓာတ်ပုံ-သဏ္ဍ**

ကျွန်တော်တို့ဒေသ မီးရပြီ၊ ရေရပြီ၊ လမ်းတွေပေါက်လာပြီ၊ ဆေးရုံတွေရှိလာပြီ၊ ဆန်ရေစပါးပေါကြွယ်ဝလာပြီ၊ ကလေးတွေ စာတတ်လာပြီ၊ ဟိုတယ်တွေရှိလာတော့မယ်၊ နယ်စပ်ဈေးကြီးတွေ ပေါ်လာတော့မယ်။ အကောင်းတွေလာသလို အဆိုးတွေလည်း ရှိတယ်။ ရိုးရာယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံတွေကို ထိန်းသိမ်းဖို့ကတော့ နာဂတိုင်းရင်းသား တွေ အားလုံးမှာတာဝန်ရှိတယ်။

*✻ ကျောဖုံးမှ*

"နာဂဆိုတာ ကြီးမြတ်သောလို့ အဓိပ္ပာယ်ရပါတယ်။ အင်္ဂလိပ်လိုပြောရရင်တော့ နိုဘယ်ပေ့ါ။ ကျွန်တော်တို့လူမျိုးတွေက နာဂတောင်တန်းတွေပေါ်မှာနေထိုင်ကြတယ်။ အခု လိုက်လေ့လာချင်သလား။ ကျွန်တော်တို့ ဧည့်ဝတ်ကျေပွန်အောင် ပို့ပေးနိုင်တယ်။ မပြန်ချင်ဖြစ်ပြီး နေခဲ့မယ်ဆိုရင်တော့ ကျွန်တော်တို့တာဝန်မဟုတ်ဘူးနော်"ဟု ကိုငင်းငင်းက မြန်မာသံ ခပ်ဝဲဝဲဖြင့် ဆိုလာသေးသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဧရိယာအကျယ်အဝန်း မိုင်ပေါင်း ၅၁၀၀ ကျော် ကျယ်ဝန်းပြီး မြို့နယ်သုံးခုရှိကာ လူဦးရေပေါင်း ၁၁၆၈၈၆ ဦး စုပေါင်းနေထိုင်သည့် တိုင်းရင်းသားဒေသတစ်ခုဖြစ်သည်။

ယင်းဒေသသည် ကုန်လွန်ခဲ့သည့် ငါးနှစ်တာအတွင်း ဒေသခံများ အိပ်မက်မျှပင် မမက်ဖူးသေးသည့် ဘက်ပေါင်းစုံ ထောင့်ပေါင်းစုံ တိုးတက်မှုများဖြင့် ခေတ်မီသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်လာခဲ့ပြီ။

"နယ်စပ်ဒေသတစ်ခုလည်းဖြစ်ပါတယ်။ အိန္ဒိယမှာတော့ ကျွန်တော်တို့ နာဂလူမျိုး သန်းနဲ့ချီပြီးရှိပေမယ့် မြန်မာနိုင်ငံဘက်မှာတော့ တစ်သိန်းကျော်ပဲ ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က မြန်မာနိုင်ငံသားစစ်စစ်တွေဖြစ်ပြီး မြန်မာထဲက တိုင်းရင်းသားလို့ အမြဲခံယူထားသူတွေပါ။ မထင်မှတ်တဲ့ အလျှည့်အပြောင်းတွေက နွားတစ်ခွေ့နဲ့တင်ဖြစ်တတ်တယ်ဆိုတဲ့ စကားပုံရှိပါတယ်။ အခုကျွန်တော်တို့ ကြုံနေရတာ ဝမ်းသာစရာပါ။ ဥပမာပြောရရင် ပန်ဆောင်၊ ဆွမ္မရာ၊ ပုံညိုနဲ့ ယမ်းကြုံးတွေမှာ နယ်စပ်ဈေးကြီးတွေ ဖွင့်မှာပါ။ နေရာတွေ ဆောင်ရွက်နေပြီ။ ပန်ဆောင်မှာဆို ဟိုတယ်ဇုန်တွေတောင် စလုပ်နေပြီ"ဟု စီးပွားရေးသမားပီပီ ကိုငင်းငင်းက ၎င်းမြင်တွေ့ရသည့် တိုးတက်မှုကို ပြောပြသည်။

ကိုငင်းငင်းပြောပြသကဲ့သို့ပင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ဝေးလံခေါင်ဖျားသည့် တောင်ပေါ်ဒေသပင်ဖြစ်လင့်ကစား တစ်ဦးချင်းဝင်ငွေကို သုံးသပ်ကြည့်ပါက ၂၀၁၁-၂၀၁၂ခုနှစ်တွင် ဝင်ငွေကျပ် ၁၃၉၉၉၆သာ ရှိခဲ့ရာမှ ယခုနှစ်တွင်မူ ကျပ် ၃၂၂၄၃၆ အထိ တိုးတက်လာရန် အလားအလာများကို မြင်တွေ့နေရကြောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများထံက သိရသည်။

"မတိုးတက်သေးတော့ ဒေသရဲ့အောင်မြင်မှုကို မြင့်မားဖို့ ကျွန်တော်တို့ စီးပွားရေးကို မြှင့်တင်နေရပါတယ်။ နှစ်အလိုက်ကျွန်တော်တို့ဒေသရဲ့ ဂျီဒီပီကို လေ့လာကြည့်မယ်ဆိုရင် အရင်နှစ်တွေကထက် ကုန်ထုတ်လုပ်မှုမှာ ၈ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးလာပြီး ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ၄ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာပါတယ်။ ကုန်သွယ်မှုကတော့ ၄ ဒသမ ၈ ရာခိုင်နှုန်းနဲ့ အသားတင်ထုတ်လုပ်မှုအခြေအနေတွေကို လေ့လာကြည့်ရင် ၈ ရာခိုင်နှုန်းတိုးလာတာကို တွေ့ရှိရတယ်"ဟု တာဝန်ရှိသူက ပြောကြားသည်။

မွေးမြူရေးလုပ်ငန်းများတွင် နွားနောက်အပါအဝင် ဒေသနွား၊ ကျွဲ၊ ဆိတ်၊ ဝက်နှင့် ကြက်များကို မွေးမြူကြပြီး တိုးတက်မှုများကို လေ့လာကြည့်သည့်အခါ ယခုနှစ်သည် ယမန်နှစ်ကထက် နွားနောက်အကောင်ရေ ၂၅၀၀ ကျော် တိုးတက်မွေးမြူလာနိုင်ခဲ့ကာ အခြားမွေးမြူရေးများတွင်လည်း ထက်ဝက်ကျော် တိုးတက်လာခဲ့ကြောင်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ကိန်းဂဏန်းများအရ သိရသည်။

"စိုက်ပျိုးရေးဆိုတာ အရင်က အလွန်ပင်ပန်းတဲ့အလုပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသတွင်းဖူလုံဖို့အတွက် ပင်ပန်းဆင်းရဲခဲ့ရတယ်။ အခုအချိန်မှာ မိုးစပါးအပါအဝင် အစေ့ထုတ်ပြောင်း၊ နှံစားသီးနှံတွေနဲ့ ပဲ၊ ကြက်ဆူ၊ ငရုတ်၊ ဟင်းမွှေး၊ အာလူး၊ ကော်ဖီ၊ လက်ဖက်တွေကို အခြားဒေသတွေအထိ တင်ပို့ရောင်းချလာနိုင်ခဲ့တယ်။ အသားတင်ဒေသဝမ်းစာအနေနဲ့ ဖူလုံမှုဟာ အရင်က ဆန်ရဖို့ အလွန်ခက်ခဲပေမယ့် အခုအချိန်မှာ ဒေသရဲ့ ၆၃ ဒသမ ၅၃ ရာခိုင်နှုန်းကို ပြည့်ဝစေတယ်"ဟု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယမ်းကြုံးကျေးရွာမှ တောင်သူ ဦးဝမ်းမားက ၎င်း၏အစာအခြောက်ခံစက်ရုံ တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ ဖြည့်စွက်ပြောကြားသည်။

ဝေးလံခေါင်ဖျားပြီး ရှေးရိုးစွဲအလေ့အထများဖြင့် ရိုးသားသည့် နာဂလူမျိုးများသည် မိမိတို့မျိုးဆက်သစ်လူငယ်များအား သစ်ခုတ်ဝါးခုတ်၊ တောခလေ့များကို ကျွမ်းကျင်စေရုံသာမက ပညာသင်ကြားမှုကိုလည်း ပိုမိုအားပေးလာကြသည်ကို မြင်တွေ့ရကြောင်း လေရှီးမြို့နယ်မှ မူလတန်းလွန်ကျောင်းဆရာတစ်ဦးဖြစ်သူ ကိုအောင်လင်းက ပြောကြားပြီး ကလေးသူငယ်များအား ယခင်ကထက် ပညာရေးကိုမိဘများ ပိုမိုဦးစားပေးသင်ကြားစေလိုကြကြောင်း သိရသည်။

"တက္ကသိုလ်ဝင်တန်းဖြေဆိုတဲ့သူက ၂၀၁၁ မှာ ၁၃၄ ယောက်ပဲရှိခဲ့ပြီး အခုနှစ်တွေမှာ ၆၀၀ ကျော်အထိ များလာတယ်။ အောင်တဲ့သူက ၂၀၁၁ မှာ လေးယောက်ပဲရှိခဲ့ပြီး အခု ၂၆ ယောက်အထိ အောင်မြင်လာကြတယ်။ သူတို့တွေက နာဂကလေးငယ်တွေအတွက် လမ်းပြကြယ်တွေဖြစ်ပါတယ်။ နာဂဒေသဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ပခုံးပြောင်းထမ်းကြမယ့်သူတွေလို့ ဒေသခံတွေက ယုံကြည်ကြတယ်"ဟု ကိုအောင်လင်းကပြောကြားပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျောင်းပေါင်း ၁၀၂ ကျောင်းခန့်ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ အရပ်သားအစိုးရလက်ထက်တွင် ငါးနှစ်အတွင်း ပညာရေးအတွက် ကျောင်းဆောင်ပေါင်း ၆၈ ဆောင်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၆၆၅ သိန်းကျော်ကို သုံးစွဲခဲ့ခြင်းဖြစ်သည်။

ရှေးရိုးစွဲဒေသခံများအတွက် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်မှုများတွင် ကျေနပ်အားရမှုအရှိဆုံးကိုပြောပါဟု မေးမြန်းကြည့်ရာ "နေမကောင်းဖြစ်တိုင်း ကျွန်တော်တို့ မသေတော့ဘူး။ ကျွန်တော်တို့ကို ငှက်ဖျားရောဂါက ပြန်ကြောက်နေရလိမ့်မယ်"ဟု ဦးဝမ်းမားက ဖြေကြားပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တောင်ပေါ်ဒေသဖြစ်ခြင်း၊ ရာသီဥတုကြမ်းတမ်းခြင်းများကြောင့် ငှက်ဖျားရောဂါအပါအဝင် ဝမ်းပျက်ဝမ်းလျှောခြင်း၊ အဆုတ်တီဘီရောဂါနှင့် အခြားရောဂါများ မကြာခဏဖြစ်ပွားတတ်ပြီး သားရဲတိရစ္ဆာန်များ၏ အန္တရာယ်များကြောင့်လည်း သွေးထွက်လွန်ကာ သေဆုံးမှုများ ဖြစ်ပေါ်တတ်ကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် နာဂဒေသတစ်ခုလုံးတွင် မြို့နယ်အဆင့်၊ တိုက်နယ်အဆင့်၊ ကျေးလက်အဆင့် ကျန်းမာရေးဝန်ထမ်းများကို ခန့်ထားပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ဆေးရုံပေါင်း ၃၁ ရုံကို ဖွင့်လှစ်ပေးနိုင်ခဲ့ကာ ကျန်းမာရေးကဏ္ဍအတွက် ငွေကျပ်သန်းပေါင်း ၁၁၉၇ ဒသမ ၉၀၇ အထိ သုံးစွဲအကုန်အကျခံခဲ့သဖြင့် နာဂလူမျိုးများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို မြှင့်တင်ခဲ့သည့်အပြင် မွေးဖွားနှုန်းအရ ၁၆ ဒသမ ၃၉ အထိရှိလာပြီး တစ်နှစ်အောက်သေဆုံးနှုန်းကိုလည်း ၆ ဒသမ ၅၃ ရာခိုင်နှုန်းသို့ လျှော့ချနိုင်လာကြောင်း သိရသည်။

"ပြင်းပြချိုမြသော နာဂရိုးရာခေါင်ရည်သည် တစ်ငုံသောက်ပါက ချိုသည်။ နှစ်ငုံသောက်ပါက ပြုံးသည်။ ကျည်တောက်အပြည့်သောက်ပါက ပွဲတော်ညမင်းသားဖြစ်သည်" ဟူသော လူငယ်အချင်းချင်းနောက်ပြောင်ပြောကြသံကို ကိုငင်းငင်းက ပြန်ပြောင်းသတိရမိသည်။ ၎င်းသည် ဒေသနှင့်ဝေးခဲ့သည်မှာ သုံးနှစ်ခန့်ရှိပြီး ယခုနှစ် နှစ်သစ်ကူးပွဲရောက်မှသာ ဒေသရင်းသို့ ပြန်ရောက်ခဲ့ခြင်းဖြစ်သည်။

မမှတ်မိတော့သည့် ၎င်း၏ရွာမှ သူငယ်ချင်းများအကြောင်း ကျွန်မကို ပြောပြရာတွင်"ကျွန်တော်က မြို့ကြီးသားဖြစ်နေပြီဆိုပြီး ကြွားမလို့ အင်္ကျီအသစ်တွေ ဝတ်သွားတယ်။ ဆံပင်ကိုလည်း အလှဆင်သွားတယ်။ ဟိုရောက်တော့ သူငယ်ချင်းတွေအားလုံးက ကိုယ့်ထက်လန်းတယ်။ ဆိုင်ကယ်လေးက တဖုတ်ဖုတ်၊ ခေါင်းရေလေး တစုပ်စုပ်နဲ့၊ သူတို့က မီးလည်းရထားပြီဆိုတော့ တော်တော်ကိုအဆင်ပြေနေတာ။ ကြွားမလို့လုပ်တာ သူတို့ က ဦးသွားပြီလေ"ဟု ရယ်မောကာ ပြောပြသည်။

ရောက်ရှိရန် အလွန်ခက်ခဲခဲ့သည်။ ယခုအခါ ကိုငင်းငင်း၏ သူငယ်ချင်းဖြစ်သူက ဆိုင်ကယ်ကို ကျွမ်းကျင်စွာ မောင်းနှင်ခြင်းဖြင့် ရှိတ်ပါးအထိ မမောမပန်း ရောက်ရှိနိုင်ခဲ့ပြီ။

"ရန်ကုန်မှာ တက္ကစီငှားစီးရသလောက်တော့ မငြိမ့်ဘူးပေ့ါ။ ဒါပေမယ့် ကျွန်တော်တို့ဒေသအတွက်ကတော့ ဆိုင်ကယ်လေးနဲ့ ဖုန်လေး တလူးလူး သွားရတာကိုက သက်သာလာတဲ့ သဘောပါ။ မဟုတ်ရင် မိုင်ပေါင်းများစွာ၊ တောင်ပေါင်းများစွာ ဖြတ်ပြီးမှ ရွာရောက်တာ"ဟု ၎င်း၏အတွေ့အကြုံကို ပြောကြားသည်။

ကိုငင်းငင်း ပြောပြသကဲ့သို့ပင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကတ္တရာလမ်း ၉၁ မိုင်၊ ကျောက်ခင်းလမ်း ၂၇၈ မိုင်နှင့် မြေသားလမ်း ၅၇၉ မိုင်၊ ဆိုင်ကယ်လမ်းမှာ ၇၂၆ မိုင်ကျော်အထိ ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ရာ ဒေသတွင်း ခက်ခဲသည့် ချင်းတွင်းမြစ်ဖျားများတွင် ၎င်းတို့တိုင်းရင်းသားများသည် ဖွံ့ဖြိုးတိုးတက်မှုကို မျက်ဝါးထင်ထင်ကြုံရချေပြီ။ ဝါးအိမ်ကလေးများမှသည် အုတ်ပတ်ကား အိမ်ကလေးများထံ ၎င်းတို့ပြောင်းကြပြီ။ မီးစက်သံသည် တောင်ယာများအကြား ဆူညံလာသကဲ့သို့ အောက်ပြည်အောက်ရွာတွင် အပြောများသည့် မြစိမ်းရောင်စီမံကိန်းဆိုသည်ကိုလည်း ၎င်းတို့ပျော်ရွှင်စွာ နားလည်ခံစားတတ်ကြပြီဖြစ်သည်။



**နာဂတိုင်းရင်းသူလေးများ ရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေကပြနေမှုကို တွေ့ရစဉ်။**

မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်းပေါင်း ၃၃၀၀ ခန့်ကို သုံးစွဲထားပြီး ယမ်းကြုံးကျေးရွာ၊ ပုံညိုကျေးရွာ၊ ထန်ပါခွေကျေးရွာ၊ ခါးလယ်ကျေးရွာ၊ မကျန်ကျေးရွာ၊ ညင်ရှောင်ကျေးရွာ၊ ကာမွေလောရီကျေးရွာ၊ ဆော်လော်ကျေးရွာနှင့် ယွန်တိုင်းကျေးရွာသားတို့ မြစိမ်းရောင်လွှမ်းနိုင်ခဲ့ပြီ။

"ကျွန်တော်တို့ဒေသမှာ ဦးစားပေးလုပ်ငန်းတွေအလိုက် ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ပထမဆုံးဖြစ်တဲ့ လျှပ်စစ်မီးရရှိရေးကို ကျွန်တော်တို့ အကောင်းဆုံးဖော်ဆောင်နိုင်ခဲ့ပါပြီ။ သောက်သုံးရေရရှိရေးမှာလည်း စိမ့်စမ်းရေသွယ်တန်းရေးစီမံကိန်းခုနစ်ခုကို ရာနှုန်းပြည့်ပြီးစီးခဲ့တာမို့ သောက်သုံးရေအတွက် အထိုက်အလျောက်ကုစားနိုင်ခဲ့ပါတယ်။ အဲဒီအတွက် ငွေကျပ်သန်းပေါင်း ၃၅ သန်းကို နိုင်ငံတော်က ကျခံပေးခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် အခြား ဦးစားပေးလုပ်ငန်းတွေက စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေးနဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနဲ့ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်"ဟု နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများက ပြောကြားသည်။

တစ်ချိန်က ကိုငင်းငင်းတို့ ဇာတိရှိတ်ပါးသို့ သွားလာရာတွင် အဆင့်ဆင့်သော ကုန်းကြောင်းခရီးကိုသာ သုံးစွဲခဲ့ကြရသည်။ ၎င်းငယ်စဉ်က ကျောင်းတက်ခွင့်ရရှိရန် မိဘများက နေ့စဉ်နှင့်အမျှ ကြိုးစားရုန်းကန်ခဲ့ပြီး မြို့ကျောင်းသို့ ပို့ပေးခဲ့သည်။ ထိုစဉ်က ခန္တီးသည် ၎င်းအတွက် နိဗ္ဗာန်ဘုံပမာ ဖြစ်ခဲ့ရပြီး ဖြစ်စေ အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များ သို့ဖြစ်စေ ကူးသန်းသွားလာရာတွင် များစွာလွယ်ကူလာသည်မှာ မျက်မြင်ပင်ဖြစ်သည်။

"နှစ်သစ်ကူးပွဲတော်အပြင် ကောက်သစ်စားပွဲတော်ကလည်း အလွန်ပျော်စရာ ကောင်းပါတယ်။ ကျွန်တော်တို့လူမျိုးတွေမှာလည်း မျိုးနွယ်စုတွေ ၅၀ လောက်ရှိတယ်။ အားလုံးက နာဂတွေပါ။ ပါးရဲထိုးတာကတော့ လူကြီးတွေမှာပဲ အတွေ့များတော့တယ်။ ကျွန်တော်ကတော့ ရိုးရာကို သဘောကျတာလည်း ပါတယ်။ ကိုယ်တိုင်လည်း ပါးရဲထိုးတာကို သဘောကျမိတယ်။ ကျွန်တော်တို့ဒေသ မီးရပြီ၊ ရေရပြီ၊ လမ်းတွေပေါက်လာပြီ၊ ဆေးရုံတွေရှိလာပြီ၊ ဆန်ရေစပါးပေါကြွယ်ဝလာပြီ၊ ကလေးတွေ စာတတ်လာပြီ၊ ဟိုတယ်တွေ ရှိလာတော့မယ်၊ နယ်စပ်ဈေးကြီးတွေ ပေါ်လာတော့မယ်။ အကောင်းတွေလာသလို အဆိုးတွေလည်း ရှိတယ်။ ရိုးရာယဉ်ကျေးမှုနဲ့ ဓလေ့ထုံးစံတွေကို ထိန်းသိမ်းဖို့ကတော့ နာဂတိုင်းရင်းသားတွေအားလုံးမှာတာဝန်ရှိတယ်"ဟု နာဂဒေသအရေး မျှော်တွေးကာ ၎င်းလက်လှမ်းမီသမျှ ကိုငင်းငင်းက သုံးသပ်ပြသည်။

တဖျောက်ဖျောက်မြည်နေသည့် မီးပုံကြီးသည် ဓူဝံကြယ်ကိုပင် ကြွေကျကာ ပွဲအတွင်းအခစားရောက်စေတော့မည်။ နာဂအမျိုးသား အမျိုးသမီးတို့ မျှော်ခဲ့ကြရသည့် စည်ကားသိုက်မြိုက်ဆုံးသော နာဂတိုင်းရင်းသား နှစ်သစ်ကူးပွဲတော်ရင်ပြင်သို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က ရောက်ရှိခဲ့သည်။ ခေါင်ရည်အရှိန်ကြောင့်သာ အအေးဒဏ်ကို ခံနိုင်သည်။ ပြောင်းလဲလာပြီဖြစ်သည့် ဒေသအကြောင်းကို တွေးမိရင်း ငယ်စဉ်က ယခုချိန်အထိ အတိတ်နှင့်ပစ္စုပ္ပန်တို့၏ ပုံရိပ်များကို ပြန်မြင်လာသည်။ အနာဂတ်ကို ၎င်းတို့ ပုံဖော်ကြရဦးမည်။

နံနက်မိုးလင်းသည်နှင့် ရေကြည်ရာမြက်နုရာ ရန်ကုန်သို့ ပြန်ရမည့် နာဂတိုင်းရင်းသား ကိုငင်းငင်းတစ်ယောက်လည်း နာဂဒေသ၏ဖွံ့ဖြိုးတိုးတက်မှုများကို မျှော်လင့်နေရင်း နှစ်သစ်ကူးပွဲတော်ည မီးပုံပွဲတွင် အစွမ်းကုန် ကခုန်လေတော့သည်။ **(မြန်မာ့အလင်း)**

○ *ကျောဖုံးမှ*

ပြန်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းမှာ ပွဲအစပိုင်းသာ ဖိကစားနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ဧရာဝတီအသင်းက ဆက်တိုက် ဖိကစားနိုင်ခဲ့သည်။ ဧရာဝတီအသင်းမှာ ချေပဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ပွဲပြီးခါနီးမှ ဒုတိယချေပဂိုး ပြန်ရခဲ့သည်။ ယင်းဂိုးကို ခရစ္စတိုဖာက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၂)အပြီးတွင် မကွေးအသင်းက ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်၊ ရခိုင်၊ ဇေယျာရွှေမြေ၊ ဟံသာဝတီနှင့် ရတနာပုံအသင်းတို့က လေးမှတ်စီ၊ ဇွဲကပင်နှင့် Horizon အသင်းတို့က သုံးမှတ်စီ၊ ချင်းယူနိုက်တက်အသင်းက တစ်မှတ်၊ ဧရာဝတီ၊ ရန်ကုန်နှင့် Southern အသင်းတို့က အမှတ်မရသေးပေ။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၈**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မိုး/ဇလ)**

ဒေသအလိုက်ကာကွယ်ဆေးတိုက်နေ့များ(ဇန်နဝါရီလ၊ ၂၀၁၆)
အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(ဖေဖော်ဝါရီလ၊ ၂၀၁၆)

ကလေးငယ်များ မသန်စွမ်းဖြစ်ခြင်းမှ ကာကွယ်နိုင်ရန် မွေးကင်းစမှ အသက် (၅)နှစ်အရွယ်
ကလေးငယ်တိုင်းကို ပိုလီယိုကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးပါ။

ဒေသအလိုက်ကာကွယ်ဆေးတိုက်နေ့များ (၂၀၁၆) ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်မှ (၂၅) ရက်
အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၆) ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်မှ (၂၂) ရက်

World Health Organization unicef

# မွေးကင်းစမှ အသက်ငါးနှစ်အရွယ်ကလေးအားလုံးကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးနိုင်ရန် ပူးပေါင်းဆောင်ရွက်ကြပါစို့

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ သတ်မှတ် တိုက်ကျွေးသွားမည်ဖြစ်သည်။ ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များဆိုသည်မှာ မြို့နယ်အလိုက် ပိုလီယိုရောဂါ အရိုင်းပိုးကူးစက်ဝင်ရောက် လာနိုင်သော အန္တရာယ်ကို ဖော်ထုတ်၍ အဆိုပါမြို့နယ်များကို ရွေးချယ်ကာ အသက်အုပ်စု ကျယ်ပြန့်စွာအစုလိုက် ပိုလီယိုကာကွယ်ဆေး (OPV) တိုက်ကျွေးခြင်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ပိုလီယိုရောဂါပိုး ကူးစက်ပျံ့နှံ့နိုင်သည့် အန္တရာယ်ရှိသော မြို့နယ်များကို ဆန်းစစ် သုံးသပ်ရွေးချယ်ခဲ့ရာတွင် တိုင်းဒေသကြီး/ပြည်နယ် ၁၆ ခုအတွင်း မြို့နယ်ပေါင်း ၁၇၁ မြို့နယ်သည် ပိုလီယိုရောဂါဖြစ်ပွားကူးစက်နိုင်မှု အန္တရာယ်ရှိကြောင်း ဖော်ထုတ်သတ်မှတ်နိုင်ခဲ့ပြီး ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်း လုပ်ငန်းဆောင်ရွက်ရန် လျာထားသတ်မှတ်ခဲ့သည်။

အမျိုးသားကာကွယ်ဆေးတိုက်နေ့ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ် ၁၇ ခုရှိ မြို့နယ် ၃၃၀ တွင် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးများအားလုံးကို တိုက်ကျွေးမည်ဖြစ်သည်။




အမျိုးသားကာကွယ်ဆေးတိုက်နေ့များဆိုသည်မှာ ပိုလီယိုပိုးသုံးမျိုးလုံးပါဝင်သော ကာကွယ်ဆေး (trivalent OPV-tOPV) မှ ပိုလီယိုပိုးအမျိုးအစား(၂)ကို ဖယ်ရှား၍ ပိုလီယိုပိုး နှစ်မျိုးတည်းသာ ပါဝင်သော ကာကွယ်ဆေး (bivalent OPV-bOPV) သို့ တစ်ကမ္ဘာလုံးတွင် ပြောင်းလဲသုံးစွဲခြင်းမပြုမီ ပိုလီယိုပိုးသုံးမျိုးလုံးပါဝင်သော ကာကွယ်ဆေးဖြင့် ရောဂါခုခံမှုစွမ်းအားကို အမြင့်ဆုံးရောက်ရှိ မြှင့်တင်ရန် တစ်နိုင်ငံလုံးတွင်ရှိသော ကလေးများအား အသက်အုပ်စုကျယ်ပြန့်စွာ အစုလိုက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းဖြစ်သည်။

အဆိုပါ ဒေသအလိုက်ကာကွယ်ဆေးတိုက်နေ့များနှင့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကိုဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများပါဝင်လျက် ကျန်းမာရေးဝန်ထမ်းများအဆင့်ဆင့်ပါဝင်စေရန် ညွှန်ကြားမှုပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး အစိုးရအဖွဲ့များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွှယ်ဆက်စပ်သော ဌာနဆိုင်ရာအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ပိုလီယိုရောဂါပိုးကို မြန်မာနိုင်ငံအတွင်းမှ အပြီးတိုင်ပပျောက်စေရန် အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

### ဒေသအလိုက် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးမည့်မြို့နယ်များ

| တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ်ဦးရေ | မြို့နယ်အမည် |
|---|---|---|
| မကွေးတိုင်းဒေသကြီး | ၂၅ | အားလုံး |
| ဧရာဝတီတိုင်းဒေသကြီး | ၂၆ | အားလုံး |
| ပဲခူးတိုင်းဒေသကြီး | ၂၈ | အားလုံး |
| ကရင်ပြည်နယ် | ၇ | အားလုံး |
| ချင်းပြည်နယ် | ၉ | အားလုံး |
| ရခိုင်ပြည်နယ် | ၁၇ | အားလုံး |
| ရှမ်းပြည်နယ် (ကျိုင်းတုံ) | ၁၀ | အားလုံး |
| ကချင်ပြည်နယ် | ၁၁ | ချီဖွေ၊ အင်ဂျန်းယန်၊ ခေါင်လန်ဖူး၊ မချမ်းဘော၊ မန်စီ၊ မိုးကောင်း၊ မိုးမောက်၊ နောင်မွန်း၊ ဆွမ်ပရာဘွမ်၊ ဆော့လော်၊ ဝိုင်းမော် |
| ကယားပြည်နယ် | ၂ | ဖရူဆို၊ မယ်စဲ့ |
| ရှမ်းပြည်နယ် (မ) | ၁၆ | သီပေါ၊ ကုန်းကြမ်း၊ ကွတ်ခိုင်၊ လောက်ကိုင်၊ မန်တုံ၊ မိုင်းမော်၊ မူဆယ်၊ နမ့်ပန်၊ နမ့်စန်၊ နမ့်ခမ်း၊ ပန်ယန်း၊ ပန်ဝိုင်း၊ တန့်ယန်း၊ ဟိုပန်၊ ကွမ်းလုံ၊ မန်ဖန့် |
| ရှမ်းပြည်နယ် (တ) | ၇ | ကျေးသီး၊ မိုင်းရှူး၊ မိုးနဲ၊ မိုင်းကိုင်၊ လွိုင်လင်၊ ကွန်ဟိန်း၊ နမ့်စန် |
| မွန်ပြည်နယ် | ၂ | ချောင်းဆုံ၊ ရေး |
| မန္တလေး | ၂ | ပြင်ဦးလွင်၊ ရမည်းသင်း |
| စစ်ကိုင်း | ၄ | လေရှီး၊ လဟယ်၊ နမ်းယွန်း၊ တမူး |
| တနင်္သာရီ | ၄ | ထားဝယ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်း |
| ရန်ကုန် | ၁ | ခရမ်း |
| **စုစုပေါင်း** | **၁၇၁** | |

" စတော့ရှယ်ယာတွင် ဝယ်ယူရင်းနှီးမြှုပ်နှံနည်း "
(How to invest in Stock Shares)

" ရန်ကုန်စတော့အိတ်ချိန်း " တွင် မှတ်ပုံတင်၍ အစုရှယ်ယာ ထုတ်ရောင်းချခွင့်ရရှိသည့် ကုမ္ပဏီများ၏စတော့ရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံမှုနည်းလမ်းများကို အောက်ပါအစီအစဉ်အတိုင်းဆွေးနွေးဟောပြောမည် ဖြစ်ပါသည်။

ဆွေးနွေးမည့်ပုဂ္ဂိုလ် - ဒေါက်တာ မောင်မောင်သိမ်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌ)
ကျင်းပမည့်နေ့ရက် - ၂၄.၁.၂၀၁၆ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀:၀၀ နာရီ မှ ၁၂:၀၀ နာရီအထိ
ကျင်းပမည့်နေရာ - ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ (ပထမထပ်)၊ အစည်းအဝေးခန်းမ၊

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီကြီးများ၊ စိတ်ပါဝင်စားသူများအားလုံး မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

Diamond Sponsored :
KBZSC
HOR KHAM
OUNG

Organized by :
Worldlink
W.E.S Group
09 30087636

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဓာတ်ခွဲဌာန (ရုံးချုပ်)ဓာတုနည်းပညာသုတေသနဗဟိုဌာနနှင့် အမျိုးသားဓာတ်ခွဲခန်းများအတွက် လိုအပ်သော ဓာတ်ဆေးပစ္စည်းများနှင့် Glass Wares များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) သုတေသနနှင့်ဓာတ်ခွဲခန်းသုံးChemicals (၁၁၁)မျိုး

(ခ) Glass Wares (၇)မျိုး

၂။ တင်ဒါပစ္စည်းအသေးစိတ်အားသုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အမှတ် ၆၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ၁၉-၁-၂၀၁၆ရက်မှ ၂၈-၁-၂၀၁၆ရက်အထိ

၄။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့် ဖုန်း-၀၁-၆၆၅၂၉၂၊ ၀၁-၆၆၆၀၅၅၊ ၀၁-၆၆၃၀၂၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

Digicel Group Limited အနေဖြင့် ၎င်း၏စင်ကာပူနိုင်ငံ အခြေစိုက် ကုမ္ပဏီမှ အစုရှယ်ယာ ၇၅ ရာခိုင်နှုန်းအား Axiata Group ၏ကုမ္ပဏီခွဲဖြစ်သည့် မလေးရှား နိုင်ငံအခြေစိုက် edotco Groupသို့ လက်လွှဲရောင်းချပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်ပေးပို့၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

Myanmar Tower Company

၁။ အခန်းအမှတ် ၃၀၁၊ သုံးလွှာ၊ အဆောင်(D)
ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း- 01-8604015

၂။ dg.ptd@mptmail.net.mm

**Digicel Myanmar Tower Company Limited**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် ဒ-၃၀၂၄၃၊ ဧရိယာ ၀ဒသမ၁၄၆ ဧကရှိ ဒေါ်ထန်ဆဲလ် အမည်ပေါက် နှစ် ၃၀အငှားစာချုပ်မြေကွက်အား ဒေါ်ထန်ဆဲလ် ၁၀/ဘလန(နိုင်)၀၅၇၂၈၉(ဘ)ဦးတင်လှိုင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**

မန္တယ်နီ နဝမတန်း(က)၊ အထက (မင်းရွာ)၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်း ၇/သနပ(နိုင်)၀၂၇၆၄၉ ဖြစ်ပါသည်။

**ဦးအောင်သိန်း**

မှုခင်းသတင်းများ

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၄ ရက်က မဘိမ်းမြို့နယ် လဝါကျေးရွာ နမ့်ပေါ်ချောင်းအနီး လှအိုင်း၏ မြေစိုက်တဲကို ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၈၂၃၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၃၆၀၀ ကိုလည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ တစ်ရွာတည်းနေ အားကွေ့ကိုအားလဝါကျေးရွာ နမ့်ပေါ်ချောင်းဘေးဈေးဆိုင်အနီး၌ ထပ်မံဖမ်းဆီးရမိသည်။

အလားတူ ဇန်နဝါရီ ၁၄ ရက်က မူဆယ်မြို့နယ် မိုင်းယုကျေးရွာ နယ်မြေ(၃) အိမ်အမှတ် (၁/၂၃)ရှိအိမ်ခန်းငှားနေထိုင်သည့် ကျော်စိုးနိုင်၏ အခန်း(၄)မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၂ ပြားနှင့် ချမ်းအေးသာစံမြို့နယ် မန္တလေးဘူတာကြီး ဒုတိယထပ် ရွှေလက်ရာလက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာသည့် ဘီစနူးကူးမာရ်ကိုရှာဖွေရာ ဆေးခြောက် ၄ ဒသမ ၅ ကီလို၊ မြန်မာငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



တာမခန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ ရက်က ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာ ရပ်ကွက်(၁)နေ အောင်အောင် (ခ) အောင်ဆန်း၏နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၅၈ ခွက် (ဘိန်းဖြူအလေးချိန် ၂ ဒသမ ၀၅၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀၀ တို့ကို သိမ်းဆည်းရမိသည်။ **(အပေါ်ပုံ)**

အလားတူ ဇန်နဝါရီ ၁၆ ရက်က ဘားအံမြို့နယ် လှိုင်ကဘာကျေးရွာ အုပ်စု ကော့သိုက်ကျေးရွာ အမှတ်(၉၀)နေ မိုက်အွာ၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ခွန်အောင်ကိုမင်း(ခ)မောင်းခလဲကို တွေ့ရှိပြီး ၎င်းတို့အား စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့် မြန်မာငွေကျပ် ၀ ဒသမ ၁၇ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ရေကန်အတွင်းကျနေသည့် တောဆင်ရိုင်းငယ်များအားဝိုင်းဝန်းကယ်တင်

**ကော့သောင်း ဇန်နဝါရီ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့နယ် ချောင်းမွန်ကျေးရွာ ယုဇနဆီအုန်းစိုက်ပျိုးရေးလုပ်ကွက် F02 ဆီအုန်းပျိုးခင်းအနီး သောက်ရေကန်၌ တောဆင်ရိုင်းအုပ်စု ဇန်နဝါရီလ ၁၅ ရက်ညပိုင်းကရေဆင်းသောက်ရာမှ သားပေါက်ငယ်နှစ်ကောင် ရေကန်အတွင်းကျပြီး ပြန်လည်မတက်နိုင်၍ ဆီအုန်းခြံမှ တာဝန်ရှိသူများနှင့် အလုပ်သမားများ ဝိုင်းဝန်းကယ်တင်ပေးခဲ့ကြကြောင်း သိရသည်။



အဆိုပါ ဆင်ရိုင်းအုပ်စုသည် ထိုနေ့ညပိုင်းက ယုဇနဆီအုန်း လုပ်ကွက် F02 ဆီအုန်းပျိုးခင်းအနီးသောက်ရေကန်၌ တောတွင်းမှ ထွက်လာကာ ရေဆင်းသောက်ကြစဉ် ဆင်အုပ်စုမှ အသက်သုံးနှစ်သားခန့်နှင့် ငါးနှစ်သားခန့်ရှိ ဆင်ငယ်အထီးတစ်ကောင်နှင့် အမတစ်ကောင်မှာ ရေကန်အတွင်းကျသွားပြီး အတူပါလာသည့်ဆင်များက ၎င်းတို့၏ သားများကို ကယ်တင်ရန် တစ်ညလုံးစောင့်ဆိုင်း ကြိုးစားခဲ့ကြသည်ကို ဆီအုန်းခြံလုပ်သားများက အဝေးမှ လှမ်းမြင်နေရကြောင်း၊ ဆင်ရိုင်းများဖြစ်သဖြင့် ရန်မူမည်စိုးရိမ်ရကြောင်း၊ ညမိုးချုပ်ပိုင်းဖြစ်၍ လုပ်သားများမသွားရဲကြကြောင်း၊ နံနက်လင်းအားကြီးအချိန်တွင် မိမိသားငယ်များကို မကယ်ဆယ်နိုင်သည့်အဆုံး လက်လျှော့ကာ ဆင်အုပ်ကြီးတောအတွင်း ဝင်ရောက်သွားကြမှ ဆီအုန်းခြံမှ တာဝန်ရှိသူများ၊ လုပ်သားများက စက်ယန္တရားများအသုံးပြုကာ ဆင်ငယ်နှစ်ကောင်ကို ရေကန်အတွင်းမှ ကယ်ဆယ်ရာ**(ယာပုံ)** ညနေပိုင်းတွင် အောင်မြင်စွာကယ်ဆယ်နိုင်ခဲ့ပြီး ဆင်ငယ်နှစ်ကောင်ကို ၎င်းတို့ လာရာတောတွင်းသို့ ပြန်လည်လွှတ်ပေးခဲ့ကြောင်း ဒေသခံဆီအုန်းလုပ်သားများထံမှ သိရသည်။

**ကျော်စိုး (ပြန်/ဆက်)**

# ကော့သောင်းမြို့၌ တရားမဝင်အဖွဲ့အစည်းတစ်ခု၏ မြေယာအလွဲသုံးစားမှုပေါ်ပေါက်

**ကော့သောင်း ဇန်နဝါရီ ၁၈**

ဆင်းရဲမှု လျှော့ချရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်အဖွဲ့အမည်ခံ တရားမဝင်အဖွဲ့တစ်ခုက ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာအုပ်စု ချောင်းဖျားကြီးကျေးရွာနှင့် စူငယ်ဘာလိုင်းကျေးရွာများနေ တောင်သူမိသားစုများထံမှ ငွေကြေးရယူကာ မြေယာအလွဲသုံးစားမှုပြုလုပ်သည့် ဖြစ်စဉ်တစ်ရပ် ဇန်နဝါရီ ၁၃ ရက်က ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော့သောင်းမြို့၌ အဖွဲ့ဝင်၂၁ ဦးဖြင့် တရားမဝင်ဖွဲ့စည်းထားသည့် ဆင်းရဲသားလျှော့ချရေးနှင့် လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေး ကွန်ရက်အမည်ခံအဖွဲ့က လွန်ခဲ့သည့် ၂၀၁၄ ခုနှစ်ခန့်က ချောင်းဖျားကြီးကျေးရွာနှင့် စူငယ်ဘာလိုင်းကျေးရွာရှိ ဆင်းရဲသားအိမ်ထောင်စု ၈၀ ခန့်ကို ၎င်းတို့အဖွဲ့အစည်း၏ ဆောင်ရွက်မှုဖြင့် အိမ်ထောင်စုတစ်ခုလျှင် မြေဧက ၂၀ စီ လုပ်ကိုင်ခွင့်ကျပြီဖြစ်ကြောင်း ယုံကြည်စေရန် ရေးဆွဲထားသည့် အိမ်ထောင်စုတစ်စုစီ၏ ပိုင်ဆိုင်မှုဧရိယာပြမြေပုံများပြကာ ယုဇနဆီအုန်း စိုက်ပျိုးရေးကုမ္ပဏီ၏ တရားဝင် အမည်ပေါက် မြေလွတ်မြေရိုင်းများကို အိမ်ထောင်စုတစ်ခုလျှင် ငွေကျပ် ၄၀၀၀၀ စီရယူ၍ လုပ်ကိုင်နိုင်ပြီဖြစ်ကြောင်း ပြောဆိုလုပ်ကိုင်ခွင့်ပေးခဲ့ရာ အဆိုပါဆင်းရဲသားမိသားစုများ ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလတွင် ယုဇနဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီက လာရောက်ဖယ်ရှားခိုင်းရာမှ အဆိုပါဆင်းရဲသားလျှော့ချရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကွန်ရက်အဖွဲ့၏ ငွေကြေးရယူကာ မြေယာအလွဲသုံးစားပြုသည့် ဖြစ်စဉ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေယာကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိဌာနဆိုင်ရာ အဖွဲ့အစည်းများက အဆိုပါပြဿနာကို သက်ဆိုင်ရာသို့ ဆက်လက်တင်ပြကာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(ကော့သောင်း ပြန်/ဆက်)**

## တိမ် အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၁၈** မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**


## လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ချစ်ခင်ပွန်း သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ **Dr. ဦးစိုးသိန်း**(မန်နေဂျင်းဒါရိုက်တာ၊ ရွှေခနအောင်ကုမ္ပဏီလီမိတက်)အား ၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆)ဖြင့် **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဆုမိသားစု**

## မြေဧက(၂၀)ရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နေပြည်တော် အမြန်လမ်းမကြီးဘေး မေးတင်၊ မိုင်တိုင် ၁၇ မြေကွက်ကို ဦးရာလူရောင်းမည်။

**ဖုန်း-၀၉-၅၃၁၁၉၆၃၊ ၀၉-၇၉၀၆၇၆၉၈၇**

## ပစ္စည်းတင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (၂)ရုံး၊ တည်ဆောက်ရေး(၄)မုံရွာမြို့ အုပ်ချုပ်မှုအောက်ရှိ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်တွင် ဆောင်ရွက်မည့် ဆပ်သာရေလှောင်တမံစီမံကိန်း၏ရှင်းလင်းဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သည့်တည်ဆောက် ရေးပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁ | သဲ | ၁၂ ကျင်း | လုပ်ငန်းခွင်အရောက်ပို့ရန် ဖြစ်ပါသည်။ |
| ၂ | 1½"~2"ခွဲကျောက် | ၄ ကျင်း | |
| ၃ | ¼"~¾" ခွဲကျောက် | ၃ ကျင်း | |
| ၄ | ၆"-၉" ကျောက်ကြီး | ၁၁ ကျင်း | |
| ၅ | အုတ် | ၁၈၄၈ ချပ် | |
| ၆ | သစ်မာ | ၀.၅၀ တန် | |
| ၇ | တောသစ်(အထူ) | ၄.၅၀ တန် | |
| ၈ | တောသစ်(အပါး) | ၀.၅၀ တန် | |
| ၉ | ၃၀ ဂိတ်(၇)ပေအရှည်သွပ်ပြား | ၁၉၇ ချပ် | |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၁-၂၀၁၆ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(၂)ရုံး၊ တည်ဆောက်ရေး(၄)၊ ဆည်မြောင်းဦးစီးဌာန၊ မုံရွာမြို့
**နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** - ၂၆-၁-၂၀၁၆ရက် မွန်းတည့် ၁၂နာရီ
**တင်ဒါဖွင့်မည့် ရက်/အချိန်** - ၂၇-၁-၂၀၁၆ရက် နံနက် ၁၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး၊ ပုလဲမြို့

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မုံရွာမြို့**
**ဖုန်း-၀၇၁-၂၁၂၂၅၊ ၀၇၁-၂၃၁၄၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၂၄ရပ်ကွက်၊ မြရတနာလမ်း၊ မြေကွက်အမှတ်၆၆၁၊ ဧရိယာ ၄၅×၆၀ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းထွန်း ၁၂/စခန(နိုင်)၀၅၄၂၀၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ မေယမုံဝင်းနိုင် ၁၂/ဒကတ(နိုင်)၀၆၂၆၂၃ကအပြီးအပိုင် ဝယ်ယူရန် အတွက်ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရံငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သတ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ**
**(ရုံး) ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉ ၄၂၅၂၉၀၃၄၄**

## လှိုင်ကော်တက္ကသိုလ်
## နည်းပြ/သရုပ်ပြရာထူး ရေးဖြေ/လူတွေ့ စာမေးပွဲစစ်ဆေးမည့်
## အစီအစဉ်ကြေညာခြင်း

၁။ **စာမေးပွဲဝင်ခွင့်ကတ်ပြား ထုတ်ပေးမည့်ရက်** - ၂၇-၁-၂၀၁၆ရက်(ရုံးချိန်အတွင်း)
၂။ **ရေးဖြေ ဖြေဆိုရမည့်ရက်** - ၂၈-၁-၂၀၁၆ရက်(ကြာသပတေးနေ့)
၃။ **ဖြေဆိုမည့်ဘာသာ** - မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ
(၁) မြန်မာစာ - နံနက် ၈ နာရီမှ ၁၀ နာရီအထိ
(၂) အင်္ဂလိပ်စာ - နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ
(၃) အထွေထွေဗဟုသုတ - မွန်းလွဲ ၂ နာရီမှ ညနေ ၄နာရီအထိ
၄။ **ရေးဖြေ ဖြေဆိုရမည့်နေရာ** - လှိုင်ကော်တက္ကသိုလ်
၅။ **လူတွေ့/နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း ထုတ်ပြန်မည့်ရက်** - ၃၀-၁-၂၀၁၆ရက်(စနေနေ့)
၆။ **လူတွေ့/နှုတ်ဖြေ စစ်ဆေးမည့်ရက်** - ၃၁-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)

**ဌာနမှူး**
**သင်တန်းရေးရာဌာန**

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ အမြန်လမ်းမကြီးရဲစခန်းများ၏ တည်နေရာနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်များ

**နေပြည်တော် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ခရီးသွားလုပ်သားပြည်သူများ သွားလာမှုလုံခြုံချောမွေ့စေရေး၊ အရေးပေါ်အခြေအနေတွင် ကူညီ၊ ကယ်ဆယ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး (ဌာနချုပ်) နှင့် ကွပ်ကဲမှုအောက် ရဲစခန်းများ ဖွင့်လှစ်ထားရှိသည်။

ခရီးသွားလုပ်သားပြည်သူများအနေဖြင့် လိုအပ်ချက် တစ်စုံတစ်ရာရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါအမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး (ဌာနချုပ်)နှင့် ရဲစခန်းအသီးသီးတို့၏ ဖုန်းနံပါတ်များကို ဖော်ပြအပ်ပါသည်-

| စဉ် | ရုံး/ရဲစခန်း | တည်နေရာ | | လုံခြုံရေး ဇရိယာ | | ဖုန်းနံပါတ် | | |
|---|---|---|---|---|---|---|---|---|
| | | မြို့နယ် | မိုင်တိုင် | မှ | ထိ | | | |
| ၁ | အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံး(ဌာနချုပ်) | နေပြည်တော် | - | ၀/၀ | ၃၅၈/၁ | ၀၆၇-၈၁၀၀၀၈၇ | ၀၉-၇၈၂၅၃၁၆၈၈ | ၀၉-၇၈၄၁၃၂၇၁၃ |
| ၂ | အမှတ်(၃)လမ်းဆုံအမြန်လမ်းမကြီးရဲစခန်း | လှည်းကူး | ၁၁/၀ | ၀/၀ | ၂၃/၀ | ၀၉-၄၂၀၈၈၈၈၀၅ | ၀၉-၇၈၄၆၄၀၄၈၄ | ၀၉-၇၈၄၆၄၀၄၈၅ |
| ၃ | ဘောနတ်ကြီးအမြန်လမ်းမကြီးရဲစခန်း | ပဲခူး | ၃၉/၀ | ၂၃/၀ | ၄၅/၀ | ၀၉-၄၂၀၈၈၈၈၀၆ | ၀၉-၂၅၇၅၀၀၀၈၄ | ၀၉-၇၉၃၂၀၅၇၂၉ |
| ၄ | ဘောနီအမြန်လမ်းမကြီးရဲစခန်း | ဒိုက်ဦး | ၅၈/၁ | ၄၅/၀ | ၆၀/၀ | ၀၉-၄၂၀၈၈၈၈၁၀ | ၀၉-၉၆၀၀၁၆၉၉၆ | ၀၉-၇၈၉၉၁၁၀၇၀ |
| ၅ | အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်း | ဒိုက်ဦး | ၇၂/၀ | ၆၀/၀ | ၇၅/၀ | ၀၉-၄၂၀၈၈၈၈၀၇ | ၀၉-၇၈၄၈၈၃၉၀၀ | ၀၉-၉၆၁၀၈၇၇၃၃ |
| ၆ | မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်း | ကျောက်တံခါး | ၈၃/၂ | ၇၅/၀ | ၁၀၅/၀ | ၀၉-၄၂၀၈၈၈၈၀၉ | ၀၉-၉၇၂၀၃၀၉၆၆ | ၀၉-၇၈၂၉၃၁၆၉၅ |
| ၇ | ဖြူးအမြန်လမ်းမကြီးရဲစခန်း | ဖြူး | ၁၁၅/၀ | ၁၀၅/၀ | ၁၂၀/၀ | ၀၉-၄၂၀၈၈၈၈၁၀ | ၀၉-၇၈၈၉၄၉၉၃၀ | ၀၉-၇၈၈၉၄၉၉၄၀ |
| ၈ | ဇောဓိကုန်းအမြန်လမ်းမကြီးရဲစခန်း | အုတ်တွင်း | ၁၃၇/၆ | ၁၂၀/၀ | ၁၄၅/၁ | ၀၉-၄၂၀၈၈၈၈၁၁ | ၀၉-၉၇၁၀၆၁၃၁၈ | ၀၉-၇၈၄၈၇၄၆၉၆ |
| ၉ | ဇီးပင်သာအမြန်လမ်းမကြီးရဲစခန်း | တောင်ငူ | ၁၄၆/၄ | ၁၄၅/၁ | ၁၆၂/၂ | ၀၉-၄၂၀၈၈၈၈၄၇ | ၀၉-၇၈၉၈၈၃၉၇၇ | ၀၉-၉၆၃၀၁၈၅၇၈ |
| ၁၀ | သာဂရအမြန်လမ်းမကြီးရဲစခန်း | ရေတာရှည် | ၁၇၃/၆ | ၁၆၂/၂ | ၁၈၅/၂ | ၀၉-၄၂၀၈၈၈၈၁၂ | ၀၉-၇၈၂၅၇၇၀၇၄ | ၀၉-၆၃၀၁၃၂၄ |
| ၁၁ | ပလွေးအမြန်လမ်းမကြီးရဲစခန်း | ဒက္ခိဏသီရိ | ၂၀၁/၅ | ၁၈၅/၂ | ၂၀၅/၀ | ၀၉-၄၂၀၈၈၈၈၆၀ | ၀၉-၉၇၇၀၁၀၆၆၈ | ၀၉-၇၈၄၁၃၂၆၃၃ |
| ၁၂ | ပန်းတင်အမြန်လမ်းမကြီးရဲစခန်း | ဥတ္တရသီရိ | ၂၂၀/၃ | ၂၀၅/၀ | ၂၂၇/၀ | ၀၉-၄၂၀၈၈၈၈၁၄ | ၀၉-၉၇၆၃၀၆၈၇၆ | ၀၉-၇၈၄၁၃၀၈၄၇ |
| ၁၃ | ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်း | တပ်ကုန်း | ၂၃၃/၇ | ၂၂၇/၀ | ၂၄၂/၂ | ၀၉-၄၂၀၈၈၈၈၁၅ | ၀၉-၇၈၂၂၂၆၃၈၅ | ၀၉-၉၇၉၀၃၃၅၇၄ |
| ၁၄ | ပေပင်လေးအမြန်လမ်းမကြီးရဲစခန်း | ပျော်ဘွယ် | ၂၆၂/၃ | ၂၄၂/၂ | ၂၇၆/၂ | ၀၉-၄၂၀၈၈၈၈၁၆ | ၀၉-၇၉၉၀၀၀၃၄၅ | ၀၉-၉၇၂၁၅၀၀၁၀ |
| ၁၅ | သီးကုန်းအမြန်လမ်းမကြီးရဲစခန်း | မိတ္ထီလာ | ၂၈၄/၄ | ၂၇၆/၂ | ၃၁၇/၂ | ၀၉-၄၂၀၈၈၈၈၁၇ | ၀၉-၇၈၄၀၉၃၆၃၉ | ၀၉-၇၈၄၁၀၄၉၇၇ |
| ၁၆ | ပြင်စည်အမြန်လမ်းမကြီးရဲစခန်း | နွားထိုးကြီး | ၃၂၅/၄ | ၃၁၇/၂ | ၃၃၁/၆ | ၀၉-၄၂၀၈၈၈၈၁၉ | ၀၉-၇၈၁၄၁၂၆၄၈ | ၀၉-၉၆၃၁၀၀၅၀၈ |
| ၁၇ | စကားအင်းအမြန်လမ်းမကြီးရဲစခန်း | တံတားဦး | ၃၅၂/၂ | ၃၃၁/၆ | ၃၅၈/၁ | ၀၉-၄၂၀၈၈၈၈၂၀ | ၀၉-၄၂၀၈၈၈၈၆၉ | ၀၉-၄၂၀၈၈၈၈၇၀ |

# ဒုတိယအကြိမ် အရှေ့တောင်အာရှချန်ပီယံရှစ် Squash ပြိုင်ပွဲဆုပေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၈**

အာရှ Squash အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ Squash အဖွဲ့ချုပ်တို့ပူးပေါင်း၍ ဇန်နဝါရီ ၁၁ ရက်မှစ၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် 2nd South East Asia Cup Squash Championship ပြိုင်ပွဲ၏နောက်ဆုံးနေ့ပွဲစဉ်များနှင့်ဆုပေးပွဲကို ဇန်နဝါရီ ၁၇ ရက်က နေပြည်တော် ဝဏ္ဏသိဒ္ဓိ Squash အားကစားရုံ၌ ကျင်းပသည်။

Squash ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြပြီးနောက် ဆုပေးပွဲကို ညနေ ၃ နာရီတွင် ဆက်လက်ကျင်းပရာ Women 's Jumbo Doubles ပြိုင်ပွဲတွင် ပထမဆုရ ဖိလစ်ပိုင်၊ ဒုတိယဆုရ စင်ကာပူနှင့် ပူးတွဲတတိယဆုရ ထိုင်းနှင့် မြန်မာမှ အိအိပြုံးနှင့် သန်းသန်းစိုးတို့အား အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက လည်းကောင်း၊ Women's Individual ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ နှင့် ပူးတွဲတတိယဆုများရခဲ့ကြသော မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့အား ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုင်းကျော်အုန်းက လည်းကောင်း၊ Men's Individual ပြိုင်ပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ Squash အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြည့်စုံကလည်းကောင်း၊ Team Event ပြိုင်ပွဲတွင် တတိယဆုရ ဖိလစ်ပိုင်အသင်းအား အရှေ့တောင်အာရှ Squash အဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Robert Lau Hui Yen က လည်းကောင်း၊ ဒုတိယဆုရ မလေးရှားအသင်းအား မြန်မာနိုင်ငံ Squash အဖွဲ့ချုပ်ဥက္ကဋ္ဌက လည်းကောင်း၊ ပထမဆုရ စင်ကာပူအသင်းအား အားကစား ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အရှေ့တောင်အာရှ Squash အဖွဲ့ချုပ် ဥက္ကဋ္ဌတို့က လည်းကောင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၈**

ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့တွင် -၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့၌ -၁ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့၌ ၀ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့၌ ၁ ဒီဂရီစင်တီဂရိတ်နှင့် ပြင်ဦးလွင်မြို့၌ ၂ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

# စက်သုံးဆီဈေးနှုန်းများ ယနေ့မှစတင်၍ လျှော့ချမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းလာပြီး မြန်မာ့ရေနံနှင့် စက်သုံးဆီဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်းကို ကာကွယ်တားဆီးရေးအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်းတို့ ပူးပေါင်းကာ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်သုံးဆီဈေးနှုန်းများ၏ ပျမ်းမျှအရောင်းဈေးနှုန်းများကို ဇန်နဝါရီ ၁၉ ရက်မှစတင်ကာ တစ်လီတာလျှင် ငွေကျပ် ၅၀မှ ၁၀၀ အကြားသို့ လျှော့ချရောင်းချပေးရန်အတွက် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

"ဈေးတွေက တစ်လီတာကို ငွေကျပ် ၅၀ ကနေ ၈၀ အထိ ကျဆင်းလာမှာဖြစ်ပါတယ်။ သုံးစွဲသူတွေအတွက် အတတ်နိုင်ဆုံး လျှော့ချပေးတဲ့ သဘောဖြစ်ပါတယ်။ အပတ်စဉ် စက်သုံးဆီဈေးနှုန်းတွေရဲ့ ဆိပ်ကမ်းအရောက်ဈေးတွေ၊ လက်လီ၊ လက်ကားဈေးတွေကို ထုတ်ပြန်ပေးနေပါတယ်။ နောင်မှာ ကမ္ဘာ့ဈေးနဲ့အပြိုင် ဖြစ်လာဖို့အထိ ဆောင်ရွက်သွားမယ်"ဟု စက်သုံးဆီဖြန့်ဖြူးတင်သွင်းရောင်းချသူများအသင်းမှ ရုံးအဖွဲ့မှူး ဦးဝင်းနိုင်က ပြောသည်။ ရောင်းချတင်သွင်းသည့် ဆီဆိုင်များကိုလည်း ဈေးနှုန်းများကို သတ်မှတ်နှုန်းထားနှင့်အညီ ဇန်နဝါရီ ၁၉ ရက်မှစတင်၍ ရောင်းချပေးနိုင်ရန် ဆိုင်အများစုကို အကြောင်းကြားပြီးဖြစ်ကြောင်း သိရသည်။

"ဈေးနှုန်းတွေ လျှော့ပေးရမယ်လို့ အကြောင်းကြားထားပါတယ်။ လက်ရှိဝယ်ရင်းဈေးနဲ့ ဘယ်လောက်ချိန်ရမလဲတော့ မသိသေးပါဘူး။ ရန်ကုန်ဈေးတွေတော့ ဒီနေ့ပေါက်ဈေးတွေ စကျလာပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဆိုင်သေးတွေဖြစ်လို့ ဆိုင်ကြီးတွေရဲ့ ရောင်းချမှုအခြေအနေကို ကြည့်ရဦးမယ်။ အများက ဈေးချရင်တော့ လိုက်ပြီး ချပေးရမှာပါ"ဟု ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်မှ တာဝန်ခံက ပြောသည်။

ယနေ့တွင် ရန်ကုန်မြို့ရှိ ဆီဆိုင်များ၌ မူလက ဒီဇယ်တစ်လီတာလျှင် ငွေကျပ် ၅၈၀ မှ ၅၀၀ သို့ ကျဆင်းလာခဲ့ပြီး အောက်တိန်း ၉၂ မှာလည်း တစ်လီတာလျှင် ငွေကျပ် ၆၂၀ မှ ၅၅၀ သို့ကျဆင်းလာကြောင်း သိရသည်။

စက်သုံးဆီဆိုင်များကို ဈေးနှုန်းမြင့်တက်ရောင်းချခြင်းမပြုလုပ်ရန် ညွှန်ကြားထားပြီး စစ်ဆေးခြင်းများနှင့် အကယ်၍ ဈေးနှုန်းမြင့်တက်ပါက သတိပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး မလိုက်နာပါက အရေးယူဆောင်ရွက်မှုများ မကြာခင်စတင်နိုင်ရန်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောသည်။ **ခင်ရတနာ**

# မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး ပခုက္ကူမြို့၌ ကျင်းပမည်

**ပခုက္ကူ ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ စစ်ကိုင်းကျောင်းသား၊ ဦးတင့်လွင်၊ ဦးစိုးသူခိုင်နှင့် ဦးစိုးသူထွန်းတို့ ပူးပေါင်းစီစဉ်သည့် ပြည်ထောင်စုနေ့အကြို မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇန်နဝါရီ ၂၃ ရက်နှင့် ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ပခုက္ကူမြို့ မိုးလုံလေလုံခရိုင်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

စစ်ကိုင်းကျောင်းသား၏ ကြိုးပမ်းမှုဖြင့် လက်ဝှေ့ကျော်များ၊ မျိုးဆက်သစ်လက်ဝှေ့သမားများ၊ ဒေသခံလက်ဝှေ့သမားများစုစည်း၍ တစ်ရက်လျှင်တွဲဆိုင်း ၁၀ ဆိုင်းဖြင့် ပြိုင်ပွဲကျင်းပမည်ဟု မြန်မာ့လက်ဝှေ့ကျော် စစ်ကိုင်းကျောင်းသားက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် စိုင်းဝဏ္ဏ (ဗန်းမော်)နှင့် သားကြီးနန်းတော် (မန္တလေး)အပါအဝင် တွဲဆိုင်း ခုနစ်ဆိုင်းအပြင် လက်ဝှေ့ကျော် ဒိန်၊ လက်ဝှေ့ကျော် ရှိုးလေးစသည့် အခြားနာမည်ကြီးဒေသခံလက်ဝှေ့ကျော်များ ပါဝင်မည်ဖြစ်သည်။

ရုံဝင်ကြေး ငွေကျပ် ၅၀၀၀၊ နှင့် ၇၀၀၀ ဖြစ်ပြီး လက်မှတ်များကို ဖုန်း ၀၉-၇၈၇၈၇၄၅၉၉၊ ၀၉-၇၉၄၆၄၈၅၄၇ နှင့် ၀၉-၇၉၀၄၈၄၂၈ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**


# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

ဦးမင်းဇော်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ပညာရေးဝန်ကြီးဌာန)-ဒေါ်အေးအေးမွန်တို့၏သားငယ်

**မောင်စွမ်းရည် B.E(Mechanical)**

**Port Engineer(Asia World Port Terminal)**

နှင့်

ရန်ကုန်မြို့နေ

ဦးဖိုးကျား(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆေးဝါးထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန၊ စက်မှု-၁၊ ဝန်ကြီးဌာန)-ဒေါ်ခင်မြဝင်းတို့၏သမီးငယ်

**မဆုဝေဖိုးကျား M.A(English)(YUFL)**

**ဌာနစုမှူး-၁/ဒုတိယအတွင်းဝန်(နိုင်ငံခြားရေးဝန်ကြီးဌာန)**

တို့၏ ၅-၁၂-၂၀၁၅ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဦးအောင်ကျော်မိုး (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)အားလည်းကောင်း၊ ၁၇-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) Novotel Yangon Max Hotel (Yangon Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ချီးမြှင့်ပေးပါသော ဦးဖိုးကျားနှင့်ဇနီး ဒေါ်ခင်မြဝင်းအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းဆင်မြန်းပေးပါသော ဗိုလ်ချုပ်မြင့်ဆွေ(ငြိမ်း)[ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)]နှင့်ဇနီး ဒေါ်မေရီတင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးဒေါ်လင်းလင်းတင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲဂုဏ်သရေရှိလူကြီးများ၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၈)မှ သူငယ်ချင်းမိသားစုများနှင့်တကွ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟအပေါင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော မိဘသဖွယ်ဖြစ်သော အကြီးအကဲနှင့်ဇနီးမိသားစုများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင်ဒေါ်ရီရီသန့်နှင့် ရီရီသန့် မြန်မာမှုမင်္ဂလာတေးအဖွဲ့သားများ၊ မင်္ဂလာပန်းကြဲပေးပါသော မခိုင်သဇင်ထက်နှင့် မမဒီမြတ်ပန်း၊ မင်္ဂလာအောင်စံပယ်ပန်းကလပ်နှင့် လက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မသွင်မီမိုးဦးနှင့် မမိုးပြည့်ပြည့်မိုး၊ မင်္ဂလာသတို့သားအရံ မောင်ထူးဝေလျှံကျော်နှင့် မောင်သန့်ဇင်၊ မင်္ဂလာသတို့သမီးအရံ မအေးလဲ့ကံဇော်နှင့် မပန်းနုသူသူ၊ မိတ်ကပ်ဆံပင်မေဦးနှင့်ကိုဘိတ်၊ ပန်းအလှဆင်မင်္ဂလာဝတ်စုံနှင့် လက်ဝတ်ရတနာဆင်မြန်း ပေးပါသော ဦးတင်မောင်ထွဋ်နှင့်ဇနီး ဒေါ်သင်းသင်း(Wedding Palace One Stop Service)၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon ပုံနှိပ်တိုက်၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော ကိုနိုင်နိုင်ထွန်း(Exposure)နှင့်အဖွဲ့သားများ၊ Novotel Yangon Max Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟ များနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်စွမ်းရည်-မဆုဝေဖိုးကျား**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး မော်တော်ယာဉ်ဥပဒေ ပြစ်မှုဆိုင်ရာနှင့် ပြစ်ဒဏ်စီရင်မှု ကြိုတင်ပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ပုသိမ် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် တိုင်းဒေသကြီး ယာဉ်ထိန်းတပ်ဖွဲ့ခွဲ (၁၃) မှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ဒုတိယပတ်က ပုသိမ်မြို့ကမ်းနားလမ်း မြို့တော်ခန်းမရှေ့မှ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ ခရီးသွားပြည်သူများသိရှိစေရန် မော်တော်ယာဉ်ဥပဒေ ပြစ်မှုဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်ချမှတ်မှုများကို လက်ကမ်း ကြော်ငြာများဖြန့်ဝေခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်တိုင်များ စိုက်ထူခြင်း၊ အသံချဲ့စက်များဖြင့် ကြိုတင်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



"ဧရာဝတီတိုင်းဒေသကြီးမှာ ယာဉ်တိုက်မှုနဲ့ ထိခိုက်သေဆုံးမှုက အရင်နှစ်က ထက်များတယ်။ ဒါကြောင့် ယာဉ်မောင်းတွေကို ယာဉ်စည်းကမ်း အသိပညာပေးလုပ်ငန်းတွေ ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ယာဉ်မောင်းတွေက မိမိတို့ရဲ့ ယာဉ်နံပါတ်ပြား မထင်မရှား၊ ထင်ယောင်ထင်မှား၊ မမှန်မကန် သုံးစွဲမောင်းနှင်ရင် ထောင်သုံးလနဲ့ ဒဏ်ငွေ ငွေကျပ်တစ်သိန်း၊ ယာဉ်မှတ်ပုံတင်မရှိခြင်း၊ မပါခြင်း၊ ဖျက်သိမ်းခြင်း၊ သက်တမ်းကုန်ဆုံး၊ ရပ်နားသော ယာဉ်တွေကို ထောင်ဒဏ်တစ်လ ဒဏ်ငွေ ၅၀၀၀၀၊ ယာဉ်မောင်းလိုင်စင်ခွင့်ပြုချက်မရှိဘဲ ယာဉ်ကိုမောင်းနှင်ရင်ဒဏ်ငွေ ၅၀၀၀၀၊ ယာဉ်မောင်းလိုင်စင်မပါဘဲ မောင်းနှင်ရင် ဒဏ်ငွေ ၃၀၀၀၀၊ ဘေးဖြစ်အောင် မောင်းနှင်ခြင်းနဲ့ အရက်သေစာသောက်စား မောင်းနှင်ရင် ဒဏ်ငွေ ၅၀၀၀၀၊ ဆိုင်ကယ်စီးဦးထုပ်သေချာစွာ တပ်၍ မဆောင်းခြင်း၊ ဆိုင်ကယ်နောက်ကြည့်မှန်မပါ၊ အိတ်ဇောအသံထိန်း ကိရိယာ မပါဘဲမောင်းနှင်ရင် ငွေကျပ် ၅၀၀၀၀ ပြစ်ဒဏ်တွေ ချမှတ်ပြီး အရေးယူမှာဖြစ်ပါတယ်" ဟု ယာဉ်ထိန်းတပ်ဖွဲ့ခွဲ (၁၃)မှ ဒုရဲမှူး ထွန်းနိုင်အောင်က ပြောသည်။

**ပုသိမ်-လှကြည်**

# ဗုဒ္ဓဒေသနာတော်ရွတ်ဆိုမှု အကောင်းဆုံးရွေးချယ်ပွဲ သထုံ၌ ကျင်းပ

**သထုံ ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် သထုံမြို့ ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ သုဝဏ္ဏဘူမိ သာသနာ့ဗိမာန်တော်တွင် ဇန်နဝါရီ ၁၅ ရက် နံနက် ၈ နာရီခွဲက ပြည်နယ်သာသနာ့နုဂ္ဂဟအသင်းကကြီးမှူး၍ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းမှ ဗုဒ္ဓဒေသနာတော်ရွတ်ဆိုမှုအကောင်းဆုံး ရွေးချယ်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရွေးချယ်ပွဲကို သာသနာတော်စည်ပင်ပြန့်ပွားရန်နှင့် မျိုးဆက်သစ်များကို ဘာသာရေး အခြေခံရှိပြီး ယဉ်ကျေးလိမ္မာသူများဖြစ်လာစေရန်၊ ဗုဒ္ဓတရားတော်စာပေများကို တတ်သိနားလည်စေရန်နှင့် ဗုဒ္ဓ၏ကျေးဇူးကို သိတတ်ပြီး ကျေးဇူးဆပ်သည့်အနေဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

အဆိုပါပြိုင်ပွဲများကို သထုံမြို့နယ်တွင် နှစ်စဉ်ကျင်းပခဲ့ရာ တတိယမြောက် ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်တွင် ပြိုင်ပွဲဝင်အဖွဲ့ ၁၁ ဖွဲ့တို့က ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကောင်းဆုံး ယှဉ်ပြိုင်နိုင်သူအား ဆရာတော်ကြီးများက ရွေးချယ်၍ ဇန်နဝါရီ ၂၄ ရက်တွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြို့နယ်သာသနာ့နုဂ္ဂဟအသင်းထံမှ သိရသည်။

**သက်ဦး(သထုံ)**

# ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များဖြင့် ရှာငံမြို့နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်အတွင်း ပါဝင်လျက်ရှိသည့် ရှာငံမြို့နယ်သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်ပြီး ဒေသတွင်း၌ ဓနု၊ ပအိုဝ်း၊ ပလောင်တိုင်းရင်းသားများစုပေါင်းနေထိုင်လျက်ရှိရာ တည်ငြိမ်အေးချမ်းသာယာသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

မြန်မာသက္ကရာဇ် ၅၃၅-၅၇၂ (အေဒီ ၁၁၇၃-၁၁၂၀)အထိထီးနန်းစိုးစံခဲ့သော နရသီဟပတေ့စည်သူမင်း တိုင်းခန်းလှည့်လည်လာရာမှ ယခုဒေသသို့ရောက်ရှိ စဉ်နောက်မှလိုက်ပါလာသော မှူးမတ်များကို"ရပ်ငံ့"စောင့်ဆိုင်းနေရသဖြင့် "ရပ်ငံ့"ရွာဟု ခေါ်ဆိုခဲ့ရာမှ နောင်ကာလရွေ့လျားလာသော် ရှာငံရွာအဖြစ် ထင်ရှားခဲ့ရသည်။ ၁၉၇၂ ခုနှစ်တွင် ရှာငံမြို့နယ်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

ရှာငံမြို့နယ်သည် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်ခဲ့ပြီး လူဦးရေ ၈၁၁၂၃ ဦးနေထိုင်လျက်ရှိကာ ဧရိယာအားဖြင့် ၁၀၂၅ဒသမ ၉၆ စတုရန်းမိုင်ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်အမြင့် ၄၀၈၂ ပေမြင့်ကြောင်း သိရသည်။

ထို့အပြင်မြို့နယ်၏ အရှေ့ဘက်တွင် တည်ရှိနေသော ၇၇၅၂ ပေမြင့်သည့် အရှေ့မြင်အနောက်မြင်တောင်ပေါ်တွင် တောင်ဇလပ်ပန်းများဝေဝေဆာဆာ ပွင့်လန်းနေကြသည်ကို တွေ့မြင်နိုင်သေးသည်။ ဒေသတွင်း အဓိက စီးပွားရေးလုပ်ငန်းမှာ တောင်ယာစပါး၊ ဂျုံ၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများဖြစ်ကြပြီး ဥယျာဉ်ခြံအတွင်း၌ ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းသည် အောင်မြင်ဖြစ်ထွန်းသော အရေးပါသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။ ကော်ဖီသီးနှံကို ရှာငံတစ် မြို့နယ်လုံး၌ အများအပြားစိုက်ပျိုးလျက်ရှိပြီး အရည်အသွေး ကောင်းမွန်ခြင်း၊ အမျိုးအစားမှန်ကန်ခြင်းတို့ကြောင့် ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ထိုင်းနိုင်ငံစသည့် နိုင်ငံခြားဈေးကွက်အတွင်းသို့ပင် ထိုးဖောက် ဝင်ရောက်နိုင်သည့်အပြင် ဒေသတွင်းသို့ နိုင်ငံခြားတိုင်းပြည်များဖြစ်သော တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကော်ဖီသီးနှံနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ရှာငံမြို့နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွင်း၌ ယခင်က ကောင်းမွန်ခြင်းမရှိခဲ့သော လမ်းမကြီးများ၊ ကျေးရွာချင်းဆက်လမ်းများ ယခုအခါ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိနေရပြီး ယခင်မရှိခဲ့သော လျှပ်စစ်မီး၊ မြေအောက်စက် ရေတွင်းများကို ယခုအခါ မြို့တွင်းမြို့ပြင်နှင့် ကျေးရွာများတွင် အများအပြား လင်းလင်းထင်းထင်းတွေ့မြင်နေရသည်။ ထို့ကြောင့်လည်း ရှာငံမြို့နယ်သည် ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်လာကာ ဒေသတွင်းနေ တိုင်းရင်းသားတို့၏ လူနေမှုဘဝမြင့်မားလျက်ရှိကြောင်း သိရသည်။

မြို့နယ်၏ ကျက်သရေဆောင် ရွှေဂူကြီးရှေးဘုရား၊ ရွှေပွင့်လင်းဘုရားစသည့်တန်ခိုးကြီးဘုရားများနှင့်အတူ ပေ၄၀၀ ကျော်မြင့်သည့် ကျောက်ကူတိရေတံခွန်၊ အလယ်ချောင်ရေတံခွန်၊ ဆင်ခေါင်းရေတံခွန်၊ ကဇက်သိကြားဂူ၊ ကျောက်ငှက် ရေဝင်ဂူတို့အပြင် နာမည်ကျော် ပြဒါးလင်းဂူ၊ တောကျယ်မြသပိတ်သဘာဝရေပြာအိုင်တို့၏ သဘာဝအလှများကလည်း ညို့ယူဖမ်းစားနေပြန်သဖြင့် လာရောက်လည်ပတ်သူများနှင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

ရှာငံမြို့သည် ကျောက်ဆည်မြို့အနီး ဟန်မြင့်မိုရ်ရွာလမ်းခွဲမှ ၄၆ မိုင်၊ အောင်ပန်းမြို့မှ ၄၄ မိုင်၊ တောင်ကြီးမြို့မှ မိုင် ၈၀ အကွာတွင် တည်ရှိနေပြီး ယခုအခါ သွားလမ်းသာ၍ လာလမ်းဖြောင့်နေပြီဖြစ်သဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် တည်ငြိမ်အေးချမ်းမှု၊ သာယာလှပမှုတို့ကို ကြည့်ရှုခံစားကြနိုင်ရန် အလည်တစ်ခေါက် သွားရောက်သင့်လှပါကြောင်း တင်ပြအပ်ပါသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# နိပ္ပွန် မြန်မာ့ရိုးရာလက်နှိပ်သင်တန်းကျောင်း ဖွင့်လှစ်

**မန္တလေး ဇန်နဝါရီ ၁၈**

နိပ္ပွန် မြန်မာတိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းက မြန်မာ့ရိုးရာလက်နှိပ်ပညာသင်တန်းကျောင်းဖွင့်လှစ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီက မန္တလေးအောင်မြေသာစံမြို့နယ် သရက်ကုန်းရပ်ကွက် ၅၂×၅၃ လမ်းကြား၂၅ လမ်း ဦးမင်းဆွေ-ဒေါ်ခင်ထွေး ဖောင်ဒေးရှင်း၌ ကျင်းပခဲ့သည်။

ထို့နောက် နိပ္ပွန်မြန်မာဖောင်ဒေးရှင်း CEO Mr.Ohno Shuichi က အမြင်အာရုံချို့ယွင်းသူ ၂၀ အား ခြောက်လအထိ မြန်မာ့ရိုးရာလက်နှိပ်ပညာကို သင်ကြားပို့ချပေးမည့်အပြင် တစ်လလျှင်တစ်ဦး ငွေကျပ် ၅၀၀၀၀ ကို ပညာသင် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ဆွေးနွေး

**ကြာအင်းဆိပ်ကြီး ဇန်နဝါရီ ၁၈**

နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူသရမ်ဝေါလ်ဖက်ဒရေးရှင်း(မြန်မာ)တို့ ပူးပေါင်းဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက်အကြောင်းဆွေးနွေးပွဲကို ကြာအင်းဆိပ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ ယင်းစီမံကိန်းတွင် ဓနိုးကျေးရွာအုပ်စုရှိ ကျေးရွာ ၁၂ ရွာတွင် စီမံကိန်းလုပ်ငန်းများကို ၂၀၁၅-၂၀၁၆ မှ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ သုံးနှစ်စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပွန်ကန်-သာစည်ကျောက်ချောလမ်းပြီးစီး၍ ဒေသခံများအဆင်ပြေ

**သာစည် ဇန်နဝါရီ ၁၈**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ပွန်ကန်-သာစည်ကျောက်ချောလမ်းနှစ်မိုင်ကို ခိုင်ခံ့ဖြူစင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့ပြနှင့် ကျေးလက်ဒေသဆက်သွယ်သည့် ပွန်ကန်-သာစည်ကျောက်ချောလမ်း နှစ်မိုင်ခင်းပေးခြင်းဖြင့် ပွန်ကန်ကျေးရွာ၊ ဆံမြိတ်ရှည်ကျေးရွာ၊ ကန်ရှည်ကျေးရွာ၊ မဲတောကျေးရွာ၊ သဲပုတ်ကုန်းကျေးရွာ၊ ယင်းမရိုးကျေးရွာများမှ ဒေသခံပြည်သူများ ရာသီမရွေး သွားလာမှုအဆင်ပြေခြင်း၊ ဒေသထွက်ကုန်သီးနှံများရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေခြင်းတို့ကြောင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်း(သာစည်)**

# မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မှုဆွေးနွေး

**စလင်း ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်မှုဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဦးဇော်မင်းထွဋ်က ကျေးရွာ ကော်မတီများအနေဖြင့်ရရှိလာသော အတိုးငွေများဖြင့် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်ရန်တင်ပြရာတွင် ဘတ်ဂျက် လျာထားချက်မရှိသော လုပ်ငန်းများ၊ ကျေးရွာတွင်အမှန်တကယ် လိုအပ်သော လုပ်ငန်းများကို ဦးစားပေး၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ရွှေဘို အလကခွဲကျောင်းဆောက်ရန် သိန်း ၆၀၀ လှူဒါန်း

**မုံရွာ ဇန်နဝါရီ ၁၈**

City Mart Holding ကုမ္ပဏီလီမိတက်မှ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မလယ်ရွာအုပ်စုရှိ ရွာသာယာ အလယ်တန်းကျောင်းခွဲ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၆၀၀ ကို ဇန်နဝါရီ ၁၇ ရက်က ပေးအပ်လှူဒါန်းရာ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးအဖွဲ့က လက်ခံယူသည်။ ဆက်လက်၍မုံရွာအိုးရှင်းစူပါစင်တာဖွင့်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ မုံရွာမြို့တော်ဝန် ဦးမောင်မောင်နှင့် City Mart Holding Co.,Ltd. မှ Managing Director ဒေါ်ဝင်းဝင်းတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အိုးရှင်းစူပါစင်တာ ကို၂၀၁၆ ခုနှစ်တွင် North Point ဆိုင်ခွဲအနေဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ဆိုင်ခွဲပေါင်းရှစ်ဆိုင်ဖြင့် မြန်မာနိုင်ငံ၏မော်ဒန်လက်လီ (Retail Market) ဈေးကွက်၏ အမှတ်သင်္ကေတဖြစ်လာခဲ့ကြောင်း ဒေါ်ဝင်းဝင်းတင့်ထံမှ သိရ သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဆေးတက္ကသိုလ်ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးမြို့ ညိမ်းအထူးကုဆေးခန်း၊ မြို့တော်ဆေးရုံပိုင်ရှင်၊ ရီရှင်းနှင့် Five Ocean ကုမ္ပဏီလီမိတက်တို့၏ဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒေါ်ခင်စန်းရီ မိသားစုဖောင်ဒေးရှင်းက ဆေးတက္ကသိုလ်(မန္တလေး) ထူးချွန်ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ဆေးတက္ကသိုလ် ဇီဝကခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူရှင်မိသားစုသည် ဘွဲ့ကြိုကျောင်းသားကျောင်းသူများ အပြင်ဘွဲ့လွန်၊ MRCP, MRCPH ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကိုလည်း လေးနှစ်ဆက်တိုက် ထောက်ပံ့ပေးလျက်ရှိသည့်အပြင် ကျောင်းဆောင်များ၊ ကျောင်း၏ လိုအပ်ချက်၊ လိုအပ်သောပစ္စည်းများ တည်ဆောက်လှူဒါန်းပေးခြင်း၊ မိုးကြိုးရွာ၌ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း ကျောင်းဆောင်များ တည်ဆောက်လှူဒါန်းပေးလျက်ရှိသည်။ အဆိုပါအခမ်းအနားတွင် ထူးချွန် ကျောင်းသား ကျောင်းသူ ၂၀ကိုငွေကျပ် ၅၀၅၀၀၀၀ ဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ပင်လုံပြည်ထောင်စုကျောက်တိုင် ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်

**လွိုင်လင် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင် ပန်းခြံ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဒုတိယ အဆင့်ကို ဇန်နဝါရီလဒုတိယပတ်က ဆောင်ရွက်နေကြောင်း သိရသည်။

ပင်လုံပြည်ထောင်စု ကျောက်တိုင် ပန်းခြံ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအပိုင်း(၂)ကို ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့က Monumant Background Trees ပင်လုံစာချုပ် လက်မှတ်ရေးထိုးကြသည့် ကိုယ်စားလှယ် ၂၃ ဦး ရုပ်ပုံများ၊ အထိမ်းအမှတ်သစ်ပင် ပြုလုပ်ခြင်းအတွက် ငွေကျပ် ၈၃၈ ဒသမ ၄ သိန်းဖြင့် လည်းကောင်း၊ ကလေးအားကစားကွင်း အပန်းဖြေဇုန်နှင့် အားကစားပစ္စည်းတပ်ဆင်ခြင်းအတွက် ငွေကျပ် ၆၆၄ ဒသမ ၆ သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၅၀၀ ဖြင့် ဆောင်ရွက် လျက်ရှိသည်။

ယခုအခါတွင် ရာခိုင်နှုန်းအားဖြင့် အတော်ပြီးစီးနေပြီး ၂၀၁၆ ခုနှစ် ပြည်ထောင်စုနေ့အပြီးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**မိုးလွင်ဦး(လွိုင်လင်)**

# ဆေးပညာ၊ ဥပဒေနှင့်ကျင့်ဝတ်ကို မြန်မာနိုင်ငံဆရာဝန်ညီလာခံ၌ ထည့်သွင်းဆွေးနွေးသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

(၆၂)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း၌ ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ငါးရက်တိုင်ကျင်းပလျက် ရှိသည်။

ညီလာခံတွင် ပြည်တွင်း ပြည်ပ ဆေးပညာရှင်များက ဆေးပညာဆိုင်ရာ သုတေသနစာတမ်းများအပြင် ဆေးပညာ၊ ဥပဒေနှင့် ကျင့်ဝတ်ကိုလည်း ထည့်သွင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာရဲမြင့်က "တစ်ခါတစ်ရံ လူနာနဲ့ဆရာဝန်ကြားနားလည်မှုလွဲမှားတာတွေ၊ ပြဿနာဖြစ်တာတွေ၊ အငြင်းပွားတာတွေ၊ တိုင်ကြားမှုတွေ၊ တရားစွဲတာတွေ တွေ့လာရတယ်။ ကိုယ့်ဘက်က မှန်တယ်ဆိုပြီး ပြောရုံနဲ့မပြီးဘူး၊ ဒါတွေဘာ့ကြောင့်ဖြစ်သလဲ၊ ဘယ်လိုကာကွယ်မလဲဆိုတာကို သိကျွမ်းနားလည်ဖို့လိုပါတယ်။ ဆရာဝန်အားလုံးအတွက် လူနာသာလျှင် အဓိကမို့ အမြဲသတိရှိဖို့လိုပါတယ်။ မြန်မာနိုင်ငံ ဆရာဝန်အသင်းအနေနဲ့ ဆရာဝန်တွေဘက်က မှန်ကန်မှုရှိရင် ရပ်တည်ပေးပါ့မယ်"ဟု ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်မှုများတွင် သိသိသာသာ တိုးတက်လာပြီး ဆေးရုံဆေးခန်းများ တိုးချဲ့ဆောက်လုပ်ပေးရုံသာမက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆင့်မြင့် စက်ပစ္စည်းကိရိယာများ၊ ဓာတ်ခွဲခန်းပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများကိုပါ တိုးချဲ့ဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ဆေးရုံ ဆေးခန်းတွေမှာ လူနာတွေများလာတဲ့အခါ တစ်ခါတလေ ဆရာဝန်တွေအနေနဲ့ အခက်အခဲလေးတွေရှိတယ်။ လူနာနဲ့ ဆရာဝန်ကြား အဲဒီအပိုင်းကို အများနားလည်အောင် ဆွေးနွေးသွားမယ်။ လူနာတွေကလည်း ဆရာဝန်တွေကို အားကိုးပြီး ဆေးရုံ ဆေးခန်းတွေကိုလာကြတယ်။ သူတို့မျှော်မှန်းထားသလို မဖြစ်လာခဲ့ရင် အဲဒီမှာ နားလည်မှုလေးတွေ လွဲတာရှိတယ်။ ဒီအကြောင်းတွေကို ဆွေးနွေးသွားမှာပါ" ဟု အသင်းဥက္ကဋ္ဌက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း အနေဖြင့် အနယ်နယ်အရပ်ရပ်က ဆရာဝန်များကို ပြည်သူလူထု ကျန်းမာရေးကို စောင့်ရှောက်မှုပေးနိုင်အောင် စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေး လုပ်ငန်းစဉ်များကို ဆွေးနွေးပို့ချ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပြည်သူလူထုဘက်ကလည်း ကျန်းမာရေးအသိတွေရှိဖို့ လိုအပ်ပါတယ်။ ရောဂါမဖြစ်ခင် ဘယ်လိုကာကွယ်ရမယ်၊ ရောဂါဖြစ်ခဲ့ရင် ဘယ်လိုပုံစံနေထိုင် စားသောက်ရမယ်၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတွေ လုပ်ရမယ်ဆိုတာ သိဖို့လိုပါတယ်။ ဒါတွေကိုလုပ်နိုင်မယ်ဆိုရင် ရောဂါတွေကို ကာကွယ်နိုင်မှာပါ။ ပြည်သူတွေ ဒါတွေကိုသိဖို့ ကျန်းမာရေးအသိပညာတွေ ပေးနေပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

"ကျန်းမာရေးလုပ်ငန်းဆိုတာ ကျန်းမာရေး ဝန်ထမ်းတွေနဲ့သာ သက်ဆိုင်တာမဟုတ်ပါဘူး။ ပြည်သူလူထုရဲ့စီးပွားရေး အဆင့်အတန်းမြင့်မားတာ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တာတွေစသဖြင့် အားလုံးနဲ့ ဆက်နွှယ်နေပါတယ်။ ဆရာဝန်နဲ့လူနာတွေကြား ပြဿနာတွေရှိတယ်။ ဒါတွေနဲ့ပတ်သက်ပြီး အခု ညီလာခံမှာ ဆေးပညာ၊ ဥပဒေနဲ့ကျင့်ဝတ်သိက္ခာကို အဓိကထားဆွေးနွေးမယ်။ ဆရာဝန်တွေအနေနဲ့ ကျင့်ဝတ်သိက္ခာထိန်းဖို့၊ ကိုယ်ကျင့်သိက္ခာနဲ့ပတ်သက်တဲ့ ဥပဒေကိုသိဖို့၊ ပြဿနာဖြစ်ရင် ဘယ်လိုရင်ဆိုင်ဖြေရှင်းသွားကြမလဲဆိုတာတွေကို ဆွေးနွေးသွားမှာပါ။ လက်တွေ့အကြောင်းအရာတွေပေါ် မူတည်ပြီး ဆွေးနွေးကြမှာပါ" ဟု အသင်းအထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာစောဝင်းက ပြောသည်။

မြန်မာနိုင်ငံဆရာဝန်အသင်းကို ၁၉၄၉ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဆရာဝန်အသင်းအဖြစ် ရပ်တည်ခဲ့သည်မှာ ၆၆ နှစ်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ရီရီမြင့်**

# ငါ့သရောက်မြို့ ဗြူကြီးကျေးရွာ၌
# ကျေးလက်ကျန်းမာရေးဆေးပေးခန်းထားပေးရန် ဒေသခံများမျှော်လင့်လျက်ရှိ

**ငါ့သရောက် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်ခွဲအတွင်းရှိ ဗြူကြီးကျေးရွာအုပ်စုသည် အိမ်ထောင်စု ၂၈၅စု လူဦးရေ ၂၀၀၀ ကျော်ခန့်ရှိပြီး ကျေးလက်နေပြည်သူများမှာ မြေယာစိုက်ပျိုး ရေးလုပ်ငန်းဖြင့် စီးပွားရေးကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြသည့်အပြင် တစ်ပိုင်တစ်နိုင် ဆိတ်၊ နွား၊ ဝက်မွေးမြူရေးလုပ်ငန်းများကိုလည်း မြေယာလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်ဆောင်ရွက်ကြကြောင်း သိရသည်။ ထိုသို့ ကျေးလက်တောသဘာဝ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြရာ၌ ကျန်းမာရေးမကောင်းဖြစ်သည့်အချိန်များတွင် ကျေးရွာ၌ ကျေးလက်ဆေးပေးခန်းမရှိသည့်အတွက် ဆေးကုသမှုများ ဆောင်ရွက်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရပြီး မိမိတို့ကျေးရွာ၌ လွယ်လင့်တကူကျန်းမာရေး စောင့်ရှောက်ကုသမှုများ ဆောင်ရွက်နိုင်ရန် ကျေးလက်ဆေးပေးခန်းတစ်ခု ထားပေးစေလိုကြောင်း ဗြူကြီးကျေးရွာဒေသခံ ပြည်သူများက ပြောပြသည်။

"ကျွန်တော်တို့ကျေးရွာမှာ ကျေးလက်ဆေးပေးခန်းမရှိတဲ့အတွက် ဆေးကုသဖို့ ခက်ခဲနေပါတယ်။ နောက်ပြီးကျန်းမာရေးက ဖျားတာနာတာဆိုရင် ဆေးသောက်ရုံနဲ့ ကုသလို့ရပေမယ့်၊ တခြားရောဂါတွေဆိုရင် အလွန်ကိုဒုက္ခများပါတယ်။ အချိန်မီဆေးကုသနိုင်ဖို့အတွက် ကားငှားပြီးသွားရပါတယ်။ ကားငှားပြီးသွားရတော့ တောင်သူတွေအတွက် ငွေကြေးလဲအကုန်အကျများပါတယ်။ ဒါကြောင့် တချို့ကျေးလက်တောရွာတော်တော်များများမှာ ကျေးလက်လက်ဆေးပေးခန်းတွေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာတွေ မြင်တွေ့ရတော့ ကျွန်တော်တို့ရွာကိုလည်း ကျေးလက်ဆေးပေးခန်း တစ်ခုစီစဉ်ဆောင်ရွက်ပေးမယ်ဆိုရင် ရွာမှာရှိတဲ့ကျေးလက်နေပြည်သူတွေအတွက် လွယ်လင့်တကူကျန်းမာရေးစမ်းသပ်ကုသမှုတွေ ဆောင်ရွက်နိုင်မှာဖြစ်လို့ ကျေးလက်ဆေးပေးခန်းကို အလွန်ကိုမျှော်လင့်နေကြပါတယ်"ဟု ငါ့သရောက်မြို့နယ်ခွဲ ဗြူကြီးကျေးရွာမှဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မှုဆွေးနွေး

**တွန်းဇံ ဇန်နဝါရီ ၁၈**

ချင်းပြည်နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီလ ဒုတိယပတ်က ကျင်းပရာ မြို့နယ်အဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် မြစိမ်းရောင်စီမံကိန်းကျေးရွာများဖြစ်သော ဖိုင်တူ၊ နတ်ဇန်(သ)+ လုံတပ်၊ ဆာလ်ဇန်၊ မွာလ်ပီး၊ ဇမ်ပီး၊ လွမ့်ဇန်၊ ခွမ်နွဲ့၊ စိန်းပဲ့လ်၊ ရှာလ်ထော်ဇန်၊ ဒါရ်ခိုင်း(ဟ)၊ တွီးမန်ကျေးရွာများမှ ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အလားတူ မြစိမ်းရောင်စီမံကိန်း ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ပုလဲမြို့နယ်၊ အင်းတော်မြို့နယ်၊ မလှိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲများတွင် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဝင်များက အတိုးရငွေများဖြင့် မိမိတို့ကျေးရွာများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံစစ်တမ်း ကောက်ယူ

**ကနီ ဇန်နဝါရီ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန(USH)တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်း(MDHS) ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့မှ စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက်က တိုင်းဒေသကြီး ကနီမြို့နယ် ကင်းတောင်ကျေးရွာသို့ရောက်ရှိကာ စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာရင်းကောက်ယူရေးအဖွဲ့များသည် တိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်း၊ မုံရွာ၊ မြောင်၊ ကနီ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ အရာတော်၊ ဘုတလင်၊ ဒီပဲယင်း၊ တန့်ဆည်၊ ဝက်လက်၊ ရွှေဘို၊ ကန့်ဘလူ၊ ကျွန်းလှ၊ ကောလင်း၊ ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ကလေး၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်နှင့် ဟုမ္မလင်းမြို့နယ်များရှိ လုပ်ကွက် ၃၁ ကွက်၌ တစ်ကွက်လျှင် အိမ်သုံးဆယ်နှုန်းဖြင့် စစ်တမ်းများကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်တမ်းကောက်ယူဆောင်ရွက်မှုများအဖြစ် မိခင်၊ မျိုးဆက်ပွားနှင့် ကလေးသူငယ်ကျန်းမာရေးအကြောင်း အချက်အလက်များစသည့် အချက်များကို အဓိကလေ့လာဖော်ထုတ်သွားမည်ဖြစ်ပြီး အဆိုပါ သတင်းအချက်အလက်များသည် ကျန်းမာရေးကဏ္ဍတွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံချက်နှင့် စီမံကိန်းများ ဖော်ထုတ်ခြင်းများအတွက် အသုံးဝင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**



ပြည်ထောင်စု နယ်မြေ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ခရိုင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကိုကိုနိုင်က အမှာစကားပြောကြားစဉ်။

ကိုကိုရှူပ (နေပြည်တော်)

# ပြည်သူ့ဆေးရုံ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် Gold Power ကုမ္ပဏီမိသားစုနှင့် ဝန်ထမ်းများက ဇန်နဝါရီလ ဒုတိယပတ်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့ဆေးရုံသန့်ရှင်းသာယာလှပရေး ဆောင်ရွက်နိုင်ရန် ပလတ်စတစ်အမှိုက်ပုံး အလုံး ၃၀ နှင့် မြက်ရိတ်စက်၊ တံမြက်စည်း၊ ပေါက်တူး၊ ဂေါ်ပြားစသည်တို့ကို ကုမ္ပဏီကိုယ်စား ဒေါ်မေဟန်နီအေးက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်အောင်**

# မလိဝမ်းသို့

မောင်သာ(ရွှေဟောင်းသုသေတန)



ထားဝယ်မှ နံနက်အရုဏ်တက်ချိန်တွင် ထွက်ခွာလာခဲ့သော ထားဝယ်-မြိတ်-ကော့သောင်းရှပ်ပြေးရေယာဉ်သည် မြိတ်ဆိပ်ကမ်းသို့ နံနက် ၉ နာရီတွင် ဆိုက်ကပ်လာခဲ့သည်။ ရှပ်ပြေးယာဉ်များ မရှိသေးမီက ထားဝယ်မှ မြိတ်သို့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ပြေးဆွဲပေးသော ကမ်းရိုးတန်းသွား သင်္ဘောများဖြင့် သွားလျှင်သွား၊ မသွားလျှင် ပုဂ္ဂလိကစက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ ကုန်တင်မော်တော်များဖြင့်သာ သွားလာခဲ့ကြရသည်။

လွန်ခဲ့သောငါးနှစ်ခန့်မှစ၍ ထားဝယ်မှ ကော့သောင်းအထိကမ်းရိုးတန်းသွားရှပ်ပြေးယာဉ်များကို ပြေးဆွဲခဲ့ရာ တနင်္သာရီကမ်းရိုးတန်းဒေသ သွားလာရေးနှင့် လမ်းပန်းဆက်သွယ်ရေးသည် များစွာတိုးတက်ကောင်းမွန်လာခဲ့သည်။ ရှပ်ပြေးယာဉ်များကို ရာသီဥတုကောင်းမွန်ချိန်များတွင် ပြေးဆွဲလေ့ရှိပြီး မိုးတွင်းကာလတွင် ပြေးဆွဲပေးခြင်းမရှိပါချေ။

မြိတ်မှ ကော့သောင်းသို့ ရှစ်နာရီကြာ မောင်းနှင်ခဲ့ပြီး ကော့သောင်းမြို့သို့ ညနေ ၅ နာရီဝန်းကျင်တွင် ဆိုက်ရောက်ခဲ့သည်။ ကော့သောင်းသည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်းဆုံးမြို့ဖြစ်ကာ ဘုရင့်နောင်အငူသည် မြန်မာနိုင်ငံ၏ အောက်ဆုံးမြေသားနေရာဖြစ်သည်။ **(ယာပုံ)** ဘုရင့်နောင်အငူကို စတီးလက်ရန်းများဖြင့် ကာရံထားကာ ကြမ်းခင်းကို ကြွေပြားများခင်းထားသည်။ ပင်လယ်ပြင်ကို ဖြတ်သန်းလာသည့်လေက တရစပ်တိုက်ခတ်နေသည်။ လေတဝူးဝူးအောက်တွင် အကျီပုဆိုးများလွင့်နေလျက် မိမိနိုင်ငံ၏အောက်ဆုံး အငူထိပ်ပေါ်တွင်ရပ်ကာ ပင်လယ်ပြင်ကို ကြည့်နေရသည့်အရသာကို ကျွန်တော် မည်သို့ဖော်ပြရမည်ကိုပင် မသိနိုင်ခဲ့ပါချေ။ သမိုင်းတစ်လျှောက် အင်အားကြီးမားဝင့်ထည်ခဲ့သည့် အမိမြန်မာနိုင်ငံတော်ကြီး၏ အောက်ဆုံးထိပ်တွင် ရပ်နေရသည်ကိုပင် ကျွန်တော်ဂုဏ်ယူနေမိခဲ့ပါသည်။

ဘုရင့်နောင်အငူနှင့်မနီးမဝေးရှိ ဘုရင့်နောင်ကုန်းသည် ကော့သောင်းသို့ ရောက်လာကြသူတိုင်း သွားရောက်ကြည့်ရှုလေ့ရှိကြသည့် ထင်ရှားသော နေရာတစ်ခုဖြစ်သည်။ ဘုရင့်နောင်ကုန်းသည် ကော့သောင်းမြို့ ပါချန်မြစ်ကမ်းအနီးတွင်တည်ရှိကာ ဘုရင့်နောင်ကုန်းပေါ်မှ ပါချန်မြစ်ပြင်ကို လှပစွာမြင်တွေ့ရသည်။ ဘုရင့်နောင်ကုန်းပေါ်တွင်ထားရှိသည့် ဓားကို ဆွဲချွတ်နေသည့် ဘုရင့်နောင်ရုပ်တုသည် အသက်ဝင်မာန်ပါလှသည်။ အဆိုပါရုပ်တုကို ပန်းပုဆရာကြီး ဦးဟန်တင်က ထုလုပ်ခဲ့သည်ဟု သိရှိရသည်။ ဘုရင့်နောင်ကုန်းတစ်နေရာတွင် ဘုရင့်နောင်မင်းတရားကြီး ကျောက်စာတိုင်ရှိသည်။ ကျောက်စာပေါ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူးချုပ် ပါမောက္ခဆရာကြီး ဒေါက်တာခင်မောင်ညွန့်ရေးသားသည့် ဘုရင့်နောင်မင်းတရားကြီး အတ္ထုပ္ပတ္တိအကျဉ်းကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားထားသည်။

ဘုရင့်နောင်မင်းတရားကြီး(အေဒီ ၁၅၅၁- ၁၅၈၁)ကို ခမည်းတော် မင်းရဲသီဟသူမင်းကြီးဆွေနှင့် မယ်တော်ခင်မျိုးမြတ်တို့က မြန်မာသက္ကရာဇ် ၈၇၇ ခုနှစ် (ခရစ်နှစ် ၁၅၁၅ ခုနှစ်)တွင် မွေးဖွားခဲ့သည်။ ဘုရင့်နောင်၏ ငယ်နာမည်သည် ရှင်ရဲထွတ်ဖြစ်ပြီး ခမည်းတော်သည် တပင်ရွှေထီး၏ အကြီးတော်ဖြစ်၍ မယ်တော်သည် တပင်ရွှေထီး၏ နို့ထိန်းဖြစ်သည်။ တပင်ရွှေထီးနှင့် ရှင်ရဲထွတ်သည် ငယ်စဉ်က နို့စို့ဖက်များဖြစ်ခဲ့ကြပြီး တပင်ရွှေထီးက ရှင်ရဲထွတ်ထက် သုံးလနှင့်လေးရက်သာကြီးသည်။ အရွယ်ရောက်သောအခါ ရှင်ရဲထွတ်သည် တပင်ရွှေထီး၏ အစ်မဖြစ်သူ ခင်ခင်ကြီးနှင့် မေတ္တာမျှခဲ့သည်။ တပင်ရွှေထီးသည် မင်းဖြစ်လာသောအခါ မိမိနှင့် နို့စို့ဖက် ရှင်ရဲထွတ်ကို မိမိ၏ အစ်မဖြစ်သူ ခင်ခင်ကြီးနှင့် စုံဖက်ပေးခဲ့သည်။

သစ္စာရှိ၍ စစ်မှုထမ်းကောင်းသော ရှင်ရဲထွတ်ကို တပင်ရွှေထီးက ကျော်ထင်နော်ရထာဘွဲ့ ချီးမြှင့်ခဲ့သည်။ ကျော်ထင်နော်ရထာဘွဲ့ခံ ရှင်ရဲထွတ်သည် တပင်ရွှေထီး၏ မင်းမှုတော်ကို ထမ်းဆောင်လျက် တပင်ရွှေထီးနှင့်အတူ လက်ရုံးရည်နှလုံးရည်များကို ပြသခဲ့သည်။ ၁၅၃၇ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နောင်ရိုးတိုက်ပွဲတွင် စွန့်စွန့်စားစား ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ကာ အောင်မြင်မှုရရှိခဲ့သော ကျော်ထင်နော်ရထာအား တပင်ရွှေထီးက မိမိဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်နှင့် လက်ကောက်တို့ကိုချွတ်၍ ရဲဆုအဖြစ်ပေးခဲ့ကာ လှိုင်မြို့ကို စားစေခဲ့သည်။ နောင်ရိုးတိုက်ပွဲအောင်နိုင်မှုကြောင့် ကျော်ထင်နော်ရထာအား ဘုရင့်နောင်ဘွဲ့ကို ချီးမြှင့်ခဲ့ပြီးသည့်နောက်ပိုင်းတွင် ရှင်ရဲထွတ်သည် မြန်မာ့သမိုင်းတစ်လျှောက်တွင် ဘုရင့်နောင်အမည်ဖြင့် ထင်ရှားခဲ့သည်။

ဘုရင့်နောင်သည် ၁၅၄၁ ခုနှစ်တွင် တပင်ရွှေထီး၏ အိမ်ရှေ့မင်းဖြစ်လာခဲ့ပြီး မြန်မာသက္ကရာဇ် ၉၁၂ ခုနှစ် (ခရစ်နှစ် ၁၅၅၁ ခုနှစ်) တွင် ဘုရင်ဖြစ်လာခဲ့ကာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်၍ ၁၅၅၃ ခုနှစ်တွင် ဟံသာဝတီ ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်ကြီးတွင် ထီးနန်းစိုက်ခဲ့သည်။ ၁၅၆၃ ခုနှစ်တွင် ထိုင်းနိုင်ငံ (ယိုးဒယား) သို့ စစ်ချီခဲ့ပြီး သောက္ကတဲ့၊ ပိသလောက်၊ သုဝဏ္ဏလောက်မှ အယုဒ္ဓယမြို့အထိ နယ်မြေများကို သိမ်းပိုက်ခဲ့သည်။ အယုဒ္ဓယဘုရင်က ဘုရင့်နောင်ထံ ဆင်ဖြူလေးစီး ဆက်သခဲ့သဖြင့် ဘုရင့်နောင်သည် ဟံသာဝတီဆင်ဖြူများရှင်ဟု ဘွဲ့မည်တင်ခဲ့သည်။ ဘုရင့်နောင်မင်းတရားကြီး၏ ဒုတိယ မြန်မာနိုင်ငံတော်ကြီးသည် အရှေ့ဘက်တွင် ကျိုင်းတုံ၊ ကျိုင်းရုံကြီး၊ လင်းဇင်း၊ ဇင်းမယ်နှင့် အယုဒ္ဓယအထိလည်းကောင်း၊ အနောက်ဘက်တွင် မဏိပူရအထိလည်းကောင်း သြဇာအာဏာ သက်ရောက်ခဲ့သည်။

ဘုရင့်နောင်မင်းတရားကြီးသည် သက်တော် ၆၆ နှစ်အရွယ်၊ မြန်မာသက္ကရာဇ် ၉၄၃ ခုနှစ်(ခရစ်နှစ် ၁၅၈၁ ခုနှစ်)တွင် နတ်ရွာစံခဲ့သည်။ ဘုရင့်နောင်နှင့်ပတ်သက်သည့် အကြောင်းခြင်း ရာများကို ဘုရင့်နောင်ကမ္ပည်းစာ တွင် ရေးသားထားသည်ကို ဖတ်ရှုနေစဉ် ဇာတိမာန်စိတ်များ တက်လာမိပေသည်။ ကျွန်တော်သည် ကော့သောင်းရောက်ခိုက် မြန်မာနိုင်ငံသားများ ဂုဏ်ယူလေးစားချစ်မြတ်နိုးကြရသည့် ဘုရင့်နောင်မင်းတရားကြီး၏ ရုပ်တုကို တွေ့မြင်ခဲ့ရချိန်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သော မင်းတရားကြီးအား လေးမြတ်ဦးညွှတ်မိခဲ့ပါသည်။

နောက်တစ်ရက်တွင် ကော့သောင်းမြို့မှ မြောက်ဘက်သို့ ပြည်ထောင်စုလမ်းမကြီးအတိုင်း ကျွန်တော်တို့ကားဖြင့် သွားခဲ့ကြရာ ၂၅ မိုင်တွင် မလိဝမ်းရွာသို့ ရောက်ရှိခဲ့သည်။ မလိဝမ်းသို့မရောက်မီ လမ်းတွင် ပုလုံးတုံတုံးပင်လယ်ဖြတ် သစ်သားတံတားကြီးကိုဝင်ရောက်ကြည့်ရှုခဲ့ကြသကဲ့သို့ ကော့သောင်းမြို့ နှီးဘုရားကြီးကိုလည်း ဝင်ရောက်ဖူးမြော်ခဲ့ကြသည်။ လမ်းတစ်လျှောက်တွင် ဆီအုန်းခြံများကို တွေ့ရသကဲ့သို့ ကွမ်းခြံများကိုလည်း မြင်ရသည်။ ကွမ်းသီးများ လှန်းထားသည်ကိုလည်း နေရာအနှံ့တွေ့ရသည်။

၁၇၅၀ ပြည့်နှစ်ဝန်းကျင်က မြန်မာလူမျိုးများ၊ ရှမ်းနှင့်ဆလုံများသည် ပါချန်မြစ်ရိုးတစ်လျှောက် ရေကြည်ရာ မြက်နုရာရှာဖွေကြရင်း ယခု မလိဝမ်းတည်ရှိရာနေရာသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုနေရာသည် မြေမျက်နှာပြင်ညီညာပြန့်ပြူးလျက် ဇွန်ပန်းများလည်း ဖူးပွင့်နေကြသည်ကို မြင်ကြရသဖြင့် အခြေချနေထိုင်ရန် ရွေးချယ်ခဲ့ကြကာ မလိဝမ်းဟု အမည်ပေးခဲ့ကြသည်။ ထိုင်းဘာသာစကား မလိသည် ဇွန်ပန်းပွင့်ဖြစ်ကာ ဝမ်သည်နေ့ဖြစ်သဖြင့် မလိဝမ်းသည် ဇွန်ပန်းများပွင့်သောနေ့ဟု အဓိပ္ပာယ်ရသည်။ ဒေသခံများက မလိဝမ်းသည် စံပယ်ပန်းများပွင့်သောမြေဟု ဆိုကြသည်။

မလိဝမ်းကျေးရွာတွင် အိမ်ခြေ ၈၅၀ ကျော်ရှိ၍ လူဦးရေ ၄၀၀၀ နီးပါး နေထိုင်လျက်ရှိသည်ဟု သိရှိရသည်။ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းနှင့် မူလတန်းကျောင်း၊ ကျေးလက်ဆေးပေးခန်းများရှိသည်။ ကျေးရွာပြည်သူအများစုသည် ဥယျာဉ်ခြံ၊ ရော်ဘာခြံ၊ ကွမ်းသီးခြံနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးကြသည်။

မလိဝမ်းကျေးရွာတွင် ကော့သောင်းမြို့၏ တစ်ခုတည်းသောသဘာဝ အပန်းဖြေရေတံခွန်နှင့် ရေပူစမ်းရှိသည်။ ယခင်က မလိဝမ်းရေတံခွန်နှင့် ရေပူစမ်းသို့ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်မှုကြောင့် အလွယ်တကူမသွားရောက်နိုင်ခဲ့သော်လည်း ယခုအခါ ရေတံခွန်နှင့် ရေပူစမ်းဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသဖြင့် ဒေသနေပြည်သူများနှင့် ဧည့်သည်များသည် မလိဝမ်းသို့ အလွယ်တကူသွားရောက်အပန်းဖြေနိုင်ကြပြီဖြစ်သည်။

သစ်သားတံတားကို ဖြတ်သန်းလိုက်သည်နှင့် မလိဝမ်းရေတံခွန်မှစီးဆင်းလာသောရေများကို ဆယ်ထားသည့် ရေပြင်ကျယ်ကြီးကို တွေ့ကြရသည်။ ရေပြင်ကျယ်အတွင်း ရေကူးနေကြသူများ၊ ကမ်းစပ်တွင် ပျော်ပွဲစားနေကြသူများ၊ ရေတံခွန်ထိပ်သို့ တောင်တက်လမ်းအတိုင်းတက်နေကြသူများကို စည်ကားစွာတွေ့ရှိရပေသည်။ ထိုင်း-မြန်မာနယ်စပ်ဝင်ပေါက်မှတစ်ဆင့် ကော့သောင်းသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားသားအချို့ကိုလည်း တွေ့မြင်ရသည်။ ကော့သောင်း၏ တစ်ဖက်ကမ်း ထိုင်းနိုင်ငံ ရနောင်းမြို့တွင်လည်း ရေတံခွန်နှင့်ရေပူစမ်းတစ်ခုရှိရာ မလိဝမ်းရေတံခွန်နှင့် ရေပူစမ်းက ပိုမိုလှပသည်ဟု ကျွန်တော်ထင်မြင်မိပါသည်။

ရေတံခွန်၏ အနောက်ဘက်တွင်ရှိသည့် တောင်တက်လမ်းအတိုင်း ရေတံခွန်ထိပ်ဖျားအထိ လမ်းလျှောက်တက်ခဲ့ကြရာ တောင်တက်လမ်းတစ်လျှောက် လှပစွာမြင်တွေ့ရသည့် တောတောင်နှင့် ရေတံခွန်အဆင့်ဆင့်ရှုခင်းများသည် မလိဝမ်း၏ လှပသန့်စင်သော သဘာဝဝန်းကျင်များ ဖြစ်ကြပေသည်။ ရေတံခွန်ထိပ်ဖျားတွင် သံကွင်းများဖြင့် အခိုင်အမာတုပ်နှောင်ထားသည့် ငါးပေဝန်းကျင်ပတ်လည်ရှိသည့် အင်္ဂတေလေးထောင့်အုတ်ခုံတစ်ခုကို တွေ့ခဲ့ရသည်။ အုတ်ခုံပေါ်တွင် လေးထောင့်ကြက်ခြေခတ်တစ်ခုကို အင်္ဂတေဖြင့်ပြုလုပ်ထားသည်။ အချို့က ဂျပန်ခေတ်က ဂျပန်များတစ်စုံတစ်ခုကို လျှို့ဝှက်ထားသည့် နေရာတစ်ခုဟု ယူဆကြသော်လည်း ယခုတိုင်မည်သူမျှ အတိအကျ မသိရှိကြသေးပါချေ။

မလိဝမ်းမှ အပြန်တွင် ကော့သောင်းမရောက်မီ ၁၀ မိုင်ခန့်အလိုတွင်ရှိသော ဆယ်မိုင်ကျေးရွာသို့ ဝင်ခဲ့ကြသည်။ ဆယ်မိုင်ရွာသည် ပင်လယ်ကမ်းခြေရွာတစ်ခုဖြစ်သဖြင့် ရေထွက်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ခဲ့ကြသည်။ လူကြိုက်များသည့် ပသျှူးငါးပိစစ်စစ်များကို ဆယ်မိုင်ရွာတွင် ဝယ်ယူရရှိနိုင်သည်။

တစ်ချိန်သောကာလက မှောင်ခိုလုပ်ငန်းများဖြင့် စည်ကားခဲ့သည့် ကော့သောင်းမြို့သည် ယခုအချိန်တွင်လည်းကော့သောင်းမြို့မှ ငါးမိုင်အကွာတွင် ပုလုံးတုံတုံးအပန်းဖြေကမ်းခြေ၊ ၁၀ မိုင်အကွာတွင် ၁၀မိုင် အပန်းဖြေကမ်းခြေနှင့် ၂၅ မိုင်ဝန်းကျင်တွင် မလိဝမ်းသဘာဝရေတံခွန်၊ မလိဝမ်းရေပူတွင်းများရှိနေသဖြင့် လာရောက်လည်ပတ်ကြသော ခရီးသွားများဖြင့် စည်ကားလျက်ရှိသည်။

လှပသောသဘာဝ ရှုမျှော်ခင်းများစွာကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းအရင်းအမြစ် များစွာရှိသည့်အနက် ကော့သောင်းမြို့၏ လှပသော သဘာဝဝန်းကျင်များသည်လည်း အပါအဝင်ဖြစ်ပေရာ ကော့သောင်းမြို့သို့ အလည်တစ်ခေါက်ရောက်ရှိခဲ့သည့်ခရီးကို ကျွန်တော်အမှတ်ရနေဆဲပင်ဖြစ်ပါပေသည်။

ပုလုံးတုံတုံးပင်လယ်ဖြတ်သစ်သားတံတားကြီးကို တွေ့ရစဉ်။





# ယာဉ်ထိန်းရဲများအား အရေးပေါ်ရှေးဦးသူနာပြုစုနည်း သင်ကြားပို့ချ

**စစ်တွေ ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ လမ်းညွှန်မှုဖြင့် ရှေးဦးသူနာပြုသင်တန်း အတွေ့အကြုံမရရှိသေးသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်း(ရခိုင်)နှင့် စစ်တွေမြို့နယ်အမှတ်(၅) ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အရေးပေါ် ရှေးဦးပြုစုနည်း သင်တန်းကို စစ်တွေမြို့ အမှတ်(၅) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး၌ ဇန်နဝါရီ ၁၆ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုများ ဖြစ်ပွားပါက အဆိုပါဖြစ်ပွားမှုနှင့် အနီးစပ်ဆုံးနေရာ၊ အမြန်ဆုံးရောက်နိုင်သောနေရာများတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့များရှိနေလေ့ရှိရာ ဒဏ်ရာရရှိသူများကို ထိထိရောက်ရောက်ဖြင့် ရှေးဦးသူနာပြုစုနိုင်ရန် ရည်ရွယ်၍ သင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၃၅ ဦး တက်ရောက်သင်ကြားခဲ့သည်။

သင်တန်းတွင် စစ်တွေမြို့နယ် ကြက်ခြေနီ တပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးစိန်မြင့်နှင့်အဖွဲ့က အရေးပေါ်ရှေးဦးပြုစု နည်းများဖြစ်သည့် ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်းများအတွက် ပတ်တီးစည်းနည်း၊ အရိုးကျိုးခြင်းကို အရေးပေါ်ပြုစုနည်း၊ အရေးပေါ်အသက်ရှူရပ်သွားခြင်းကို ပြုစုနည်း၊ ဆေးရုံ၊ ဆေးခန်းများသို့မရောက်မီ မတော်တဆမှုဖြစ်သည့်နေရာတွင် ထိခိုက်ဒဏ်ရာများကို ပိုမိုဆိုးရွားမှုမရှိစေရန်အတွက် ရှေးဦးပြုစုနည်းအမျိုးမျိုးတို့ကို စာတွေ့လက်တွေ့ ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား ပို့ချသော အရေးပေါ်ရှေးဦးပြုစုနည်း သင်တန်းများကို ရခိုင်ပြည်နယ်ရှိ ခရိုင်နှင့် မြို့နယ်များတွင်လည်း ဆက်လက် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၂၄) သံတွဲ၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ စု (၂၁) ကျောက်ဖြူနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၂၂) မောင်တောမြို့နယ်များမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား သင်တန်းများ ဆက်လက်ပို့ချရန် စီစဉ်ထားကြောင်း သိရသည်။

**မြတ်ဝေ**

# ပုလဲသွယ်နွေစပါး အရှိန်အဟုန်မြှင့်စိုက်ပျိုးရေး တောင်သူပညာပေး

**နေပြည်တော် ဇန်နဝါရီ ၁၈**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စုအတွင်း၌ ပုလဲသွယ်နွေစပါး အရှိန်အဟုန်မြှင့် စိုက်ပျိုးရေးအတွက် တောင်သူပညာပေး တွေ့ဆုံဆွေးနွေးပွဲကို မောင်းရမ်းကျေးရွာရှိ တောင်သူပညာပေးစခန်း(KC)၌ ဇန်နဝါရီလ ဒုတိယပတ်က ပြုလုပ်ခဲ့သည်။



တွေ့ဆုံပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦးက အမှာစကားပြောကြားပြီး စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ တောင်သူများအနေဖြင့် ဆောင်ရွက်ရမည့် စိုက်ပျိုးနည်းပညာအဆင့်ဆင့်၊ ပိုးမွှားနှင့် အပင်ရောဂါအမျိုးမျိုး ကာကွယ်နှိမ်နင်းနည်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးတာဝန်ခံက နွေစပါးကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးနည်းများအကြောင်း ရှင်းလင်းကာ ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။ **(ဝဲပုံ)**

တောင်သူပညာပေး ဆွေးနွေးပွဲသို့ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ဥတ္တရခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် ကွင်းဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

# စက်မှုလယ်ယာပြောင်းသော်လည်း ဒေသအချို့တွင် မိရိုးဖလာရိတ်သိမ်းခြွေလှေ့နည်းကို ပို၍အသုံးပြုဆဲ

**သာစည် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း ကျေးရွာများ၌ မိုးစပါးများရိတ်သိမ်းခြွေလှေ့ရာတွင် လယ်ယာသုံးစက်ကိရိယာများကို အသုံးပြု၍ ရိတ်သိမ်းခြွေလှေ့ခြင်းများရှိသလို မိရိုးဖလာ ရိတ်သိမ်းခြွေလှေ့နည်းများကိုလည်း အသုံးပြုနေကြဆဲဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးစပါးအနည်းငယ်ပဲ စိုက်ပျိုးရပါတယ်။ ကန်ရေသောက်လယ်မြေတွေလည်း မင်းလှကန်ရေမရှိလို့ မိုးရွာရေကို စုဆောင်းပြီး ခက်ခက်ခဲခဲ စိုက်ပျိုးရပါတယ်။ မိုးစပါးစိုက်ပျိုးဖို့ လယ်ထွန်တာကအစ နွားနဲ့ပဲ ထွန်ယက်တယ်။ ပျိုးထောင်၊ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်သိမ်းတာကိုလည်း လူလုပ်အားနဲ့ပဲ မိရိုးဖလာရိတ်သိမ်းခြွေလှေ့နည်းအတိုင်း ဆောင်ရွက်ကြတာများပါတယ်။ မိုးစပါးရိတ်သိမ်းချိန်က နတ်တော်လနဲ့ ပြာသိုလဆိုတော့ ရာသီဥတုက ပွင့်လင်းရာသီဖြစ်တဲ့အတွက် မိုးလွတ်လေလွတ် သိမ်းလို့ရပါတယ်” ဟု သာစည်မြို့နယ် ကျီတိုင်ကုန်းကျေးရွာဒေသခံ စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

“စပါးခြွေလှေ့စက်ကို အသုံးပြုရင် စပါးတစ်တင်း ၂၀၀ ကျပ်ပေးရတယ်။ စပါးတင်း ၁၀၀ ရရင် ခြွေလှေ့ခနဲ့ အလုပ်သမားခ ၃၀၀၀၀ ကျပ်လောက်ကုန်ကျပါတယ်။ မိရိုးဖလာရိတ်သိမ်းနည်းအတိုင်း စပါးကောက်ရိုးထုံးတွေကို ကောက်ပြန့်ပြီး နွားလှည်းနဲ့နယ်ပြီး ခြွေလှေ့ရင် အလုပ်သမားနှစ်ယောက် ငှားရပါတယ်။ စပါးတင်း ၁၅၀ ကိုအလုပ်သမား ခြောက်ယောက်၊ နွားလှည်းတစ်စီးနဲ့ ခြွေလှေ့ရပါတယ်။ အလုပ်သမားတစ်ယောက်ကို တစ်ရက် ၃၀၀၀ ကျပ်နှုန်းပေးပြီး ငှားရတဲ့အတွက် မိရိုးဖလာရိတ်သိမ်းခြွေလှေ့နည်းက စပါးခြွေလှေ့စက် ငှားရမ်းအသုံးပြုတာထက် ကုန်ကျစရိတ်သက်သာပါတယ်”ဟု အဆိုပါ ဒေသခံက ဆက်လက်ပြောကြားသည်။

မိရိုးဖလာ ရိတ်သိမ်းခြွေလှေ့ခြင်းသည် စက်ဖြင့် ရိတ်သိမ်းသည်ထက် အချိန်ပိုကြာသော်လည်း ကုန်ကျစရိတ် ပိုမိုသက်သာကြောင်း၊ ပွင့်လင်းရာသီဖြစ်၍ မိုးလွတ်လေလွတ်ရိတ်သိမ်းနိုင်သဖြင့် စက်ဖြင့်ရိတ်သိမ်းသည်ထက် ကုန်ကျစရိတ် ပိုမိုသက်သာသော မိရိုးဖလာ ရိတ်သိမ်းခြွေလှေ့နည်းကို ပိုမိုအသုံးပြု၍ ရိတ်သိမ်းနေကြခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်း(သာစည်)**



# ဆွေးမြည့်နေသောဓာတ်တိုင်များ အသစ်လဲလှယ်

**ကျောက်တန်း ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်း ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန်အတွက် ဟောင်းနွမ်းဆွေးမြည့်နေသော သံဓာတ်တိုင်များကို ကွန်ကရစ်ဓာတ်တိုင်များဖြင့် အစားထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။

ကျောက်တန်းမြို့တွင်းနှင့် မြို့ပြင်ရှိ ဟောင်းနွမ်းဆွေးမြည့်နေသော သံဓာတ်တိုင်များကို ၁၀ မီတာ ကွန်ကရစ်ဓာတ်တိုင်သစ်များဖြင့် ကျောက်တန်းမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးကြည်သာစိုးနှင့် ဝန်ထမ်းအဖွဲ့များက လိုက်လံလဲလှယ်ခဲ့ခြင်းဖြစ်သည်။ ဓာတ်တိုင်သစ်များ လဲလှယ်ခြင်းဖြင့် ဓာတ်အားလိုင်းများ ပိုမိုကြံ့ခိုင်မှုရှိလာပြီး လျှပ်စစ်အန္တရာယ် ကင်းဝေးစေမည်ဖြစ်ကာ မြို့တွင်းမြို့ပြင် ဓာတ်အားဖြန့်ဖြူးမှု စနစ်များကိုလည်း ပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း သိရသည်။ **(၀၁၉)**

# တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသပေး

**ကျုံပျော် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တိုင်းရင်းဆေးဦးစီးဌာနသည် အပတ်စဉ်စနေနေ့တိုင်း အောင်ဆန်းရပ်ကွက် ရွှေနံ့သာလမ်းရှိ ဆွမ်းလောင်းဓမ္မာရုံတွင် အခြေပြုလျက် ဒေသခံပြည်သူများအား တိုင်းရင်းဆေးများ အခမဲ့ကွင်းဆင်းကုသပေးလျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်ကလည်း ကျုံပျော်မြို့နယ် တိုင်းရင်းဆေးဦးစီးဌာနမှူး ဒေါ်ခိုင်ခိုင်ဝေ ဦးဆောင်သည့်အဖွဲ့က အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ဆေးဝါးကုသမှုများကို မြို့နယ် တိုင်းရင်းဆေးဦးစီးဌာနမှူး ဦးဆောင်သည့် ဝန်ထမ်းများက ကုသိုလ်ဖြစ်ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ဆေးဝါးများအတွက် ကုန်ကျမှုစရိတ်များကို ဆေးပဒေသာပင် အလှူရှင်များနှင့် တိုင်းရင်းဆေးဦးစီးဌာနတို့၏ ပူးပေါင်းလှူဒါန်းမှုဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ အခမဲ့ ဆေးဝါးကုသပေးရာသို့ ကျုံပျော်မြို့ မြို့ပေါ်ရပ်ကွက်များရှိ နာမကျန်းသူများသာမက ပတ်ဝန်းကျင်ကျေးရွာများမှ လေငန်း၊ အကြောရောဂါဖြစ်ပွားနေသူများပါ လာရောက်ကုသမှုခံယူလျက်ရှိကြပြီး အပတ်စဉ် အခမဲ့ကုသပေးနေမှုကြောင့် ဒေသခံပြည်သူများအတွက် များစွာအဆင်ပြေကြောင်းသိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# လီဗာပူး၊ စပါးတို့ အက်ဖ်အေဖလား တတိယအဆင့်ကို ကျော်ဖြတ်နိုင်ပါ့မလား

မိုးမြင့်လင်းလက်




အက်ဖ်အေဖလား တတိယအဆင့် ပြန်ကန်ပွဲစဉ်တွေကို ဇန်နဝါရီ ၂၀ ရက်နဲ့ ၂၁ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ လက်စတာနဲ့ စပါးပွဲစဉ်၊ လီဗာပူးနဲ့ အိတ်စ်တာတို့ရဲ့ ပွဲတွေက ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ အထူးသဖြင့် ဒီနှစ်မှာ ခြေစွမ်းကောင်းနေတဲ့ လက်စတာရဲ့ အတောက်ပဆုံး အောင်မြင်မှုတွေကို ဂုဏ်ပြုရမယ့်နှစ် ဖြစ်လာမလားဆိုတာ စောင့်ကြည့်စရာကောင်းနေတာတော့ အမှန်ပါပဲ။

**လက်စတာနှင့် စပါး**

နောက်ဆုံး တွေ့ဆုံခဲ့တဲ့ပွဲမှာတော့ လက်စတာတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားပါတယ်။ ပရီမီယာလိဂ်မှာတော့ လက်စတာတို့က တန်းစီဇယားကို ပြန်လည်စိုးမိုးထားပြီး စပါးတို့ကတော့ စတုတ္ထနေရာမှာ ရပ်တည်နေတဲ့အသင်းဖြစ်ပါတယ်။ တိုက်စစ်ပိုင်းမှာတော့ စပါးတို့က အမှားအယွင်းပိုနည်းပါတယ်။ လက်စတာတို့ရဲ့ အိမ်ကွင်းအားထုတ်မှု ကောင်းမွန်သလို စပါးတို့ကလည်း အဝေးကွင်းရလဒ်ကို အကောင်းဆုံး ဖော်ဆောင်နေပါတယ်။ လက်စတာရဲ့ တိုက်စစ်မှူးတွေကတော့ စပါးနောက်တန်းကို အကြိမ်ကြိမ် ထိုးဖောက်ဂိုးသွင်းဖို့ ကြိုးစားမှာဖြစ်ပေမယ့် စပါးရဲ့ ခံစစ်ကြောင်းက သိပ်သည်းတာမို့ ခက်ခဲပါလိမ့်မယ်။ ဒီပွဲက သရေရလဒ်ထွက်ပေါ်ဖို့တော့ များနေပါတယ်။

**လီဗာပူးနှင့် အိတ်စ်တာ**

ပြီးခဲ့တဲ့ ဇန်နဝါရီ ၉ ရက်မှာ တွေ့ဆုံခဲ့တဲ့ပွဲမှာတော့ နှစ်ဂိုးစီ သရေပွဲဖြစ်ထားပါတယ်။ သရေပွဲတွေ ဆက်တိုက် ထွက်ပေါ်နေတဲ့ လီဗာပူးတို့ကတော့ အက်ဖ်အေဖလားကို မျှော်မှန်းနေတာမို့ ဒီပွဲမှာ မဖြစ်မနေ နိုင်ပွဲကိုရအောင် ဖော်ထုတ်တော့မှာဖြစ်ပါတယ်။ လိဂ်-၂ ကလပ်ဖြစ်တဲ့ အိတ်စ်တာတို့ကတော့အခုပွဲမှာ အခြေအနေမကောင်းနိုင်ပါဘူး။ အသင်းလိုက်ကစားအားကောင်းတဲ့ အိတ်စ်တာတို့အတွက် အဝေးကွင်းမှာ လီဗာပူးတိုက်စစ်ကို ဟန့်တားရင်းနဲ့ အချိန်ကုန်သွားပါလိမ့်မယ်။

**ဘရက်ဖို့ဒ်နှင့် ဘူရီ**

ဘူရီကွင်းမှာ ကစားခဲ့တဲ့ပွဲရလဒ်ကတော့ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပါတယ်။ လိဂ်-၁ အသင်းတွေဖြစ်ပြီး လက်ရှိမှာ ခြေစွမ်းလည်းတူညီနေတာမို့ ဒီပွဲရလဒ်ကတော့ ပြတ်ပြတ်သားသားပုံဖော်ပါလိမ့်မယ်။ ဘူရီရဲ့ အားနည်းချက်က ခံစစ်ပိုင်း ဖြစ်ပြီးဘရက်ဖို့ဒ်တို့က တိုက်စစ်၊ ခံစစ်မျှအောင် အားထုတ်နိုင်တာ တွေ့ရပါတယ်။ ဘရက်ဖို့ဒ်တို့အတွက်တော့ ဒီပွဲဟာ နောက်တစ်ဆင့်တက်နိုင်ရေး အဓိကဖြစ်တာမို့ ရလဒ်ကောင်းကိုရအောင် စွမ်းဆောင်ပါလိမ့်မယ်။

**ဗီလာနှင့် ဝိုင်ကွန်ဘီ**

တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့အတွက် ဒီပွဲက အဆုံးအဖြတ်ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ ခြေစွမ်းကျဆင်းနေတဲ့ ဗီလာအတွက်တော့ ဂုဏ်သိက္ခာဆယ်ရမယ့်ပွဲဖြစ်ပြီး မဖြစ်မနေ အနိုင်ကစားရပါတော့မယ်။ လိဂ်-၂ အသင်းဖြစ်တဲ့ ဝိုင်ကွန်ဘီတို့ကတော့ ခြေစွမ်းကောင်းနေပြီး အသင်းကြီးတွေကို ခြေရည်တူကစားနိုင်နေပါတယ်။ ဗီလာတို့အတွက် ဂုဏ်သိက္ခာအတွက်ရော နောက်တစ်ဆင့်အတွက်ပါ အားထည့်ကစားရတော့မယ့်ပွဲဖြစ်တာမို့ အိမ်ရှင်တို့ အခွင့်ရေး ကောင်းရသွားနိုင်ပါတယ်။

**ပို့စ်မောက်နှင့် အစ်ဗ့စ်ချ်**

လိဂ်-၂ မှာ တန်းစီးဇယား စတုတ္ထနေရာမှာ ရပ်တည်နေတဲ့ ပို့စ်မောက်နဲ့ ချန်ပီယံရှစ်မှာ ခြေစွာနေတဲ့ အစ်ဗ့စ်ချ်တို့ပွဲကတော့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ ပို့စ်မောက်တို့ကတော့ လောလောဆယ်မှာ အိမ်ကွင်းရလဒ်မကောင်းပါဘူး။ အစ်ဗ့စ်ချ်တို့က ပထမအကျော့မှာ နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပေမယ့် အခုပွဲမှာ အနိုင်ရလဒ်ကို ရအောင် ပြန်လည်ရှာဖွေပါလိမ့်မယ်။ အစ်ဗ့စ်ချ်တို့အတွက် နောက်တစ်ဆင့်တက်ရေး ခြေကုန်ထုတ်မှာဖြစ်ပြီး အနိုင်ဆိုတာ အစ်ဗ့စ်ချ်တို့အတွက်ဆိုတာ အကြိတ်အနယ်ကစားကာ ပြသပါလိမ့်မယ်။ ။

---



## ကြိုးဝိုင်းအတွင်း ဝင်ရောက်စိန်ခေါ်ခဲ့တဲ့ တိုင်စန်ဖူရီ

အမေရိကန် လက်ဝှေ့သမား ဒီယိုတေးဝီလ်ဒါနဲ့ ပိုလန်လက်ဝှေ့သမား အာတူယာစပစ်ကာတို့ဟာ ဘရွတ်ကလင်းမြို့မှာ ဒဗလျူဘီစီဟဲဗီးဝိတ် ချန်ပီယံခါးပတ်လုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပါတယ်။ ဒီပွဲမှာ အမေရိကန် လက်ဝှေ့သမား ဝီလ်ဒါက ကိုးချီနဲ့ အလဲထိုးပြီး ချန်ပီယံ ခါးပတ်ကို ရယူသွားတာပါ။ ဝီလ်ဒါက ဒီဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်ကို သုံးကြိမ်မြောက်အဖြစ် ဆွတ်ခူးသွားခဲ့ပါတယ်။ ဒီပွဲအပြီး ထူးခြားချက် တစ်ရပ်ကတော့ မကြာသေးမီက ယူကရိန်းလက်ဝှေ့သမား ကလစ်ချ်ကိုအား အမှတ်နဲ့နိုင်ပြီး ဒဗလျူဘီအို ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာတဲ့ တိုင်စန်ဖူရီက ဆိုင်းမဆင့် ဗုံမဆင့် ကြိုးဝိုင်းအတွင်းဝင်ပြီး ဝီလ်ဒါးကို စိန်ခေါ်လိုက်ခြင်းဖြစ်ပါတယ်။ နိုဝင်ဘာလအတွင်းက ကလစ်ချ်ကိုအား ထိုးသတ် အနိုင်ယူပြီး ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာတဲ့ တိုင်စန်ဖူရီဟာ ဝီလ်ဒါးက စပစ်ကာကို အလဲထိုးတဲ့ပွဲကို စိတ်ဝင်တစား စောင့်ကြည့်ခဲ့ပြီး စိန်ခေါ်လိုက်တာပါ။

လက်ဝှေ့သမား နှစ်ဦးဟာ ကြိုးဝိုင်းအတွင်းမှာ ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြပါတယ်။ "ဟေ့ကောင် ဝီလ်ဒါး ငါမင်းနဲ့ ထိုးဖို့ဆိုရင် အချိန်မရွေး၊ နေရာမရွေးပဲကွ၊ ကြိုက်တဲ့အချိန် စိန်လိုက်၊ ထိုးသတ်ဖို့ အသင့်ပဲ"လို့ တိုင်စန်ဖူရီက စိန်ခေါ်ခဲ့ပြီး "ကျွန်တော်က ခင်ဗျားတိုင်စန်ဖူရီဆိုတာ သိပါတယ်။ တစ်ချိန်မှာ ကျွန်တော် ဘယ်လိုလူလဲဆိုတာလည်း ခင်ဗျားသိသွားရမှာပါ"လို့ ဝီလ်ဒါးကတုန့်ပြန် ပြောဆိုခဲ့ပါတယ်။

## ဘာစီလိုနာက စောင့်ကြည့်နေတဲ့ ဂွျန်စတုန်း

အဲဗာတန် နောက်တန်းကစားသမား ဂွျန်စတုန်းကို ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟိုလက်ထက်က ခေါ်ယူဖို့ ကြိမ်ဖန်များစွာ ကြိုးစားခဲ့ပါတယ်။ သို့ပေမယ့် အဲဗာတန်နည်းပြ မာတီနက်ဇ်ရဲ့ ဘူးတစ်လုံးကြောင့် အလုပ်မဖြစ်ခဲ့ကြပါဘူး။ အဲဗာတန်အသင်းမှာ ခြေစွမ်းပြလာတဲ့ ဂွျန်စတုန်းကို ပရီမီယာလိဂ်ကလပ်တွေသာမက စပိန်ထိပ်သီး ဘာစီလိုနာကပါ အနီးကပ်စောင့်ကြည့်လေ့လာနေပြီဖြစ်ပါတယ်။

အဲဗာတန်နဲ့ ချယ်လ်ဆီးတို့ ကစားခဲ့တဲ့ပွဲမှာ ဘာစီလိုနာ တာဝန်ရှိသူတွေက ဂွျန်စတုန်းကိုခေါ်ယူဖို့ အနီးကပ်စောင့်ကြည့်ခဲ့ကြတယ်လို့ ဆိုပါတယ်။ မန်ချက်စတာ နှစ်သင်းစလုံးနဲ့ အာဆင်နယ်ကပါ ဂွျန်စတုန်းကို ခေါ်ယူဖို့ စိတ်ဝင်စားခဲ့တာပါ။ စပိန်လာလီဂါ ချန်ပီယံ ဘာစီလိုနာကတော့ ပြီးခဲ့တဲ့နှစ်ကတည်းက ဂွျန်စတုန်းကို ခေါ်ယူဖို့ စောင့်ကြည့်နေတာပါလို့ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ အသက် ၂၁ နှစ်အရွယ် ဗဟိုခံစစ်မှူး ဂွျန်စတုန်းကို ချယ်လ်ဆီးက ပေါင် ၃၈ သန်း ပေးပြီး ကမ်းလှမ်းခဲ့ပေမယ့် မအောင်မြင်ဖြစ်ခဲ့ပြီးတဲ့နောက် ဂွျန်စတုန်းဟာ ဒီနှစ်ရာသီမှာ ပိုပြီး ခြေစွမ်းပြကစားလာတာ တွေ့ရပါတယ်။ သို့ပေမယ့် အဲဗာတန်နည်းပြ မာတီနက်ဇ်ကတော့ ဂွျန်စတုန်းဟာ အဓိကကစားသမားဖြစ်တဲ့အတွက် ဇန်နဝါရီလအပြောင်းအရွှေ့မှာ ရောင်းမှာမဟုတ်ဘူးလို့ ဆိုပါတယ်။

---

## မွန်ချန်ဂလာဘတ် ကွင်းလယ်ကစားသမားကို အာဆင်နယ်ပစ်မှတ်ထားနေ

ကောင်းမြတ်သူ
စုစည်းသည်။

ဂျာမန် ဘွန်ဒက်စ်လီဂါကလပ်တစ်ခုဖြစ်တဲ့ မွန်ချန်ဂလာဘတ် ကွင်းလယ်ကစားသမား ဂရန်းနစ်ဟာကာကို အာဆင်နယ်က ဘိုင်ယန်မြူးနစ်နဲ့ အပြိုင်ခေါ်ယူဖို့ ကြိုးစားနေပါတယ်။ ဟာကာဟာ ဒီနှစ်ရာသီမှာ သိသိသာသာ ခြေစွမ်းပြကစားလာတဲ့အတွက် ဥရောပထိပ်သီးကလပ်တွေက ခေါ်ယူဖို့ မျက်စိကျနေကြပါတယ်။ ဟာကာ အနေနဲ့ ကြေးကောင်းရမယ်ဆိုရင် အသင်းက ထွက်ခွာသွားနိုင်တယ်လို့ မွန်ချန်ဂလာဘတ် အားကစားဒါရိုက်တာ မက်ဇ်အီဘာက ဝန်ခံပြောဆိုလိုက်ပါတယ်။ ဟာကာဟာ ဒီနှစ်ရာသီမှာ မွန်ချန်ဂလာဘတ်နဲ့အတူ ၁၅ ပွဲပါဝင်ကစားခဲ့ရာမှာ သုံးဂိုးသွင်းယူပေးထားပါတယ်။ ဆွစ်ဇာလန်ကစားသမား ဟာကာဟာ မကြာသေးမီက မွန်ချန်ဂလာဘတ်အသင်းရဲ့ အသင်းခေါင်းဆောင် ဖြစ်လာခဲ့ပါတယ်။ အသင်းခေါင်းဆောင်ဖြစ်လာပြီး ခြေစွမ်းပြလာတဲ့အတွက် ဥရောပထိပ်သီးကလပ်တွေက ဟာကာကို ခေါ်ယူဖို့ ကြိုးစားလာကြပါတယ်။ အသက် ၂၃ နှစ်အရွယ်သာရှိသေးတဲ့ ဟာကာကို အာဆင်နယ်က အရခေါ်ယူသွားဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။



# ၂၀၁၆ ဘုရင့်နောင်စီးပွားရေးဇုန်လမ်းညွှန်စာအုပ် ထွက်ရှိရေး စာရင်းပြုစု

**ရန်ကုန် ဇန်နဝါရီ ၁၈**

စီးပွားရေးမြို့တော်ရန်ကုန်၏ အဓိကအချက်အချာကျသော ဘုရင့်နောင်ပွဲရုံနယ်မြေသို့ မြန်မာနိုင်ငံတစ်နံတစ်လျားမှ ကုန်စည်များအလွယ်တကူ စီးဆင်းနိုင်စေရန် ၂၀၁၆ ခုနှစ် ဘုရင့်နောင်စီးပွားရေးဇုန် လမ်းညွှန်စာအုပ်ထွက်ရှိရေးအတွက် စာရင်းပြုစုနေပြီဖြစ်ကာ လာမည့်ဧပြီလဆန်းပိုင်းတွင် ထွက်ရှိမည်ဖြစ်ကြောင်း ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း အကျိုးဆောင်အဖွဲ့မှ သိရသည်။

"ယခုနောက်ပိုင်းကာလတွေမှာ ဘုရင့်နောင်ကုန်စည်ဒိုင်ကို ဝင်ရောက်လာတဲ့ ကုန်စည်တွေဟာ တစ်နှစ်ထက်တစ်နှစ်တိုးလာတာ တွေ့ရပါတယ်။ ဒီကနေတစ်ဆင့် ကုန်စည်တွေကို လက်လီလက်ကားဖြန့်ချိရာ အဓိကနေရာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီလမ်းညွှန်စာအုပ် ထွက်ပေါ်ရေးအတွက် ဘုရင့်နောင် ပွဲရုံနယ်မြေမှာရှိတဲ့ ပွဲရုံအသီးသီးရဲ့ လိပ်စာတွေ၊ Email တွေ၊ ဆက်သွယ်ဖို့ ဖုန်းနံပါတ်တွေ၊ ကုန်စည်အမျိုးအစားတွေနဲ့ ဝန်ဆောင်မှုလုပ်ငန်း အသီးသီးကို စာတမ်းတွေပြုစု စာရင်းတွေကောက်နေပါပြီ။ ဒီလမ်းညွှန်စာအုပ် ထွက်ပေါ်လာပြီဆိုရင် တစ်နိုင်ငံလုံးမှာရှိတဲ့ အနယ်နယ်အရပ်ရပ်က ပွဲရုံကြီးတွေ ကုန်စည်ဒိုင်တွေဟာ ဘုရင့်နောင်ပွဲရုံနယ်မြေက ကုန်စည်ဒိုင်တွေကို အလွယ်တကူ ချိတ်ဆက်နိုင်မှာဖြစ်သလို ကုန်စည်တွေရဲ့ ဈေးနှုန်းအတက်အကျတွေ၊ ကုန်တင်ကုန်ချစရိတ်တွေကိုလည်း သိနိုင်မှာဖြစ်ပါတယ်"ဟု ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း အကျိုးဆောင်အဖွဲ့မှ တွဲဖက်ဘဏ္ဍာရေးမှူး ဦးအောင်ဇော်သက်က ပြောသည်။

ထိုလမ်းညွှန်စာအုပ် ထုတ်ဝေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း အကျိုးဆောင်အဖွဲ့နှင့် ငွေပင်လယ်မီဒီယာတို့ ပူးပေါင်းကာ စာရင်းပြုစုနေခြင်းဖြစ်သည်။

ဘုရင့်နောင်ပွဲရုံနယ်မြေ၊ ဘုရင့်နောင် ကားပစ္စည်းဈေး၊ သီရိမွန်ပလာဇာများမှ ပွဲရုံအသီးသီးရှိ ဆန်၊ ဆီ၊ စားသောက်ကုန်၊ ငါးပိ ငါးခြောက်၊ ပဲ၊ မွေးမြူရေးအစာ စသောပွဲရုံအမျိုးမျိုး၊ မော်တော်ကားအပိုပစ္စည်း၊ တာယာနှင့်အင်ဂျင်ဝိုင်၊ စက်နှင့်စက်အပိုပစ္စည်း၊ ထုပ်ပိုးပစ္စည်း၊ စိုက်ပျိုးရေးသုံး ပစ္စည်းစသောဆိုင်အမျိုးမျိုး၊ စားသောက်ဆိုင်များ၊ ဟိုတယ်နှင့်တည်းခိုခန်းများ၊ ဘဏ်များ၊ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ၊ အခြား အထွေထွေလုပ်ငန်းများစသည်ဖြင့် စာရင်းပြုစုနေကြောင်း သိရသည်။

**မျိုးမင်းသိမ်း(မရမ်းကုန်း)**




# ကျေးရွာချင်းဆက် နွမ်လော်ကြိုးတံတားသစ် ဖွင့်လှစ်

**ဝိုင်းမော် ဇန်နဝါရီ ၁၈**

ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာအုပ်စု ဝါရှောင်ကျေးရွာနှင့် ဂေါ်ဆက်ယန်ကျေးရွာကြား ဆက်သွယ်သော နွမ်လော်လူကူးကြိုးတံတားသစ် တည်ဆောက်ပြီးစီးသဖြင့် ဇန်နဝါရီ ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။

နွမ်လော်လူကူးကြိုးတံတားသည် အရှည် ပေ ၁၇၀၊ အကျယ် ၉ ပေ၊ အမြင့် ၁၆ ပေရှိပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၅၁ သန်းဖြင့် အောင်မြင်အေးချမ်းသာ ကုမ္ပဏီက ဆောက်လုပ်ခဲ့ခြင်းဖြစ်ကာ ဇန်နဝါရီ ၁၆ ရက်တွင် လုပ်ငန်းများပြီးစီးသဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကြိုးတံတားသစ်ကို မတ်လတွင် အပြီးတည်ဆောက်ရန် စီစဉ်ထားသော်လည်း သတ်မှတ်ကာလထက်စော၍ ဇန်နဝါရီလအတွင်း တည်ဆောက်ပြီးစီးကာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မူလက လူများသွားလာရန်ခက်ခဲသော ဝါးတံတားနေရာတွင် တည်ဆောက်ခဲ့ခြင်းဖြစ်၍ ယခုအခါ သုံးဘီးဆိုင်ကယ်များပင် ဖြတ်နိုင်သောတံတား ဖြစ်လာသဖြင့် ဒေသခံပြည်သူများ၏ သွားလာရေးအတွက် လွယ်ကူချောမွေ့လာပြီဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ဟသ်ာတတာတမံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဟသ်ာတ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်အတွင်းရှိ ဇလွန်မြို့နယ်နှင့် ဟသ်ာတမြို့နယ်များအတွင်းတွင် ဆောင်ရွက်လျက်ရှိသော မြစ်ကမ်းကာကွယ်ခြင်းလုပ်ငန်းများနှင့် တာတမံပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဟသ်ာတစည်ပင်တာ ပြုပြင်ခြင်းလုပ်ငန်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့်အဖွဲ့က ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဖြိုးမြင့်နှင့် ဟသ်ာတခရိုင် ဆည်မြောင်းဦးစီးဌာနမှူး ဦးသာယာတို့နှင့်အတူ ဟသ်ာတတာ တာမိုင်(၁၇/၄) မှ (၁၉/၀) အတွင်းရှိ ဝါသလပန်းတာ တောင့်တင်း ခိုင်မာစေရေးအတွက် တာခြေကန်ခြင်းလုပ်ငန်းများနှင့် တာတမံနှင့် မြစ်ကမ်းအခြေအနေများကိုလည်းကောင်း၊ ဟသ်ာတမြို့ တာငါးဆယ်တောင်ရပ်တွင် ဟသ်ာတစည်ပင်တာ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဟသ်ာတစည်ပင်တာ ပြုပြင်ထိန်းသိမ်းခြင်းကြောင့် ဟသ်ာတမြို့ပေါ်ရှိ ပျဉ်းမချောင်းရပ်ကွက်၊ ညောင်ပင်ရပ်ကွက်၊ တာငါးဆယ်မြောက်ရပ်ကွက်၊ တာငါးဆယ်တောင်ရပ်ကွက်၊ လက်သမားမြောက်ရပ်ကွက်တို့နှင့် ဝါသလတာ ပြုပြင်မှုကြောင့် ဧရာဝတီတိုင်းအတွင်းရှိ ဧက ၇၃၁၈၄ ကို ရေလွှမ်းမိုးမှု ကြုံတွေ့ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အရ အားကစားပြိုင်ပွဲကျင်းပ

**ပင်လုံ ဇန်နဝါရီ ၁၈**

မျိုးဆက်သစ်လူငယ်အားကစားသမားများ ပေါ်ထွန်းရေးအတွက် အားကစား ဝန်ကြီးဌာနကကြီးမှူး၍ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ကျင်းပသော လွိုင်လင်မြို့နယ် အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ပင်လုံမြို့ ပြည်သူ့အားကစားကွင်း၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်၊ ပင်လုံမြို့အုပ်ချုပ်ရေးမှူးဦးပြေငြိမ်းဦးနှင့် လွိုင်လင်ခရိုင် အားကစားနှင့် ကာယပညာဦးစီးမှူး ဦးကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများ၊ တိုင်းရင်းသားအဖွဲ့များက တေးသရုပ်ဖော်နှင့် ရိုးရာအကများဖြင့် ဖျော်ဖြေကာ ဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် နမ့်စန်မြို့နယ် လူငယ်အသင်းနှင့် ပအိုဝ်း FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘီလိယက်နှင့် ပြေးခုန်ပစ် အားကစားပြိုင်ပွဲများ ပါဝင်ပြီး ဘောလုံးပြိုင်ပွဲတွင် အသင်း ၁၅ သင်းနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်း ၁၅ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ အားကစားပြိုင်ပွဲအစီအစဉ်တွင် ပါဝင်သော မီနီမာရသွန်ပြိုင်ပွဲကိုလည်း နံနက်ပိုင်းက ကျင်းပခဲ့ပြီး လွိုင်လင်မြို့ မြို့မအားကစားကွင်းစုရပ်မှ ပင်လုံမြို့ အားကစားကွင်းသို့ ခြောက်မိုင်တာဝေးပြိုင်ပွဲဖြစ်ကာ အားကစားသမား ၃၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# Football King of the Cage ပြိုင်ပွဲအတွက် မန္တလေးမှ နှစ်သင်းရွေးချယ်

**မန္တလေး ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် Myanmar Brewery Limited တို့ ပူးပေါင်း၍ စီစဉ်ကျင်းပသော ပထမအကြိမ် Football King of the Cage ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မန္တလေးမြို့မှ ဝင်ရောက်ယှဉ်ပြိုင်မည့် အသင်းနှစ်သင်း ရွေးချယ်ရန်အတွက် ပြိုင်ပွဲကို မန္တလေး ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေး ပရိုမိုးရှင်းဧရိယာ၌ ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရွေးချယ်ပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ပြုလုပ်ကြောင်း၊ တစ်မြို့စီမှ အသင်းနှစ်သင်းစီ ရွေးချယ်ပြီး ဗိုလ်လုပွဲကို ရန်ကုန်မြို့ ရွှေထွဋ်တင်ကွင်း၌ ယှဉ်ပြိုင်ကြရမည်ဖြစ်ကာ ပထမဆု ကျပ်သိန်း ၂၀၊ ဒုတိယဆု ကျပ် ၁၀ သိန်းနှင့် တတိယနှစ်ဆုအတွက် ကျပ်ငါးသိန်းစီ ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဘောလုံးပြိုင်ပွဲနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များ၊ လာရောက်ကြည့်ရှုသူများအတွက် ဂိမ်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။ **ကျော်ထူး(မန္တလေး)**



## သတင်းတိုများ

### မြစ်မ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိုင်းတောင်(ရွာဟောင်း)ကျေးရွာ၌ ပြည်သူများ၏ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်းသုံးရာဖြင့် အကောင်အထည်ဖော်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် စီမံကိန်းရန်ပုံငွေ ပြုစုထိန်းသိမ်းထားမှုများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးနိုင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးစိုးသန်းတို့က ဇန်နဝါရီ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ဝ၆၂)**

### ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တစ်အိမ်တက်ဆင်းတိုက်ကျွေး

မကွေးတိုင်းဒေသကြီး စလင်းမြို့ပေါ်ရပ်ကွက်များ၌ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများကို စလင်းပြည်သူ့ဆေးရုံမှ သူနာပြုဆရာမများနှင့် ရပ်ကွက်များမှ ပြည်သူများပူးပေါင်း၍ ဇန်နဝါရီ ၁၀ ရက်မှ စတင်တိုက်ကျွေးလျက်ရှိကြောင်း၊ ကာကွယ်ဆေးတိုက်ကျွေးမှုများကို ရပ်ကွက်များသို့ တစ်အိမ်တက်ဆင်း လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်းဆင်း

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာ၌ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တစ်လကြာဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၄ ရက်က ကျင်းပခဲ့ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသူ ၂၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**သန်းနိုင်ဦး(ငဖဲ)**

# မြောက်ဦးလေယာဉ်ကွင်းစီမံကိန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေး




**စစ်တွေ ဇန်နဝါရီ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် တည်ဆောက်မည့် မြောက်ဦးလေယာဉ်ကွင်းစီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်ခဲ့ကာ လေယာဉ်ကွင်းတည်ဆောက်ရေး လုပ်ငန်းလိုအပ်ချက်များ၊ မြေယာလျော်ကြေးပေးမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်နှင့် ဝန်ကြီးများ၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ တင်ဒါအောင်မြင်သော ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး လေကြောင်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက မြောက်ဦးလေယာဉ်ကွင်း တည်ဆောက်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက လေယာဉ်ကွင်းတည်ဆောက်ခြင်း ရည်ရွယ်ချက်၊ လေယာဉ်ပြေးလမ်း တည်ဆောက်မည့် မြေနေရာ၊ လေယာဉ်ကွင်းတည်ဆောက်ရေးအတွက် လိုအပ်သည့် ဒေသထွက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ရရှိနိုင်မှု အခြေအနေများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဆုထူးစံဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လေယာဉ်ကွင်းတည်ဆောက်မည့် မြေနေရာအတွက် မြေယာလျော်ကြေးများ ပေးလျော်မှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီး အစည်းအဝေးတက်ရောက်သူများက လေယာဉ်ကွင်းတည်ဆောက်ရေးနှင့်ပတ်သက်၍ လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြသည်။

မြောက်ဦးမြို့သည် သမိုင်းဝင်ရှေးဟောင်းအမွေအနှစ်များ တည်ရှိရာမြို့တစ်မြို့ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံသားများအနေဖြင့် လေကြောင်း ခရီးဖြင့် ရာသီဥတုမရွေး အဆင်ပြေစွာ သွားလာနိုင်ရန် ရည်ရွယ်၍ မြောက်ဦးလေယာဉ်ကွင်းကို တည်ဆောက်ခြင်းဖြစ်ကြောင်း၊ မြောက်ဦးလေယာဉ်ကွင်းကို မြောက်ဦးမြို့၏ အရှေ့ဘက် ခြောက်မိုင်ခန့်အကွာ ပေါင်းတုတ်ကျေးရွာအလွန် နန်းကျားကျေးရွာရှိ စစ်တွေ-ရန်ကုန်ကားလမ်းဘေးတွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မြောက်ဦးမြို့တောင်ဘက်တွင် ယခင်က လေယာဉ်ကွင်းဟောင်းငယ်တစ်ခု ရှိခဲ့သော်လည်း အဆိုပါ လေယာဉ်ကွင်းဟောင်းကို မြေနေရာထပ်မံတိုးချဲ့ရန် ခက်ခဲသောကြောင့် မြောက်ဦးလေယာဉ်ကွင်းသစ်ကို နေရာသစ်ရှာဖွေပြီးတည်ဆောက်ရန်စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

လုပ်ငန်းပထမအဆင့်အနေဖြင့် ATR 72 လေယာဉ်များ ဆင်းသက်နိုင်သော အရှည် ပေ ၆၀၀၀၊ အကျယ် ပေ ၁၀၀ ရှိ နိုင်လွန်ကတ္တရာ လေယာဉ်ပြေးလမ်း တည်ဆောက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် Boeing 737-400 လေယာဉ်များ အထိ ဆင်းသက်နိုင်သော အရှည် ပေ ၈၅၀၀၊ အကျယ် ပေ ၁၀၀ ရှိ နိုင်လွန်ကတ္တရာလေယာဉ်ပြေးလမ်း တည်ဆောက်ခြင်း၊ တတိယအဆင့် အနေဖြင့် ပေါင်ချိန် ၈၀၀၀၀၀ ရှိ လေယာဉ်ကြီးများအထိ ဆင်းသက်နိုင်သော လေယာဉ်ပြေးလမ်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်ဝေ**

# ငါးခိုးဖမ်းနေသူများကြောင့် တရားဝင်ငါးမွေးသူများ အခက်တွေ့နေ

**ကျွန်းလှ ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်တွင် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပိုက်ကာစနစ်ဖြင့် ငါးမွေးမြူကြရာတွင် တရားမဝင် ငါးများဝင်ရောက်ဖမ်းဆီးနေသူများကြောင့် လိုင်စင်များဖြင့် တရားဝင်ငါးမွေးသူများ အခက်အခဲ ကြုံတွေ့နေရကြောင်းသိရသည်။

"ကျွန်တော်က ပိုက်ကာစနစ်နဲ့ ငါးမွေးလာတာ ခုနစ်နှစ်ရှိပါပြီ။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှု လျှော့ချရေးရန်ပုံငွေနဲ့ တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်းလုပ်ကိုင်ပြီး ဆည်အတွင်း ငါးမျိုးတစ်သိန်း စိုက်ထည့်နိုင်ခဲ့ပါတယ်။ အခု ပိုက်ကာစနစ်နဲ့ ငါးမျိုး နှစ်သိန်း စိုက်ထည့်မွေးမြူလာခဲ့တာ တစ်ကောင်ကို ၂၅ မှ ၅၀ ကျပ်သားအထိ ရှိနေပါပြီ။ အခု နေ့စဉ်လိုလို ပိုက်ကာအတွင်း တရားမဝင် ဝင်ရောက်ပြီး ငါးဖမ်းနေတာကြောင့် ကျပ်သိန်း ၃၀ မှ ၄၀ ဖိုးလောက်အထိ ဆုံးရှုံးနေပါတယ်"ဟု ငါးမွေးမြူသူတစ်ဦးဖြစ်သော ဦးဝင်းမြင့်ကပြောသည်။

အဆိုပါသဖန်းဆိပ်ဆည်အတွင်း ငါးဖမ်းသူများ၊ ပိုက်ကာစနစ်ဖြင့် ငါးမွေးမြူသူများကို ရေချိုငါးလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင် လိုင်စင်ချထားပေးရေး၊ လိုင်စင်စည်းကမ်းများနှင့်အညီ ငါးဖမ်းစေရေးနှင့် တရားမဝင်ငါးဖမ်းနည်းများ အသုံးမပြုရေး ပညာပေးလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်နေသည့်အပြင် လိုင်စင်မရှိဘဲ ငါးဖမ်းသူများအနေဖြင့် ပိုက်ကာစနစ်အတွင်း ငါးမဖမ်းရန်နှင့် အခြားနေရာတွင်သာ ဖမ်းကြရန် ငါးလုပ်ငန်းဦးစီးဌာနက လမ်းညွှန်ထားကြောင်းသိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေး

**ညောင်လေးပင် ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း ကျေးရွာများ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်းများမှ အတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကို ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကျေးရွာများမှ မြစိမ်းရောင်စီမံကိန်းကော်မတီဝင်များက စီမံကိန်းမှ အတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်(တတိယအကြိမ်)အတွက် စည်းကမ်းချက်များ ဖြည့်စွက်ပြင်ဆင်ရန်တို့ကို ဆွေးနွေးခဲ့ကြသည်။

ညောင်လေးပင်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို မယ်ဇလီခင်ကျေးရွာ၊ ကောက်ကွေ့ကျေးရွာ၊ ရေဆုံးကျေးရွာ၊ ကလိန်ခင်ကျေးရွာ၊ အရှေ့ဇီးကန်ကျေးရွာ၊ စစ်ကုန်းကျေးရွာ၊ အောင်းကြီးကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ ကဒါးကျေးရွာနှင့် ပြည်ကိုယ်တော်ကျေးရွာများ၌ ဆောင်ရွက်ထားကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



# ဆင်ခြေထောက်ရောဂါကာကွယ်ဆေးများ တိုက်ကျွေးလျက်ရှိ

**တပ်ကုန်း ဇန်နဝါရီ ၁၈**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ ဆင်ခြေထောက်ရောဂါ ကင်းဝေးစေရေးအတွက် ရောဂါကာကွယ်ဆေးများ ကွင်းဆင်းတိုက်ကျွေးခြင်းနှင့် ရောဂါအကြောင်း ပညာပေးလုပ်ငန်းများကို ဇန်နဝါရီ ၁၀ ရက်မှ စတင်ဆောင်ရွက်နေပြီး ၁၉ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဆရာ၊ ဆရာမများက မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများသို့ အဖွဲ့များခွဲကာ ကွင်းဆင်း၍ ဆင်ခြေထောက်ရောဂါ ဖြစ်ပွားခြင်းအကြောင်းရင်းများ၊ ရောဂါဖြစ်ပွားပုံအဆင့်ဆင့်၊ အသက်အရွယ်အပိုင်းအခြားအလိုက် ဆေးတိုက်ကျွေးမှုပုံစံများကို ပြည်သူများအား ရှင်းလင်းပြောကြားပြီး ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး လူကုန်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဇန်နဝါရီ ၁၀ရက် ညနေပိုင်းက ဆရာစံရပ်ကွက်၌ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။

ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ ဆင်ခြေထောက်ရောဂါကာကွယ်ဆေးတိုက်ကျွေးရာတွင် အသက် နှစ် နှစ်အောက် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ရောဂါတစ်ခုခု ဆိုးရွားစွာခံစားနေရသူများမှလွဲ၍ ကျန်ပြည်သူအားလုံးကို တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးတိုက်ကျွေးမှုများကို ဇန်နဝါရီ ၁၉ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# မြစိမ်းရောင်စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ပြင်ဦးလွင် ဇန်နဝါရီ ၁၈**

ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ထားသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းများမှ အတိုးငွေများဖြင့် ကျေးလက်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အကြံပြုဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၂ ရက်က ပြုလုပ်ခဲ့ရာ စီမံကိန်းဝင် ကျေးရွာ ၁၆ ရွာမှ စီမံကိန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ပြင်ဦးလွင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာတစ်ရွာ၌ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၅ ရွာ၌ ဆောင်ရွက်ခဲ့ရာ စီမံကိန်းဆောင်ရွက်ထားသော ကျေးရွာစုစုပေါင်း ၁၆ ရွာ ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ဟိုပင်မြို့မဈေး၌ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**ဟိုပင် ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် ဟိုပင်မြို့ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို ခရိုင်မီးသတ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် ဇန်နဝါရီ ၁၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ပြလေ့ကျင့်ရာတွင် မိုးညှင်းခရိုင် မီးသတ်ဦးစီးအရာရှိ ဦးစိုးထွန်းက မီးငြိမ်းသတ်နည်းနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရမည့် အချက်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဟိုပင်မြို့ အရန်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဈေးစည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ စည်ပင်သာယာရေးအဖွဲ့၏ ရေသယ်နှင့် မီးသတ်ယာဉ် နှစ်စီးနှင့် အရန်မီးသတ်တပ်ဖွဲ့မှ ရေသယ်နှင့် မီးသတ်ယာဉ် သုံးစီးကို အသုံးပြုကာ မီးငြိမ်းသတ်မှုများကို လက်တွေ့ သရုပ်ပြခဲ့ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးသူတို့ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုးတိုးမေ(ဟိုပင်)**

# တရားမဝင်တူးဖော်ထားသည်ဟုယူဆရသော ရွှေပါသည့် ကျောက်အိတ် ၅၀နှင့်အတူ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**ကသာ ဇန်နဝါရီ ၁၈**

ကသာခရိုင်ဗန်းမောက်မြို့မရဲစခန်းတွင် ဒုရဲမှူးခင်မောင်ဝင်းနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်က သတင်းအရဗန်းမောက်မြို့နယ် စုံးတော်ကျေးရွာအုပ်စုဝက်ခေါက် ရွှေမှော်ရဲစခန်းတောင်ဘက်မိုင်၂၀ ခန့် အရောက်၌ ကျောက်ရွှေများကို တရားမဝင် တူးဖော်ထားသည်ဟု ယူဆရသော ပီနံအိတ်များဖြင့်ထည့်ထားသည့် ပိုင်ရှင်မဲ့ရွှေပါသော ကျောက်အိတ် ၅၀၊ သံတူရွင်း လေးချောင်း၊ ပေါက်ပြားသုံးလက်၊ သံစို့ သုံးချောင်းနှင့် ဆိုင်ကယ်မျိုးစုံငါးစီးတို့ကို ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဗန်းမောက် မြို့မရဲစခန်းသို့ သယ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် ပစ္စည်းများကို ဗန်းမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အပ်နှံကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# တောင်ငူမြို့မှ သမိုင်းဝင်ကျုံးကြီးများ သန့်ရှင်းသာယာလှပရေး

သတင်းဆောင်းပါး - သူရ(တောင်ငူ)

**တောင်ငူ ဇန်နဝါရီ ၁၈**

တောင်ငူမြို့မှ နှစ်ပေါင်း ၅၀၀ ကျော်သက်တမ်းရှိ သမိုင်းဝင်ကျုံးကြီးများဖြစ်သော မြို့အရှေ့ဘက်ကျုံးနှင့် မြို့အနောက်ဘက်ကျုံးကြီးများ ပြန်လည်တူးဖော်ခြင်းနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ဇန်နဝါရီ ၁၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ကျုံးကြီးများအတွင်း ဗေဒါပင်များနှင့် ချုံနွယ်များ ပေါက်ရောက်ဖုံးလွှမ်းနေပြီး အချို့နေရာများတွင် တိမ်ကောလာမှုများကြောင့် ကျုံးများ ပျက်စီးပျောက်ကွယ်သွားနိုင်သဖြင့် သမိုင်းဝင်အမွေအနှစ် ကျုံးကြီးများကို ထိန်းသိမ်းရန်နှင့် သန့်ရှင်းသာယာလှပရန် ရည်ရွယ်၍ ကျုံးပတ်လည်ရှိ ဗေဒါချုံနွယ်နှင့် အမှိုက်များ ရှင်းလင်းခြင်း၊ တိမ်ကောနေသော နေရာများကို ပြန်လည် တူးဖော်ခြင်းတို့ကို ဒေသခံပြည်သူများနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ စုပေါင်းကာ စက်ယန္တရားအင်အား၊ လူအင်အားများဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။



တောင်ငူမြို့သည် မြို့လေးမျက်နှာပတ်လည်တွင် ကျုံးကြီးများရှိခဲ့ပြီး ရှေးဟောင်းကျုံးများကို ယခုတိုင် တွေ့မြင်နိုင်သည်။ သမိုင်းဝင်ကျုံးကြီးများဖြစ်သော မြို့အရှေ့ဘက်ကျုံးသည် အလျား ၆၉၉၁ ပေနှင့် အနံ ပေ ၁၈၀ (အကျယ် ၂၈ ဒသမ ၈၈ ဧက)၊ အနောက်ဘက်ကျုံးသည် အလျား ၇၀၃၂ ပေနှင့် အနံ ပေ ၁၈၀(အကျယ် ၂၉ ဒသမ ၀၆ ဧက)၊ တောင်ဘက်ကျုံးသည် အလျား ၇၂၃၂ ပေ၊ အနံ ပေ ၁၈၀(အကျယ် ၂၉ ဒသမ ၈၈ ဧက)နှင့် မြောက်ဘက်ကျုံးသည် အလျား ၇၄၅၂ ပေ၊ အနံ ပေ ၁၈၀ (အကျယ် ၃၀ ဒသမ ၇၈ ဧက) စုစုပေါင်း ကျုံးအရှည် ၂၈၇၀၆ ပေနှင့် အကျယ် ၁၁၈ ဒသမ ၆ ဧက ရှိကြောင်း မှတ်တမ်းများအရ သိရသည်။ တောင်ငူမြို့သည် နိုင်ငံခြားသား ခရီးသည်များ လာရောက်လည်ပတ်လေ့ရှိသော မြို့ဖြစ်ကာ အဆိုပါ သမိုင်းဝင်ကျုံးကြီးများသည် မြို့သို့စဝင်သည်နှင့် မြို့ပုံရိပ်အဖြစ် မြင်တွေ့နေရသော ကျုံးကြီးများလည်းဖြစ်သည်။

ယခုအခါတွင် အချို့ကျုံးများမှာ တစ်နှစ်ပတ်လုံး ရေရှိနေပြီး အချို့မှာ ခြောက်သွေ့ရာသီတွင် ရေအနည်းငယ်သာ ရှိတော့သည်။ ရှေးယခင်က ရန်သူများ ဖြတ်ကူးရန်ပင် ခက်ခဲခဲ့သော ကျုံးကြီးများမှာ ယခုအခါတွင် လူအများ၏ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ငါးဖမ်းခြင်းများကြောင့်လည်းကောင်း၊ နှစ်စဉ် မိုးရွာတိုင်း ကျုံးများအတွင်း စီးဝင်သော မြေသားရွံ့နွံများကြောင့်လည်းကောင်း တဖြည်းဖြည်း တိမ်ကောလာသလို ကျုံးအနီးတစ်ဝိုက်တွင် နွားစားကြက်များလုပ်ခြင်း၊ စိုက်ခင်းများစိုက်ခြင်း၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ်ကြီးများ စိုက်ထူခြင်းများကြောင့် ကျုံးသာယာလှပမှုကို အဟန့်အတားဖြစ်လာသည်။ တောင်ငူမြို့၏ ပုံရိပ်ဖြစ်ကာ ကျက်သရေရှိသည့် အလှအပတစ်ခုလည်းဖြစ်သော ကျုံးကြီးများအနီးတွင် ပုဂ္ဂလိကပိုင် စီးပွားရေးကြော်ငြာဆိုင်းဘုတ်ကြီးများက လွှမ်းမိုးနေရာယူလိုက်ခြင်းသည် မြို့၏ပုံရိပ်ကို ဖုံးကွယ်လိုက်သကဲ့သို့ ရှိသည်။

ထို့ကြောင့် တောင်ငူမြို့၏ သမိုင်းဝင်ကျုံးကြီးများ တိမ်ကောပျက်စီးလာခြင်း မရှိစေရန်နှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပလာစေရေးအတွက် မြို့ခံပြည်သူများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။

# မိဘမဲ့နှင့် ချို့တဲ့ကလေးငယ်များအတွက် ပညာအလင်းဆောင်ပေးမည့် ငါးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်းမကြီးဘေးရှိ ကုမာရာရာမ ပရဟိတ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ မိဘမဲ့နှင့် ချို့တဲ့ကလေးငယ် ၄၀၀ ခန့်အား အခြေခံပညာ အလင်းဆောင်ပေးနိုင်မည့် ငါးထပ်ကျောင်းဆောင်သစ်ကြီးကို သိဒ္ဓိဝင်မိသားစုက မတည်ဆောက်လုပ်လှူဒါန်းခဲ့ပြီး ရေစက်ချပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပခဲ့သည်။

"လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်တုန်းက ဘုန်းဘုန်းတို့ကျောင်းဟာ ဝါးတဲကျောင်းလေးဖြစ်ပြီး မိဘမဲ့ ကိုရင်လေး ကိုးပါးနဲ့ တည်ထောင်ခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းမှာ သစ်သားစာသင်ဆောင်အစုတ်ကြီးနဲ့ ကလေးတွေကို စာသင်ပေးခဲ့ရတယ်လေ။ မိုးရွာတဲ့အခါ ဟိုနားယို ဒီနားပေါက်နဲ့ ဘုန်းဘုန်းအနေနဲ့ စိတ်မကောင်းခဲ့ဘူး။ ဒါကို ပြန်ပြီးပြုပြင်ဖို့အတွက် ဘုန်းဘုန်းအနေနဲ့ အလှူရှင်တွေကို ကမ်းလှမ်းပြီး ကြိုးစားခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ သိဒ္ဓိဝင်မိသားစုနဲ့တွေ့ပြီး ဒါယကာကြီး ဦးတင်ထွန်းရဲ့ လျှောက်ထားချက်အရ သုံးထပ် စာသင် ကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းမယ်ဆိုတော့ ဝမ်းသာပီတိ ဖြစ်ခဲ့ရပါတယ်။ ဒါယကာကြီးကတော့ သုံးထပ်ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ အပေါ်ပိုင်း နှစ်ထပ်ကတော့ ဘုန်းဘုန်းရဲ့မတည်ငွေနဲ့ စေတနာရှင် အလှူရှင်များရဲ့ အများပေါင်းစုအလှူ ဖြစ်သွားတာပေါ့။ ကျောင်းဆောင်သစ်ရဲ့ အောက်ခံဖောင်ဒေးရှင်းကို နှစ်တစ်ရာခံ အာရ်စီနဲ့ ဆောက်လုပ်ခဲ့တာပါ။ တစ်နှစ်ထက်တစ်နှစ် ကလေးတွေကလည်း များလာတယ်လေ။ ကျောင်းမှာကတော့ လက်ရှိမှာ ခုနစ်တန်းအထိ ပညာသင်ကြားပေးနိုင်ပြီး နိုင်ငံတော်ကသာ ထပ်ပြီးခွင့်ပြုသွားမယ်ဆိုရင် ၁၀ တန်းအထိ တိုးချဲ့ဖွင့်လှစ်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကုမာရက မိန့်ကြားသည်။

လက်ရှိအချိန်တွင် ကျောင်း၌ မိဘမဲ့ကလေးငယ် ၂၀၀ နှင့် ပြင်ပမှ ချို့တဲ့သော မိသားစုများ၏ ကလေးငယ် ၂၀၀ စုစုပေါင်း ၄၀၀ ရှိနေပြီး အခြေခံပညာ သူငယ်တန်းမှ သတ္တမတန်းအထိ ပညာသင်ကြားပေးလျက်ရှိသည်။ မိဘမဲ့ကလေးများမှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တောင်ပေါ်ဒေသများမှ အများဆုံးဖြစ်ကြောင်း သိရသည်။ မူလတန်း၊ အလယ်တန်းအတွက် သင်ကြားပြသနေသော ဆရာ၊ ဆရာမ စုစုပေါင်း ၁၈ ဦးရှိပြီး ကျောင်းဝင်းအတွင်း ကလေးငယ်များအတွက် ကျန်းမာရေးဆေးပေးခန်းကိုလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

စာသင်ကျောင်းဆောင်ကြီးကို ဆောက်လုပ်လှူဒါန်းသော အလှူရှင် ဦးတင်ထွန်းက "စာသင်ဆောင်ကြီးကတစ်လွှာကို အလျား ၂၅ ပေ၊ အနံ ပေ ၇၀ အကျယ်အဝန်း ဆောက်လုပ်ထားပါတယ်။ ကျွန်တော် မတည်တာက သုံးထပ်ပါ။ ဆရာတော်နဲ့ ကျန်စုပေါင်း အလှူရှင်တွေက အပေါ်အပိုင်းဖြစ်တဲ့ ကျန်နှစ်ထပ်ကို ဆောက်လုပ် လှူဒါန်းခဲ့ပါတယ်။ အခုဆို ကလေးတွေ မိုးလုံလေလုံ စိတ်အေးချမ်းသာစွာ သက်သက်သာသာနဲ့ ပညာသင်ကြားနိုင်တော့မှာဖြစ်လို့ အရမ်း ဝမ်းသာပီတိ ဖြစ်မိပါတယ်"ဟု ပီတိစကားဆိုသည်။

ကုမာရာရာမ ပရဟိတ ဘုန်းတော်ကြီးကျောင်း၌ ကလေးငယ်များကို အသက်အငယ်ဆုံး ရှစ်လမှ ၁၃ နှစ်အထိ လက်ခံထားရှိပြီး အခြေခံပညာ ခုနစ်တန်းထိ ပညာသင်ကြားပေးလျက်ရှိသည်။ ကလေးငယ်များ၏ ပညာရေးအတွက် စေတနာရှင် အလှူရှင်များအနေဖြင့် လာရောက်လှူဒါန်းလိုပါက ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကုမာရ ဖုန်း - ၀၉-၅၀၈၁၀၀၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

**သတင်းဆောင်းပါး-စိုးဝင်း(SP)**

**ဓာတ်ပုံ-တင်လှမောင်**



# ရွှေခွကြီးတံတားတည်ဆောက်မှု ဖေဖော်ဝါရီလကုန်တွင် ပြီးစီးမည်

**ပေါက် ဇန်နဝါရီ ၁၈**

ပေါက်မြို့နယ် ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်-မတူပီ လမ်းမပေါ်ရှိ ရွှေခွကြီးချောင်းကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေး(၂) တံတားဦးစီးအဖွဲ့က တည်ဆောက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ပြီး ဖေဖော်ဝါရီလကုန်တွင် တည်ဆောက်မှုအားလုံး ပြီးစီးရန် ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါတံတားကို ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်း စတင်တည်ဆောက်ခဲ့ပြီး အရှည်ပေ ၁၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ၊ လူသွားလမ်းတစ်ဖက်လျှင် နှစ်ပေ၊ ရေလမ်းကင်းလွတ်အမြင့် ခုနစ်ပေ၊ ရေလမ်းကင်းလွတ် အကျယ် ၃၆ပေ၊ ခန်းဖွင့် ပေ ၄၀ သုံးခန်းနှင့် ပေ ၃၀ နှစ်ခန်းဖြင့် တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားဖြစ်ကြောင်း တည်ဆောက်ရေး (၂)တံတားဦးစီးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရွှေခွကြီးတံတားကို မတည်ဆောက်မီက မိုးတွင်းကာလများတွင် ချောင်းရေများကျပြီး ရွှံ့နွံများကြောင့် ချောင်းအကူးကုန်းမြင့်အတက်တွင် ယာဉ်များဘီးချော်ကာ ဖြတ်သန်းသွားလာရသော ကုန်တင်ယာဉ်များ၊ ခရီးသွားပြည်သူများမှာ ဒုက္ခရောက်ခဲ့ကြရကြောင်း၊ တံတားတည်ဆောက်ပြီးစီးပါက ဒေသခံပြည်သူများ၏ သွားလာရေးနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ရောင်းချရာတွင် လွယ်ကူချောမွေ့ကာ အဆင်ပြေစေမည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**ညဏ်တိုး(ပေါက်)**

## တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီ
# လေလံကြော်ငြာ

၁။ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၆ ခုနှစ် ဧပြီ ၁ရက်မှ ၂၀၁၇ခုနှစ် မတ် ၃၁ရက်အထိ တစ်နှစ်တာကာလ အပိုင်းအခြားအတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်(၃၅)ခုအား အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချသွားမည်ဖြစ်ပါသည်-

**လေလံရောင်းချမည့်အစီအစဉ်**

(က) **နေ့ရက်** - ၂၈-၁-၂၀၁၆ ရက် (ကြာသပတေးနေ့)
(ခ) **အချိန်** - နံနက် ၁၀း၀၀ နာရီ
(ဂ) **နေရာ** - မြို့တော်ခန်းမ၊ တောင်ကြီးမြို့

၂။ ပြည်ထောင်စုမြန်မာနိုင်ငံသား မည်သူမဆို အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ဆွဲဝယ်ယူလိုသူများသည် လေလံလျှောက်လွှာများနှင့် စည်းကမ်းချက်များကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စတင်ဝယ်ယူနိုင်ပြီး လျှောက်လွှာများအား ပြည့်စုံစွာဖြည့်စွက်၍ ပူးတွဲပါစာရွက်စာတမ်းများနှင့်အတူ ၂၆-၁-၂၀၁၆ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ပြရပါမည်။

၃။ နောက်ကျတင်သွင်းသော လျှောက်လွှာနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည့်စာရင်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုသော အချက်အလက်များ၊ မရှင်းလင်းသော အချက်အလက်များရှိပါက ရုံးချိန်အတွင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီသို့ လာရောက်မေးမြန်းသည့်အပြင် ဖုန်း-၀၈၁-၂၁၂၂၁၂၀၊ ၂၁၂၃၉၂၄၊ ၂၁၂၂၇၄၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီ**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်ချေးငွေ ODA Loan ဖြင့် ဆောင်ရွက်မည့် သရက်ချောင်းမြို့၊ ကျွန်းစုမြို့၊ ကော့သောင်းမြို့၊ မော်လမြိုင်မြို့နှင့် စစ်ကိုင်းမြို့ ရေရရှိရေးလုပ်ငန်းတို့အတွက် Civil Construction Work လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်လိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ပါသည်-

(က) သရက်ချောင်းမြို့၊ ကျွန်းစုမြို့နှင့် ကော့သောင်းမြို့ ရေရရှိရေးလုပ်ငန်း (Lot-5) Civil Construction Work
(ခ) မော်လမြိုင်မြို့နှင့် စစ်ကိုင်းမြို့ ရေရရှိရေးလုပ်ငန်း (Lot-5) Civil Construction Work

၂။ သရက်ချောင်းမြို့၊ ကျွန်းစုမြို့နှင့် ကော့သောင်းမြို့ ရေရရှိရေးလုပ်ငန်း (Lot-5) Civil Construction Work များ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၁၆-၂-၂၀၁၆ရက် နံနက် ၉း၁၅ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၆-၂-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ မော်လမြိုင်မြို့နှင့် စစ်ကိုင်းမြို့ ရေရရှိရေးလုပ်ငန်း၊ (Lot-5) Civil Construction Work များ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) များကို ၁၇-၂-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၁၇-၂-၂၀၁၆ ရက် နံနက် ၁၀း၁၅ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅ တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁

ဦးကြည်စိန် **နှင့်** ၁။ ဦးတင်မြင့် ၂။ ဦးအေးဝင်း ၃။ ဦးဌေးမြင့် ၄။ ဒေါ်ခင်မာကြူ ၅။ ဒေါ်မြမြထွေး

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ စီမံကိန်း(၁)၊ ချယ်ရီလမ်း၊ အမှတ် ၁၅နေ ဦးတင်မြင့်၊ ဦးအေးဝင်း၊ ဦးဌေးမြင့်၊ ဒေါ်ခင်မာကြူ၊ ဒေါ်မြမြထွေး (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

တရားလို ဦးကြည်စိန်က ပဋိညာဉ်အတိုင်း မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၇ရက် (၁၃၇၇ခုနှစ် ပြာသိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့ မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရူပါနေဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/တံဆွယ်ရပ်၊ မြေကွက်/ဦးပိုင်အမှတ် (၄၀ᶜ)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေကွက်အား ဒေါ်သဇင်ကို ၁၂/လသန(နိုင်)၀၂၁၃၈၅ (ဘ) ဦးလှကြိုင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများဖြင့် တင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်
